လယ်ယာ စီးပွား သတင်း
The Agri-Business News

မျှော်မှန်းချက် (Vision)
အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (8-4-2020) အမှတ် (၇၇၈)
www.moai.gov.mm

# ဆည်တမံကြီးများ ဘေးကင်းလုံခြုံရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပ ပညာရှင်များ ပူးပေါင်းမှုဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိ

# ရေလှောင်တမံဝန်းကျင်ဒေသ ဘေးကင်းလုံခြုံမှု တည်နေရာမြေပုံ ပြုစုတင်ပြ

နေပြည်တော် မတ် ၂၆

**ရေလှောင်တမံဝန်းကျင်ဒေသ၏ ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံပြုစုတင်ပြခြင်းကို ယနေ့ နေ့လယ်ပိုင်းက နေပြည်တော်ရုံးအမှတ် ၁၅ ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။**



ရေးဦးစွာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က HEC - RAS Model နှင့် GIS နည်းပညာများ အသုံးပြု၍ ဘေးကင်းလုံခြုံမှုတည်နေရာပြမြေပုံပြုစုမှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ ပြောင်းလဲလာလျက်ရှိနေသည့် ရာသီဥတု၏ သက်ရောက်မှုဒဏ်ကို ကမ္ဘာ့ဒေသအသီးသီးတွင် ခံစားကြရလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် စားနပ်ရိက္ခာဖူလုံပို့လျှံရေးသာမက အစားအစာဘေးကင်းလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများ အနည်းဆုံးအဆင့်ဖြစ်စေရေး ကြိုတင်အစီအမံများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေသောက်သုံးရေရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် တည်ဆောက်ထားရှိသော ဆည်တမံကြီးများ၏ ဘေးကင်းလုံခြုံရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပပညာရှင်များ၏ ပူးပေါင်းမှုတို့ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် တမံကြီးများ ထိခိုက်မှုဖြစ်ပေါ်ခဲ့ပါက ဒေသနေပြည်သူများ ဘေးကင်းလုံခြုံမှုရှိရာသို့ အမြန်ဆုံးရောင်တိမ်းနိုင်မည့် အနီးဆုံးခိုလှုံရာနေရာများ ရှာဖွေဖော်ထုတ်ခြင်း၊ ရေလမ်းကြောင်းအခြေအနေ၊ ရေလွှမ်းနိုင်မည့် ဧရိယာများကို ဒေသနေပြည်သူများအား အသိပေးလမ်းညွှန်နိုင်မည့် ဘေးကင်းလုံခြုံမှုတည်နေရာပြမြေပုံ ဖော်ထုတ်ရေးဆွဲခြင်းကို ယခုဆောင်ရွက်မည့် တောင်နဝင်းဆည်ကဲ့သို့ နိုင်ငံတစ်ဝန်းရှိ အခြားဆည်များကိုလည်း ဦးစားပေးအလိုက် စနစ်တကျရေးဆွဲဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ (ပုံ)

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေလှောင်တမံများ ဘေးကင်းလုံခြုံမှု (Dam Safety) လုပ်ငန်းစဉ်များကို ယခင်ထက်ပို၍ အလေးထားဆောင်ရွက်လျက်ရှိရာတွင် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးစီမံချက် (Emergency Preparedness Plan) ကို ရေးဆွဲပြီး လိုက်နာအကောင်အထည်ဖော်လျက်ရှိသည်။ EPP ရေးဆွဲဆောင်ရွက်ရာတွင် အဓိကကျသည့် ဘေးကင်းလုံခြုံမှုတည်နေရာပြမြေပုံပြုစု

စာ - ၂ သို့

# မြန်မာ့ရေထွက်ပစ္စည်းများ တရုတ်နိုင်ငံသို့ မကြာမီ ပိုမိုတင်ပို့နိုင်တော့မည်

**မြန်မာနိုင်ငံ၏ရေထွက်ပစ္စည်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ကုန်သွယ်မှု အဟန့်အတားမဖြစ်ပေါ်စေရေးတွက် တရုတ်နိုင်ငံအကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) နှင့် သံတမန်နည်းလမ်းအရ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။**



ယင်းသို့ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံ GACC သို့ ရေထွက်ကုန်ပစ္စည်း အမယ်ပေါင်း ၁၈၇ မျိုးနှင့်ပတ်သက် သည့် စာရင်းဇယားအချက်အလက်များ လည်းပေးပို့ထားပြီး၊ တရုတ်နိုင်ငံဘက်မှ ပေးပို့လာသည့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ မေးမြန်းချက်များကိုလည်း သံတမန်နည်းလမ်းအရ ဆောင်ရွက်လျက်ရှိသည် ဆို၏။

ယင်းသို့ဆောင်ရွက်ချက်အရ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့ခွင့်ရှိသည့်ကုမ္ပဏီပေါင်း ၁၁၁ ခုရှိပြီး တင်ပို့နိုင်သည့် အမယ်ပေါင်း ၁၀၁ မျိုးရှိသည်ဟု သိရသည်။ ယင်းနှင့်ပတ်သက်၍ လေ့လာနိုင်ရန် တရားဝင် Website.http://www.gaccfoodsafe တွင် ဖော်ပြထားသည်ဟု သိရသည်။

ထို့ပြင် မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေထွက်ပစ္စည်းများ လွယ်ကူစွာတင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ GACC တို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် ရောဂါပိုးမွှားကင်းစင်ရေး



ဆိုင်ရာ သဘောတူစာချုပ်မူကြမ်း)ကို သဘောတူညီမှုရရှိပြီးဖြစ်၍ လက်မှတ်ရေးထိုးပြီးစီးပါက မြန်မာ့ရေထွက်ပစ္စည်းများ ပိုမိုတင်ပို့လာနိုင်တော့မည်ဖြစ်သည်ဟု သိရသည်။

**ABN**

Source: Commerce journal Vol.20/No11

နှစ်ပြောင်းချိန် နှုတ်ခွန်းဆက်ဖြင့် နှစ်သစ်ကို ကြို

# ပြည်ကျိုးဆောင်၍ အောင်စေသား



မြင်းမူမောင်နိုင်မိုး

● ဥဩတွန်၍၊ နွေမွှန်တပေါင်း
ကြွေလွင့်ညှောင်းသော်
ရွက်ဟောင်းကလေးတွေ ကြွေ ကြွေ ကြွေ
လေရူးကလေးတွေ မွှေ မွှေ မွှေ
မြူရိုးကလေးတွေ ဝေ ဝေ ဝေ။

● ပြောင်းလဲခြင်းက၊ နိယာမ မို့
မိုးမှသည် ဆောင်း၊ ဆောင်းမှသည် နွေ
သုံးထွေရာသီ၊ တည်ငြိမ်ကင်းမဲ့
ရှိပေခဲ့လည်း
အိုဘယ့် – လယ်ယာ၊ လုပ်ခွင်မှာကား
ထာဝရတာဝန်၊ ထမ်းကျေပွန်ရန်
မွန်မြတ်စိတ်ထား၊ လယ်သမားတို့
ကြိုးစားဆောင်ရွက်နေပါကြောင်း။
စပါးဆန်ရေ ကြွယ်စေကြောင်း။
ခေတ်တိုင်းမှာလျှင် သူရဲကောင်း။

● အို . . . လယ်ယာမြေဆီ
အခြေတည်၍ တိုင်းပြည်စီးပွား
ကြွယ်ဝပြောအောင်၊ ကြိုးစားလို့လ
အားထုတ်ကြသည့်၊ မြန်မာ့ခွန်အား
လယ်သမားတို့ . . .

● များမကြာမီ၊ ငါတို့ပြည်ဝယ်
လျှပ်ခြည်ပြိုးပြက်၊ တလက်လက်နှင့်
မိုးစက်ဝေဝေ၊ သွန်းဖြိုးပေလိမ့်
လေသံမိုးသံ၊ တည်ညံနှင့်
မြန်မာ့လယ်တော၊ သာပြန့်ပြောလိမ့်
ပေါကြွယ်နေ၊ စီးပွားလှဖို့
ခုကပင်လျှင်၊ ငါတို့ပြင်စို့
ထွန်ငင်ထယ်ရေး၊ ငါတို့တွေးစို့
ငြိမ်းအေးသာယာ၊ ပြည်မြန်မာအတွက်
ငါတို့ခွန်အား မွေးစို့တကား။
လယ်ယာစီးပွားချစ်သူများ။
ပြည်ကျိုးဆောင်၍ အောင်စေသား။

မြန်မာ့နှစ်သစ်ကို ကြိုဆိုလျက်
မြင်းမူ မောင်နိုင်မိုး

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာနိုင်ငံ စီမံကိန်း ၂၂ ခုအတွက် တရုတ်နိုင်ငံမှ ရန်ပုံငွေလွှဲပြောင်း




နေပြည်တော် မတ် ၂၃

**မဲခေါင်**–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၀) ဖြင့် မြန်မာနိုင်ငံဝန်ကြီးဌာန ၁၀ ခုမှ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိသော စီမံကိန်း ၂၂ ခုအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့်မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကျန်းဟိုင်တို့ တက်ရောက် လက်မှတ်ရေးထိုးကြသည်။ (ပုံ)

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီမံကိန်း အကောင်အထည်ဖော်မည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တရုတ်နိုင်ငံမှ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့်စီမံကိန်း ၂၂ ခုအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းကျော်ကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ သုတေသန၊ သတင်းအချက်အလက်နည်းပညာ၊ တရားဥပဒေစိုးမိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ ရင်းနှီးမြှုပ်နှံမှု နယ်ပယ်တို့တွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မဲခေါင်–လန်ချန်းအထူးရန်ပုံငွေ ၂၀၁၇ ဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းကိုလည်းကောင်း၊ မဲခေါင်–လန်ချန်းအထူးရန်ပုံငွေ ၂၀၁၈ ဖြင့် စီမံကိန်း ၁၉ ခုအတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ သန်းကိုလည်းကောင်း မြန်မာနိုင်ငံသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ၁၇ ကြိမ်မြောက် အာဆီယံ–တရုတ် ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် မစ္စတာလီခချန်း၏ စတင်အဆိုပြုချက်အရ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်သည် မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ လေးနှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။

မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အောက်တွင် ပေါင်းစည်းဆက်နွှယ်ရေး၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဟူသည့် ဦးစားပေးနယ်ပယ်ငါးခုဖြင့် စတင်ပူးပေါင်းဆောင်ရွက်လျက်ရှိခဲ့ရာမှ နောက်ပိုင်းတွင် မဲခေါင်ဒေသ၏ လိုအပ်ချက်များအရ ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင်လည်း တိုးချဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

---

**ရှေ့ဖုံး – ဆည်တမံကြီးများ မှ**

ခြင်းကို ကနဦးစီမံချက် (Pilot Project) အနေဖြင့် တောင်နဝင်းရေလှောင်တမံကို ရွေးချယ်၍ နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်သည့် World Bank, USACE နှင့် KRC တို့၏ နည်းပညာအကူအညီများဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ရေလှောင်တမံအောက်ဘက်ဒေသများတွင် နေထိုင်လျက်ရှိကြသည့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်မှုမရှိစေရန် တမံများကြံ့ခိုင်မှုနှင့် လုံခြုံရေးအစီအမံများ စနစ်တကျရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း မမျှော်လင့်သော သဘာဝဘေးများကြောင့် ရေလှောင်တမံ ကျိုးပေါက်မှု ဖြစ်ပေါ်လာပါက ဒေသနေပြည်သူများအတွက် ဘေးကင်းလုံခြုံသည့် ကုန်းမြင့်တည်နေရာများ သိရှိရောင်တိမ်းနိုင်ကြစေရန် ဒေသ၏လက်ရှိမြေမျက်နှာအသွင်အပြင်အရ ရေလမ်းကြောင်း၊ ရေစီးနှုန်း ကြာမြင့်ချိန် ဖြစ်ပေါ်လာနိုင်သည့် ရေပြင်အတိမ်အနက်၊ ရေလွတ်ကုန်းမြေတို့ ပါဝင်သည့် ဘေးကင်းလုံခြုံမှု တည်နေရာမြေပုံကို ဒေသခံပြည်သူများအား ကြိုတင်ချပြပေးခြင်းဖြင့် ဘေးလွတ်ရာသို့ အန္တရာယ်ကင်းရှင်းစွာ ရောက်ရှိစေမည်ဖြစ်သည်။

အဆိုပါလုပ်ငန်း၏ ကနဦးစီမံချက်အဖြစ် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံဧရိယာတွင် စတင်ဆောင်ရွက်ခြင်းဖြစ်ကာ ၂၀၂၀ ပြည့်နှစ် မိုးရာသီကာလမတိုင်မီ ဒေသနေပြည်သူများအား ချပြရှင်းလင်းခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး ကျန်ရှိသော ရေလှောင်တမံများကိုလည်း ဦးစားပေးအလိုက် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

---

# သားတက်ဆင့်ပွားစိုက်ပျိုးနည်းပညာ ရိတ်သိမ်းနည်းပညာဖြင့် ထုတ်ဝေပြီး စပါးမျိုးများနှင့်ပတ်သက်၍ အကျိုးသက်ရောက်မှု လေ့လာခြင်းသုတေသန

**စိုက်**ပျိုးရေးသုတေသနဦးစီးဌာန၊ ရေအသုံးချရေးသုတေသနဌာနစုသည် သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေဘဲ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားရေး ရည်မှန်းချက်ထား၍ တောင်သူများ အကျိုးရှိစေမည့် ရေအသုံးချရေးဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ရရှိလာသောသုတေသနရလဒ်များကို လက်တွေ့အသုံးချနိုင်ရေးအတွက် နည်းပညာများဖြန့်ဝေပေးနိုင်ရန် မျှော်မှန်းချက်ဖြင့် သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။




ရေအသုံးချရေးသုတေသနဌာနစုအနေဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုး၊ စိုက်ပျိုးစရိတ်နှင့်သွင်းအားစုများဖြစ်သော စိုက်ပျိုးရေ၊ ဓာတ်မြေဩဇာနှင့် လုပ်သားချွေတာနိုင်သည့် သားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာ (SALIBU) ကို သုတေသနပြုလေ့လာခဲ့ပြီး၊ တောင်သူများဖိတ်ခေါ်၍ ကွင်းသရုပ်ပြပွဲများပြုလုပ်ကာ နည်းပညာဖြန့်ဝေခဲ့ပြီး ဖြစ်သည်။

လက်ရှိတွင် စပါးရိတ်သိမ်းရာ၌ ရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) ကို အသုံးပြုရိတ်သိမ်းခြင်းကို ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိခြင်းကြောင့် သားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာအတွက် အဟန့်အတားများ ဖြစ်လာသည်။

သို့ဖြစ်၍ သားတက်ဆင့်ပွားစိုက်ပျိုးနည်းပညာသုံးရာတွင် ဒုတိယအကြိမ်ရိုးပြတ်ကို စက်ဖြင့်တစ်ခါဖြတ်ပေးရသည့် ကုန်ကျစရိတ်ကို လျှော့ချရန်နှင့် ရိတ်သိမ်းနည်းပညာဖြင့် သားတက်ဆင့်ပွားစပါးပင်တို့၏ အထွက်နှုန်းအပေါ် အကျိုးသက်ရောက်မှုကို လေ့လာရန် ရည်ရွယ်ချက်ဖြင့် ရေအသုံးချရေးသုတေသနဌာနစုတာဝန်ခံ သုတေသနဌာနမှူး ဒေါက်တာခင်မာထွေး၏ ကြီးကြပ်မှုဖြင့် ဦးကျော်မြိုင်နှင့် သုတေသနပညာရှင်များက သားတက်ဆင့်ပွားစိုက်ပျိုးနည်းပညာတွင် ရိတ်သိမ်းနည်းပညာတို့၏ ထုတ်ဝေပြီး စပါးမျိုးများအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်းသုတေသနကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသုတေသနတွင် စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းနှင့် သမားရိုးကျလုပ်အားဖြင့် ရိတ်သိမ်းခြင်း စမ်းသပ်ချက်များ၏ ထုတ်ဝေပြီး စပါးမျိုးသစ် ၁၁ မျိုးအပေါ် သားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာ၏ အကျိုးသက်ရောက်မှုကို လေ့လာသွားမည်ဖြစ်ကာ ထပ်ပြုကြိမ်သုံးကြိမ်ဖြင့် စမ်းသပ်ဆောင်ရွက် သုတေသနပြုခြင်းဖြစ်သည်။



**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

---

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်ခြင်း

ယနေ့အချိန်တွင် COVID -19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ လုပ်ငန်းများကို အမျိုးသားအဆင့် ဆောင်ရွက်လျက်ရှိရာတွင် တောင်သူလယ်သမားဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများ အချိန်မီဆောင်ရွက်ရန် အခက်အခဲများ တွေ့ကြုံလာနိုင်ပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်မှု မထိခိုက်စေရန်တို့အတွက် လူအင်အားအနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်ရေး၊ စိုက်ပျိုးရေးနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြရန်အလို့ငှာ စက်မှုလယ်ယာဦးစီးဌာနက စွမ်းအားရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တောင်သူဦးကြီးများနှင့် စိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် နီးစပ်ရာ စက်မှုလယ်ယာစခန်းများတွင်လည်းကောင်း၊ အောက်ပါ ဖုန်းနံပါတ်များသို့လည်းကောင်း ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | – | ၀၉၅၀၀၇၅၇၆၊ ၀၆၇၃၄၃၁၂၁၀ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | – | ၀၉၂၅၀၂၈၉၂၉၉၊ ၀၆၇၃၄၃၁၂၁၂ |
| ညွှန်ကြားရေးမှူး (လုပ်ငန်း) | – | ၀၉၄၂၂၀၀၀၂၂၁ |
| ညွှန်ကြားရေးမှူးချုပ်ရုံး | – | ၀၆၇၃၄၃၁၂၃၄ |
| စက်မှုလယ်ယာဦးစီးဌာန (လုပ်ငန်းဌာနခွဲ) | – | ၀၆၇၃၄၃၁၂၁၈ |

တိုင်းဒေသကြီးနှင့်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနရုံးများ၊

မြို့နယ်စက်မှုလယ်ယာစခန်းများ။

စီးပွား သတင်း
The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**သတင်းအင်အားစု**
သိန်းဇေ၊ အင်ပင်သန်းဌေးအောင်၊
မော်ကွန်းမြင့်အောင်
မာမာတင့်(မြင်းခြံ)၊
ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (မန္တလေး)၊
ဇော်နိုင်ဝင်း (မုံရွာ)၊
တင်မလတ် (မော်လမြိုင်)၊
ညောင်ဦးဖိုး၊ အောင်နိုင် (ပခုက္ကူ)၊
ကြေးမုံယံ၊ ဖြူမာချို (ရန်ကုန်)၊
မြတ်သဉ္ဇာလှိုင် (ဘားအံ)၊

**ထုတ်ဝေသူ**
**ဦးမျိုးတင့်ထွန်း**
မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**
**ဦးမောင်နီ**
မြဲ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ဓါင်းစီးအလုံး**
သက်မော်

**ဒီဇိုင်း**
စိုးဟန်၊ ခင်နွယ်နီအောင်သိန်း

**ဖလင်၊ ကာလာခွဲ**
မြကျွန်းသာ

**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စီမံကိန်းဦးစီးဌာန



**ဆက်သွယ်ရန်**
**လယ်ယာစီးပွားသတင်း**
**ကမ္ဘာအေးဘုရားလမ်း၊**
**စိမ်းလဲ့မေလမ်းသွယ်**
**ရန်ကင်းစာတိုက် ရန်ကုန်မြို့**
**ဖုန်း–၆၆၃၅၀၅**
Email:agribusinessnews2000@gmail.com


အယ်ဒီတာ့အာဘော်

# ခေတ်မီရေသွင်းစနစ်များဖြင့် ပြည်တွင်းပြည်ပထုတ်ကုန် မြှင့်တင်

မြန်မာနိုင်ငံတွင် မိုးကောင်းသောက်ဒေသနှင့်ဆည်ရေသောက် (မြစ်ရေတင်အပါအဝင်) ဒေသများအဖြစ် သတ်မှတ်ကာ စိုက်ပျိုးရေးကို ဆောင်ရွက်လျက်ရှိရာ အပူပိုင်းဒေသတွင် ရေသွင်းစိုက်ပျိုးလျက်ရှိသည့် စိုက်ဧကကိုးသောင်းအတွက် ခေတ်မီရေသွင်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရန် စတင်အကောင်အထည်ဖော်နေပြီ ဖြစ်သည်။

ယင်းဒေသများတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်းရှိ ဆည်ရေသောက်စနစ်များ ပါဝင်လျက်ရှိသည်။

ထိုအနက်မှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ချောင်းမကြီးဆည်ရေသောက်စနစ်နှင့်မကွေးတိုင်းဒေသကြီးအတွင်းရှိ နတ်မောက်ဆည်ရေသောက်စနစ်များတွင် စတင်အကောင်အထည်ဖော်မည်ဟု သိရသည်။

စီမံကိန်းတစ်ခုလုံးအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သစ်ဆုံ၊ သင်ပုံး၊ မိတ္ထီလာကန်နှင့် ချောင်းကောက်ဆည်ရေသောက်စနစ်များ၊ မကွေးတိုင်းဒေသကြီး အတွင်းရှိ ရန်ပယ်၊ ကင်ပွန်းတောင်၊ စွန်ချောင်းနှင့်ဆဒ္ဒန်ဆည်ရေသောက်စနစ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျီးပင်အက်ဆည်ရေသောက်စနစ်အပါအဝင် စုစုပေါင်းဆည်ရေသောက်စနစ် "၁၁"ခုကို ခေတ်မီတိုးတက်အောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါစီမံကိန်းသည် ရေသွင်းစိုက်ပျိုးမှုဧရိယာ၊ လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း "Irrigated Agriculture Inclusive Development Project - IAIDP) ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (AFD) နှင့် ဥရောပသမဂ္ဂအဖွဲ့အစည်း (EU) တို့ ပူးပေါင်းအကောင်အထည်ဖော်ခြင်းဖြစ်ကာ ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီထံမှ ချေးငွေယူရှိ ၂၅ သန်းချေးယူရန် ချေးငွေသဘောတူစာချုပ်ကို ပြီးခဲ့သည့်စက်တင်ဘာ ၂၅ ရက်က ချုပ်ဆိုရေးထိုးခဲ့ပြီး ယခုအခါလုပ်ငန်းများ စတင်ဆောင်ရွက်နေခြင်း ဖြစ်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဒေသများသည် စိုက်ပျိုးရေရရှိရေးအတွက် ဆည်ရေ၊ မြစ်ရေတင်နှင့်မြေအောက်ရေကိုသာ အားထားဆောင်ရွက်နေကြရခြင်းဖြစ်သည်။

ထို့ပြင် ယခင်နှစ်က ရာသီဥတုအခြေအနေအရ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဓိကဆည်တာမံကြီးများအတွင်း ရေဝင်ရောက်မှုနှင့် ထိန်းသိမ်းနိုင်မှု လျော့ပါးခဲ့သဖြင့် ဆည်ရေကိုအားထားနေကြရသောဒေသများတွင် ဆည်ရေအပြည့်အဝဖြန့်ဖြူးပေးနိုင်ခြင်းမရှိတော့သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် အဆိုပါဒေသများသို့ကွင်းဆင်းကာ စိုက်ပျိုးရေလိုအပ်မှုနည်းပြီး စီးပွားရေးတွက်ခြေကိုက်မည့်သီးနှံများ အချိန်မီပြောင်းလဲစိုက်ပျိုးကြရန် ပံ့ပိုးညွှန်ကြားမှုများ ပြုခဲ့ရသည်။

သို့သော် ယခုကဲ့သို့ နိုင်ငံတော်က အမြော်အမြင်ကြီးမားစွာဖြင့် ကျွမ်းကျင်ပညာရှင်များ၏ လေ့လာသုံးသပ်အကြံပြုချက်နှင့်အညီ **"လိုလျှင်ကြံဆနည်းလမ်းရ"** ဆိုစကားအတိုင်း အချိန်မီကုစားပေးလိုက်နိုင်ပြီဖြစ်၍ နောင်အခါတွင် အဆိုပါဒေသများသည် စိုက်ပျိုးရေအတွက် စိတ်ချလာရတော့မည် ဖြစ်သည်။

အမှန်စင်စစ် အဆိုပါတိုင်းဒေသကြီးများရှိ ဆည်တာတမံကြီးများမှ ဆည်ရေသောက်သုံးခွင့်ရရန် အဓိကလိုအပ်နေမှုမှာ ရေပေးမြောင်း၊ ရေသွယ်မြောင်းများ ပြည့်စုံကောင်းမွန်ရေးပင် ဖြစ်သည်။

ယခုစီမံကိန်းကြီးသည် ရေသွင်းစိုက်ဧကကိုးသောင်းအတွက် ရေသွင်းစနစ်များကို အဓိကအကောင်အထည်ဖော်ပေးမည့်စီမံကိန်းကြီးဖြစ်၍ မကြာမီတွင် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေမလွဲမသွေရရှိလာတော့မည်ဟု မျှော်လင့်ရပေသည်။

ထိုအခါတွင် စီမံကိန်း၏အကျိုးရလဒ်ကို လက်ငင်းခံစားလာကြရမည့် မကွေး၊ ရမည်းသင်း၊ မိတ္ထီလာနှင့်ရွှေဘိုလေးခရိုင်တွင် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့်ဥယျာဉ်ခြံထွက်သီးနှံများကို ခေတ်မီရေသွင်းစနစ်များအသုံးပြု၍ တန်ဖိုးကွင်းဆက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု (Supply Chain) အချိုးညီစွာ မြှင့်တင်ထုတ်လုပ်လာနိုင်တော့မည်ဖြစ်၍ ပို့ကုန်သီးနှံများကိုပါ တိုးချဲ့ထုတ်လုပ်သွားကြရန် တိုက်တွန်းအပ်ပေသည်။ ။

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

**၆နှ** အပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်း စားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။

နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်းစသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။

ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။

ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။

အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုရန်။

ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နူန်း (၂၅–၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကို ဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။

ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှု ဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြည်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။

အစာကျွေးပြီးပါက အစာကျန်များရှိ၊ မရှိကို ပုံမှန်စစ်ဆေးရန်။

မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။

ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။

ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**



## COVID - 19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးဆွေးနွေးပွဲနှင့် စားဖိုဆောင်ရိက္ခာများ ထောက်ပံ့ပေးအပ်ပွဲ မုံရွာတွင် ကျင်းပ

မုံရွာ မတ် ၂၀

COVID - 19 ရောဂါ ယခုလက်ရှိဖြစ်ပွားမှုအခြေအနေနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများ အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၃ နာရီက မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင်ကျင်းပရာ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများအား အဆိုပါရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးဆွေးနွေးပြီး စားဖိုဆောင်ရိက္ခာများ ထောက်ပံ့ပေးအပ်သည်။ (ပုံ)

ကေခိုင်ယုဇော် (မုံရွာ)

## လယ်ယာစီးပွားသတင်းဂျာနယ် မဟာသင်္ကြန်ရက်များတွင် နားမည်

လယ်ယာစီးပွားသတင်းဂျာနယ် အမှတ် ၇၇၈ ကို ၈.၄.၂၀၂၀ ရက်တွင် ထုတ်ဝေပြီး မဟာသင်္ကြန်ရက်များတွင် ခေတ္တရပ်နားပါမည်။

**အယ်ဒီတာ**

# သစ်ရွက်များတည်ဆောက်ပုံနှင့် ရွက်ဖျန်းမြေဩဇာများ အသုံးပြုခြင်း၊ အရွက်များမှ အာဟာရအဖြစ် စုပ်ယူခြင်း

အောင်ဆန်း (စိုက်ပျိုးရေး)



**သစ်ပင်များရှိ သစ်ရွက်များသည် ပုံစံအမျိုးမျိုးရှိကြသည်။ အချို့ရွက်ပြားကြီးကြီး၊ အချို့ရွက်ပြားလိပ်၊ အချို့ ရွက်ပြားမျှင်မျှင်ချွန်ချွန်၊ အချို့ရွက်ဝိုင်း၊ အချို့ပင်စည်တူရွက်တူ (ရှားစောင်းလက်ပပ်)၊ အချို့ ရွက်နားဆူးပါသည်။ (နာနတ်)။ အချို့ ဖယောင်းလွှာပါသည်။ (သစ်ခွမျိုးစုံ)။ အချို့အမွေးကလေးများပါသည်။ အချို့အရွက်သည် ထောင်မတ်သည်။ အချို့အရွက်၏ ရွက်ပြားများသည် မြေမျက်နှာပြင်နှင့်အပြိုင်ရှိသည်။ ဤသို့အရွက်များ၏ပုံစံအမျိုးမျိုးတည်ရှိနေခြင်းသည် ရွက်ဖျန်းမြေဩဇာအရည်၊ အပင်အားဆေးအရည်၊ ဖျော်စပ်သုံးရသောဆေးအရည်များ အသုံးပြုရာတွင် တစ်မျိုးနှင့်တစ်မျိုး တုံ့ပြန်မှုမတူညီကြသည်ကို တွေ့ရသည်။**

သီးနှံပင်များသည် မိမိရှင်သန်ကြီးထွား၊ မျိုးဆက်ပွားများနိုင်ရန် အာဟာရ ၁၆ မျိုး လိုအပ်သည်။ အချို့သောအာဟာရများကို အပင်အမြစ်များက မြေဆီလွှာတွင်းမှ စုပ်ယူရရှိသည်။ အချို့သော အာဟာရများ အရွက်များက လေမှ စုပ်ယူသည်။ မြေဆီလွှာအတွင်း အမြစ်မှစုပ်ယူရန် ခက်ခဲသောသီးနှံပင်များ၊ အချိန်တိုအတွင်း ထိရောက်သောအာနိသင်ရရှိစေလိုသောအပင်များကို အရွက်ဖျန်းစနစ် အသုံးပြုလာကြသည်။ ငရုတ်ကောင်း၊ သစ်ခွ၊ သစ်ကပ်မျိုးနွယ်ပန်းပင်စသည်တို့သည် မြေဆီလွှာနှင့်အမြစ်ထိတွေ့မှုမရှိနိုင်၍ အရွက်ဖျန်းကို အရွက်ကိုလောင်စေနိုင်ပါသည်။ ပုံသေသတ်မှတ်သုံးစွဲခြင်း မပြုလုပ်သင့်ပါ။ အပင်တစ်ပင်တွင် အရွက် ၁၅ ရွက်ခန့်ရှိသော ငရုတ်စိုက်ခင်းနှင့် အပင်တစ်ပင်တွင် ရွက်အုံကြီး၍ ရွက်ပြားကြီးသော အရွက် ၁၀ ရွက်ရှိသည့်ခရမ်းပင်နှင့်အရွက်ဖျန်းဆေးပမာဏမတူညီနိုင်ပေ။ ယေဘုယျအားဖြင့် စိုက်ခင်းတစ်ဧကလျှင် အရွက်ဖျန်းအရည် ဂါလန် ၂၀-၅၀-၁၀၀ အထိ အသုံးပြုနိုင်ပါသည်။

အရွက်ဖျန်းအရည်ပက်ဖျန်းရာတွင် ဖျန်းသည့်စနစ်သည်အဓိကသော့ချက် ဖြစ်ပါသည်။ သီးနှံပင်ရှိ အရွက်အိုများနှင့်နုပျိုသောအရွက်များသည် အရွက်ဖြစ်သည်။

သစ်ခွအမျိုးမျိုးများ၊ ဖယောင်းလွှာဖုံးအုပ်ထားသော အရွက်အမျိုးမျိုးများကို အရွက်ဖျန်းအားဆေးရည်ဖျန်းပါက အမြစ်ဇုန်အရွက်အားလုံးစိုရွှဲအောင်ဖျန်းပေးရန်နှင့် ဆေးဖျန်းခေါင်းမှ ဆေးထွက်အရည်အမှုန်သည် သေးငယ်လွန်းသမျှ သေးငယ်သောဆေးမှုန်ထွက်သော ဆေးဖျန်းခေါင်းကို အသုံးပြုသင့်ပါသည်။ အရွက်ဖျန်းအရည်အမျိုးမျိုးကို အသုံးပြုရာတွင် ရာသီဥတုပူပြင်းခြင်း၊ အေးခြင်း၊ သီးနှံအမျိုးအစားပေါ်တွင် မူတည်၍အသုံးပြုရမည်ဖြစ်သည်။ နေပူရှိန်ပြင်းနေပါက အရွက်နနယ်နေပါက ဆေးနှုန်းထားနှင့်ပမာဏကို လျှော့ချရန် ဖြစ်ပါသည်။ ဆေးပမာဏများပါက အရွက်ဖျားလောင်သွားစေနိုင်ပါသည်။ အများအားဖြင့် အရွက်ဖျန်းမြေဩဇာအရည်ကို ၀၁၁သမ၂ မှ ၀၁၁သမ၅ ရာခိုင်နှုန်းသာ သုံးသင့်ပါသည်။ ရေလေးဂါလန်လျှင် ဓာတ်မြေဩဇာနှစ်ကျပ်သားသာသုံးရန် ဖြစ်ပါသည်။ အရွက်ဖျန်းအရည်ဖျန်းပြီးပါက အချိန်နှစ်နာရီကြာအတွင်း တစ်ကြိမ်ထပ်မံထည့်ပေးလျှင် ပြောင်းဖူးအောင်စေ့များများရရှိနိုင်သည်။

ပဲမျိုးစုံသီးနှံဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ဆီထွက်သီးနှံ၊ မြေပဲတို့တွင် အရွက်ဖျန်းဓာတ်မြေဩဇာအရည်ထည့်ပေးခြင်းက အထွက်သိသိသာသာတိုးစေနိုင်သည်။ မတ်ပဲ၊ ပဲတီစိမ်းတွင် အပင်သက် ၂၅ ကျပ်သားခန့်တွင် ကိုင်းထွက်အားကောင်းစေရန် နိုက်ထရိုဂျင်ဓာတ်များများ၊ ဖော့စ်ဖရပ်ဓာတ်အသင့်အတင့်၊ ပိုတက်စီယမ်၊ ဆာလ်ဖာဓာတ်အသင့်အတင့်ပါဝင်သော အရွက်ဖျန်းဓာတ်မြေဩဇာအရည် ငါးရက်ခြားနှစ်ကြိမ်ဖျန်းပေးရန် လိုသည်။ ထို့ပြင် ပန်းမပွင့်မီတစ်ကြိမ်နှင့် ပန်းပွင့်သန္ဓေအောင်ပြီးအတောင့်စထွက်ချိန်တွင် ၂ကြိမ် မှ ၃ ကြိမ်ငါးရက်ခြား၍ နိုက်ထရိုဂျင်ဓာတ်အသင့်အတင့်၊ ဖော့စ်ဖရပ်ဓာတ်၊ ပိုတက်စီယမ်ဓာတ်၊ ဆာလ်ဖာဓာတ်များများပါဝင်သော အရွက်ဖျန်းမြေဩဇာအရည်ဖျန်းပေးလျှင် အတောင့်ကြီး၊ အောင်စေ့များ၍ အထွက်တိုးစေပါသည်။ အထူးသဖြင့် ပန်းပွင့်ပြီးစီးချိန်တွင် ယူရီးယား အသုံးပြုခြင်းက ပိုမိုထိရောက်သည်။ အဆိုပါအပင်များသည် အရွက်ဖျန်းမှရရှိသော အာဟာရကိုသာ ရာနှုန်းပြည့်မှီခိုနေကြရခြင်း ဖြစ်သည်။

အရွက်ဖျန်းမြေဩဇာအရည်၊ အပင်အားတိုးဆေးရည်၊ ဖျော်စပ်သုံးရသောဆေးရည်များ (လက်ချားမှုန့်ဖျော်ရည်၊ ပိုတက်စီယမ်နိုက်ထရိတ်ဖျော်ရည်---စသည်) သီးနှံပင်များကိုဖျန်းပါက တုံ့ပြန်မှုမြန်သည်။ အကျိုးသက်ရောက်မှုများသည် အရွက်ဖျန်းများသည် အာနိသင်ကောင်းသည်။ သီးနှံများအထွက်တိုးစေရန် သိသိသာသာအကျိုးပြုသည်။ သို့သော် အချို့သောသီးနှံများအတွက် စီးပွားရေးတွက်ခြေအလွန်ကိုက်သည်။ ဥပမာ-ငရုတ်၊ ပဲတောင့်ရှည်၊ ခရမ်း၊ ခရမ်းချဉ်သီးနှံတို့တွင် အရွက်ဖျန်းသည့်အထွက်နှုန်း ၅၀ ရာခိုင်နှုန်း တိုးသည်ဟု ဆိုပါသည်။ အလားတူပင် စပါးနို့ရည်တည်ချိန်နှစ်ကြိမ်ခန့် ဖျန်းပေးခြင်း၊ ပဲမျိုးစုံ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲပန်းဖြိုင်ဖြိုင်ပွင့်ချိန် သုံးကြိမ်ခန့် ဖျန်းပေးလျှင် အထွက်နှုန်း ၃၅ ရာခိုင်နှုန်းပိုသည်ဟု ဆိုပါသည်။

သီးနှံများတွင် အရွက်ဖျန်းအသုံးပြုရာတွင် သတိပြုရမည့်အချက်မှာ အရွက်ဖျန်းအားဆေးပမာဏ၊ ပက်ဖျန်းပုံစနစ်၊ ပက်ဖျန်းရမည့် အချိန်တို့ကို တိတိကျကျလိုက်နာမှသာ ပို၍ထိရောက်မှုရှိသည်။ အရွက်ဖျန်းရည်ပမာဏမှာ မိမိပက်ဖျန်းမည့်သီးနှံအမျိုးအစား၏ရွက်အုံပမာဏပေါ်တွင်သာ မူတည်ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ရွက်အုံပမာဏ ထူထူသီးနှံပင်များသည် အရွက်ဧရိယာများသဖြင့် ဆေးပမာဏပိုသုံးရန် လိုအပ်ပါသည်။ ရွက်အုံပမာဏကျဲသောသီးနှံပင်များအတွက်မူ ဆေးပမာဏကို ချင့်ချိန်သုံးစွဲရန် လိုအပ်ပါသည်။ ပမာဏများပါက ဖျန်းအရည်စုပ်ယူမှုနှုန်းမတူညီကြပေ။ နုပျိုသော အရွက်များက အစာအာဟာရအရည်ကို ပိုမိုစုပ်ယူနိုင်စွမ်းရှိကြသည်။ အရွက်နုများကို ပို၍ဖျန်းပေးသင့်ပါသည်။ သီးနှံပင်အရွက်များက အရွက်ဖျန်း အရည်တွင်ပါဝင်သောအာဟာရကို စုပ်ယူရာတွင် အရွက်အောက်မျက်နှာပြင်ရှိ စတိုမာတာအပေါက်များက စုပ်ယူပါသည်။ သစ်ရွက်၏အောက်မျက်နှာပြင်တွင် အရွက်အမျိုးအစားပေါ်လိုက်၍ တစ်စတုရန်း မီလီမီတာတွင် စတိုမာတာအပေါက်ကလေးများ (၅၀-၃၀၀)ထိ ပါဝင်သည်။ ၎င်းစတိုမာတာအပေါက်များမှ အာဟာရကို ၉၀ ရာခိုင်နှုန်း စုပ်ယူသည်ဟု ဆိုသည်။

စတိုမာတာဆိုသည်မှာ ကျောက်ကပ်ပုံကွေးနေသော ဆဲလ်နှစ်ခုယှဉ်၍ ဖြစ်တည်နေခြင်းဖြစ်သည်။ ၎င်းဆဲလ်နှစ်ခုကြားတွင် အပေါက်သဖွယ်ဖြစ်နေသည်။ ၎င်းအပေါက်မှနေ၍ အစာအာဟာရရည်ကို စုပ်ယူခြင်းဖြစ်သည်။ ၎င်းဆဲလ်နှစ်ခု၏ အပိတ်အဖွင့်ကို ပိုတက်စီယမ်ဓာတ်က အကူအညီပေးသည်။ စတိုမာတာများသည် နံနက်ပိုင်း ၈ နာရီမှ ၁၁ နာရီအတွင်း ပွင့်၍ နေ့လယ်ပိုင်းတွင် ပြန်ပိတ်သွားပါသည်။

သို့ပါ၍ အရွက်ဖျန်းအရည်များကို ဖျန်းမည်ဆိုပါက နံနက် ၈ နာရီမှ ၁၁ နာရီအတွင်း ဖျန်းမှသာ ပို၍ထိရောက်မှုရှိသည်။ ဆေးဖျန်းရာတွင်လည်း ဆေးဖျန်းခေါင်းကို ပက်လက်လှန်၍ အရွက်အုံကြား၊ အရွက်အောက်မျက်နှာပြင်ထိသွင်း၍ စိုရွှဲအောင်ဖျန်းရန် လိုအပ်ပါသည်။ အရွက်အပေါ် မျက်နှာပြင်မှ ဖျန်းလျှင် မထိရောက်နိုင်ပေ။ အဟောသိကံသာ ဖြစ်သွားပါမည်။ အကယ်၍ နံနက် ၁၁ နာရီထိ ဖျန်း၍မပြီးစီးပါက ဆက်လက်မဖျန်းဘဲ ရပ်ထားရန်နှင့် နောက်နေ့နံနက်မှ ဆက်လက်ပက်ဖျန်းရန် အရွက်အတွင်း စတိုမာတာအပေါက်ကလေးများမှ ဝင်သွားပါသည်။ အရွက်ဖျန်းအရည်ဖျန်းပြီး ချက်ချင်း မိုးရွာပါက ထပ်မံဖျန်းပေးရန် လိုအပ်ပါသည်။ အရွက်ဖျန်းအရည်၏သက်တမ်းမှာ ငါးရက်ဖြစ်ပါသည်။

တောင်သူလယ်သမားကြီးများ စိုက်ပျိုးသော သီးနှံများမှာ စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ ဖြစ်ကြသည်။ သီးနှံတိုင်းတွင် အပင်ဇီဝကမ္မအရ (၁) အပင်ကြီးထွားမှုအဆင့်၊ (၂) သန္ဓေကြီးထွားဖြစ်တည်မှုအဆင့်၊ (၃) ရင့်မှည့်မှုအဆင့်ဟူ၍ ရှိကြသည်။ အရွက်ဖျန်းအရည်များ (အထူးသဖြင့် ဓာတ်မြေဩဇာနှင့် အပင်အားတိုးဆေးရည်များ) အသုံးပြုရာတွင် အဆိုပါဇီဝကမ္မအဆင့်လိုက် ပက်ဖျန်းရန် ဆုံးဖြတ်ကြရသည်။ ဆုံးဖြတ်သည့် အဆင့်နှင့်ပက်ဖျန်းရန်အချိန်မှန်ကန်မှသာ ထိရောက်မှုရရှိသည်။

စပါးသီးနှံတွင် အပင်ပိုင်းကြီးထွားမှုအဆင့်တွင် အရွက်ဖျန်းဓာတ်မြေဩဇာအရည်သုံးစွဲရန် မလိုအပ်ပေ။ စပါးမှို့မကပ်မီတစ်ပတ်အလိုတစ်ကြိမ်၊ အနှံစုံချိန်တွင် ဖော့စဖရပ်ဓာတ်နှင့် ပိုတက်စီယမ်ပါဝင်မှုများသော အရွက်ဖျန်းဓာတ်မြေဩဇာအရည်နှစ်ကြိမ်နှင့် အနှံစုံချိန် ၈၅ ရာခိုင်နှုန်းစုံချိန်တွင်တစ်ကြိမ်၊ ပန်းပွင့်စုံပြီးနို့ရည်တည်ချိန်တွင် တစ်ကြိမ် ပက်ဖျန်းပေးခြင်းက ပို၍ ထိရောက်မှုရှိသည်။ အစေ့ထုတ်ပြောင်းတွင်မူ အရွက်ဖျန်းဓာတ်မြေဩဇာအရည်အသုံးပြုခြင်းထက် ပြောင်းဖူး၊ ဖူးကင်းပေါ်စအချိန်တွင် ဖော့စဖရပ်ဓာတ်နှင့်ပိုတက်စီယမ်၊ ဆာလ်ဖာပါသော ဓာတ်မြေဩဇာကို စိုက်မြောင်းကြားထည့်၍ မြေဖုံးပေးခြင်းက ပိုမိုထိရောက်သည်။ ပြောင်းဖူးမြိတ်ဆာထွက်ပြီး မြေဩဇာလေးဇွန်း၊ လက်ချားအမှုန့်(ဘိုရွန်)တစ်ဇွန်း၊ ရေလေးဂါလန်နှင့်ရော၍ ဖျော်ပြီး တစ်ဧကရေဂါလန် ၂၀ ဖြင့် ဖျန်းပေးလျှင် ပဲအထွက်ကောင်း၍ ပဲစေ့အရောင်အသွေးတောက်ပပြီး အလုံးကြီးစေပါသည်။ မြေပဲသီးနှံကိုမူ စွယ်ချချိန်တွင် ဖော့စ်ဖရပ်၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ ဆာလ်ဖာပါသည့် မြေဩဇာအရည်ကို အသုံးပြုသင့်ပါသည်။

အရွက်စားဟင်းသီးဟင်းရွက်များတွင်မူ အပင်ကြီးထွားမှုအဆင့်တွင် အရွက်ဖျန်းမြေဩဇာအရည်အသုံးပြုခြင်းက ပို၍ထိရောက်မှုရှိပါသည်။ (ဥပမာ-မုန်ညင်း၊ မုန်လာ၊ မုန်လာထုပ်)၊ ပန်းမုန်လာနှင့် ဥစားများတွင် ပန်းဖူးပေါ်စ ဥဆင်းကာစအချိန်တွင် အရွက်ဖျန်းမြေဩဇာအရည်အသုံးပြုသင့်ပါသည်။ သစ်သီးဝလံများဖြစ်သည့် သရက်၊ ကျွဲကော၊ သံပရာ၊ လိမ္မော်စသည်များအတွက် ပန်းဖူးပေါ်စပန်းမပွင့်မီတွင် နိုက်ထရိုဂျင်ဓာတ်အသင့်အတင့်၊ ဖော့စ်ဖရပ်ဓာတ်၊ ပိုတက်စီယမ်ဓာတ်၊ ဆာလ်ဖာဓာတ်များများပါသော အရွက်ဖျန်းဓာတ်မြေဩဇာအရည်ကို နှစ်ကြိမ်နှင့် ပန်းပွင့်ပြီးသန္ဓေအောင်သီးလုံးလောက်စာလုံးခန့်မှစ၍ နှစ်ကြိမ်ဖျန်းပေးပါက အသီးကြွေနှုန်းနည်းစေမည်။ အသီးအရောင်အသွေးတောက်ပမည်။ အတွင်းသားနူးညံ့ချိုမွှေးမည်ဖြစ်သည်။

သို့ပါ၍ တောင်သူလယ်သမားကြီးများအနေဖြင့် မိမိသီးနှံများအထွက်တိုးစေရန်အတွက် အရွက်ဖျန်းမြေဩဇာအရည်၊ အပင်အားတိုးဆေးအရည်များအသုံးပြုကြရာတွင် သုံးစွဲသည့် ဆေးနှုန်းထားမှန်ကန်ရေး၊ ပက်ဖျန်းသည့်စနစ်မှန်ကန်ရေး၊ ပက်ဖျန်းရမည့်အပင်ဇီဝကမ္မအဆင့်နှင့် အချိန် မှန်ကန်ရေးများကို အထူးအလေးအနက်ထားပြီး ဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ရပါသည်။ ■

ရေးပြချင်တဲ့ အတွေးတစ်မျှင်

# ခက် ခဲ လှ သည့် မြတ် ဒါ န



မြတ်စိုး(လှိုင်)

**"မေမေကြီး၊ ဖေဖေကြီးက အသက်ရနေပြီနော်၊ ဘယ်မှလျှောက်မသွားနဲ့၊ ဖြစ်နိုင်ရင် အင်းလျားမှာတောင် ခါတိုင်းလို လမ်းသွားမလျှောက်သင့်ဘူး၊ အိမ်မှာပဲ နေသင့်တယ်"**

မိုင် ၅၀၀ ခန့်အကွာ နယ်မှာနေသည့် သမီးကြီးထံမှ စောစောစီးစီး ဖုန်းဝင်လာခြင်းဖြစ်သည်။ သူဆက်သည့် ရက်တွင် မြန်ပြည်တစ်ခွင် ကိုဗစ် ၁၉ လူနာနှစ်ဦးသာ စတင်တွေ့ရှိသည့်သတင်း နိုင်ငံတော်က တရားဝင်ထုတ်ပြန်နေ့ ဖြစ်သည်။

ထိုသတင်းကြောင့် အဆိုပါနေ့ နံနက်တွင် ဈေးအချို့၊ ဆိုင်အချို့၌ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ကုန်တိုက်တစ်ချို့တွင် လူသုံးကုန်ပစ္စည်းများ အရောင်းပြတ်သလောက် နီးပါး ဖြစ်သွားသည်။

သို့သော် လူ့သဘာဝအရ စိုးရိမ်စိတ်များဖြင့် ဝယ်ကြခြမ်းကြ၊ စုဆောင်းကြခြင်းဖြစ်သော်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ကိုဗစ် ၁၉ ဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့် ပတ်သက်ပြီး ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းလွှင့်ထုတ်ပြီးနောက် ယခင်ကလောက် စိုးရိမ်စိတ်မြင့်တက်မှု မများကြတော့ဘဲ သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနများ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းလက်တွဲကြီးကြပ်ကူညီပေးကြသဖြင့် အတန်အသင့်တည်ငြိမ်မှု ပြန်လည်ကောင်းမွန်လာခဲ့သည်။

သို့သော် သတိဟူသည် ပိုသည်မရှိ၊ "အသက်ကို ဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့်"ဆိုစကားနှင့်အညီ **မိမိကိုယ်ကို မိမိကြိုတင်စောင့်ရှောက်ထိန်းသိမ်းကာကွယ်ခြင်းသည် မိသားစုကိုရော၊ အများကိုပါ စောင့်ရှောက်ကာကွယ်ခြင်းဖြစ်သည်ကို သတိမပြတ်သင့်ကြပေ"**။

မည်သည့်အချိန်က စတင်ခဲ့သည်ဟု အတိအကျမပြောနိုင်သော်လည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့၌ စတင်ဖြစ်ပွားခဲ့ကြောင်း ကမ္ဘာတစ်ဝန်းက သိရှိခဲ့ပြီးနောက် အံ့ဩလောက်ဖွယ် အလွန်လျင်မြန်သည့်နှုန်းဖြင့် ကမ္ဘာတစ်ဝန်း ပျံ့နှံ့သွားခဲ့ရာ နိုင်ငံပေါင်း ၁၃၆ နိုင်ငံသို့ ကူးစက်ခံရကြောင်း တွေ့ရှိရပြီး၊ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၈ နိုင်ငံသို့ မကူးစက်သေးကြောင်း တွေ့ရှိရချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက် ညပိုင်း၌ ကိုဗစ် ၁၉ ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် ကြေညာအသိပေးလာခဲ့တော့သည်။

ထို့ကြောင့် မတ် ၁၂ ရက်တွင် မြန်မာနိုင်ငံ၌ နိုင်ငံတော်အစိုးရက အရေးပေါ်အစည်းအဝေးချက်ချင်းကျင်းပပြီး၊ မတ် ၁၃ ရက်တွင် ကိုဗစ် ၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ နိုင်ငံတော်ပိုင်းက ဆောင်ရွက်ဖွယ်များကို တတ်စွမ်းသမျှ အလေးထားဆောင်ရွက်ခဲ့သည့်နည်းတူ ပြည်သူများကိုယ်တိုင်က သတိပြုလိုက်နာရမည့်အချက်များကိုလည်း နိုင်ငံတော်သမ္မတရုံးက ပြည်သူများသို့ ပန်ကြားချက်ထုတ်ပြန်ပေးလိုက်သည်ကို တွေ့ရှိရသည်။

ထို့နောက်ပိုင်း မှတ်သားမိသမျှ ၂၃.၃.၂၀၂၀ ရက်ထုတ် စာနယ်ဇင်းများနှင့် မီဒီယာအသီးသီးတို့တွင် အိမ်နီးချင်းထိုင်းနိုင်ငံမှ အများဆုံးအပါအဝင် မိမိတို့နိုင်ငံသားများ ပြည်ပနိုင်ငံအသီးသီးမှ ပြန်လည်ဝင်ရောက်လာကြသဖြင့် နိုင်ငံတော်အနေဖြင့် မိဘသဖွယ် ကျောသားရင်သားမခွဲခြားဘဲ မိမိသားသမီးမှန်သမျှ ဘေးဒုက္ခဆိုးမကျရောက်အောင် အစွမ်းကုန်ကာကွယ်စောင့်ရှောက်သကဲ့သို့ ဆောင်ရွက်ခဲ့ရသည့်ပြင် တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားညီအစ်ကို မောင်နှမချင်း မေတ္တာ ကရုဏာ၊ စာနာစိတ်ဖြင့် အချင်းချင်း ရိုင်းပင်းကူညီကြသည့် သတင်းများ၊ မြင်ကွင်းများကို နေ့စဉ် တွေ့မြင်ကြားသိနေရသည်။

ကိုဗစ် ၁၉ ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါကြီး မမျှော်လင့်ဘဲ ကြုံလာရပြီဖြစ်သဖြင့် "မြွေပူရာ ကင်းမှောင့်"ဆိုသလို ယခင်ကြုံတွေ့နေရဆဲ ဒုဗ္ဘိက္ခန္တရကပ်နှင့် သတ္ထန္တရကပ်ကျရောက်နေသူများအဖို့ ရောဂန္တရကပ်ကိုပါ ထပ်မံကြုံတွေ့ကာ ကရုဏာပွားစရာဖြစ်လာရတော့သည်။

ထိုသို့ကပ်ရောဂါကြီး ကြုံတွေ့လာရချိန်တွင် လယ်ယာစီးပွားသတင်း ဂျာနယ် ဝိုင်းတော်သားများသည် အမျိုးမျိုးသော အခက်အခဲကြားမှ ဂျာနယ် ရပ်နားခြင်းမပြုဘဲ ကိုယ့်ကိုယ်ကိုလည်း စောင့်ရှောက်ရင်း သတင်းတာဝန် ထမ်းဆောင်ကြခြင်းကို မွန်မြတ်သော ကာယဒါန၊ ဉာဏဒါနအဖြစ် မှတ်ယူလျက် ရှိကြပါသည်။

ဘဝနတ်ထံ ပျံလွန်တော်မူပြီးသော ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး အရှင်ဦးဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူရာတွင်လည်း "ကုသိုလ်ဟူသည် ယူတတ်လျှင် ရ၏။ ဝတ္ထုငွေကို လှူဒါန်းခြင်းသည် **'ဝတ္ထုဒါန'**၊ မိမိ၏ကာယစွမ်းအား၊ ဉာဏစွမ်းအားဖြင့် စိုက်ထုတ်ကာ အများကောင်းကျိုးဆောင်ရွက်ခြင်းသည် **'ကာယဒါန' 'ဉာဏဒါန'** ဖြစ်သည်ဟု ဟောဖော်ညွှန်ပြခဲ့သည် မဟုတ်ပါလား။

## တောင်သူလယ်သမားဦးကြီးများ သိမှတ်ဖွယ်ရာ

**၁၃၈၂** ခု နယုန်လဆန်း ၉ ရက် ၃၀.၅.၂၀၂၀ စနေနေ့တွင် ဖျောက်ဆိပ်ကြယ်ပေါ်သည်။ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၁၇.၇.၂၀၂၀ ကြာသပတေးနေ့ ကောက်ကြီးပျိုးကြရာ၏။ ဝါခေါင်လဆန်း ၁၅ ရက် ၂.၉.၂၀၂၀ ဗုဒ္ဓဟူးနေ့ ဖျောက်ဆိပ် မွန်းတည့်သည်။ တော်သလင်းလဆန်း ၁ ရက်၊ ၁၇.၉.၂၀၂၀ ကြာသပတေးနေ့တွင် တနင်္ဂနွေဂြိုဟ် ကန်ရာသီဆင်း၏။ သီတင်းကျွတ်လဆန်း ၁ ရက်၊ ၁၇.၁၀.၂၀၂၀ စနေနေ့ သရဝဏ် မွန်းတည့်သည်။ သီတင်းကျွတ်လဆုတ် ၁ ရက် ၁.၁၁.၂၀၂၀ တနင်္ဂနွေနေ့ ကောက်ကြီးကောက်သားဝင်၏။ ထိုနေ့တွင် ပုဗ္ဗကြယ်တိုင် စိုက်ထူပါ။ တန်ဆောင်မုန်းလဆန်း ၂ ရက် (၁၆.၁၁.၂၀၂၀ တနင်္လာနေ့ မုရင်းစပါးပျိုးကြရာ၏။ တန်ဆောင်မုန်းလ ၂ ရက် ၁.၁၂.၂၀၂၀ အင်္ဂါနေ့ ဖျောက်ဆိပ် မြေလူးသည်။ ပြာသိုလဆန်း ၂ ရက် ၁၄.၁.၂၀၂၀ ကြာသပတေးနေ့ နဂါးနေရောင်မှလွတ်သည်။ ပြာသိုလဆုတ် ၆ ရက် ၂၉.၁.၂၀၂၁ သောကြာနေ့ မုရင်းကောက်သားဝင်၏။ နောက်ဆရာများအလိုအားဖြင့် တပို့တွဲလဆုတ် ၁ ရက် ၂၇.၂.၂၀၂၁ စနေနေ့တွင် မုရင်းကောက်သားဝင်သည်။ ထိုနေ့တွင် ပုဗ္ဗကြယ်တိုင်စိုက်ထူရသည်။ ၁၃၈၂ ခုနှစ်အတွက် ပုဗ္ဗကြယ်တိုင် စိုက်ထူရန် တမာပင်ကိုင်းကို တိုင်ပြုလုပ်ပြီး ဆူးစောင်း၊ ဆူးလေပင်၏ အရွက်များကို တိုင်ထိပ်များတွင် ချည်နှောင်ပြီး လယ်ယာမြေတွင် စိုက်ထူရမည်။ ထမင်းဖြူ၊ မုန့်ဖြူ၊ မုန့်နီ၊ မုန့်ဝါ၊ ပေါက်ပေါက်၊ ပန်းဖြူများတင်လှူပါ။ ဖယောင်းတိုင်၊ ဆီမီး၊ အမွှေးနံ့သာတို့ကို ထွန်းညှိပူဇော်ပါ။ ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ရိုးရာဓလေ့ထုံးတမ်းစဉ်လာအတိုင်းပြုလုပ်ခြင်းဖြင့် ပိုးမွှား၊ တိရစ္ဆာန်အန္တရာယ်များ၊ အဖျက်အဆီးများ ကင်းရှင်းလျက် လိုရာဆန္ဒပြည့်ဝအံ့။ အသီးအနှံအထွက်ကောင်းအံ့၊ ဈေးကွက်စီးပွားရေးလာဘ်လာဘများပေါများရွှင်လန်းကြအံ့။ ဗျာကရ ရာသီရှင် မိုးကိန်းမှာ ယခုနှစ်တွင် လူ့ပြည်တွင် မိုးရေရရှိမှု နည်းပါး



တတ်သည်။ ရေရှားပါးမှုဖြစ်တတ်သည်။ သတ္တရာဘန်ဒေသတွင် မိုးများတတ်သည်။ သို့ဖြစ်၍ နဂါး၊ ဂဠုန်တို့မြူးထူးခြင်း လွန်ကုန်အံ့။ နေရှိန်နည်းပါးပြီး မြောက်လေပြန်အံ့။ အအေးဓာတ်လွန်ကဲတတ်သည်။ မိုးသက်မုန်တိုင်းလေပြင်းများ မကြာခဏဖြစ်ပေါ်လာအံ့။ ဟိမဝန္တာတွင်လည်း မိုးနည်းပါးသောကြောင့် သစ်ရွက်မျိုးများ ရှားပါးအံ့။ ကောင်းကင်မိုးတိမ်များသောကြောင့် နေရှိန် ညှံ့ဖျင်းတတ်သည်။ ကူးစက်ရောဂါပိုးမွှားများ အန္တရာယ်ကျရောက်လာအံ့။ ခြင်ကောင်၊ ယင်ကောင်အစရှိသော ပိုးမွှားများ ကြိုတင်တားဆီးကာကွယ်ကြအံ့။ သမုဒ္ဒရာတွင် မိုးတိမ်များသည်ဖြစ်၍ လှိုင်းလေကြီးပြီး ငါးကြီးသားကြီးများ အသေအပျောက်များအံ့။ ဤတွင် ဗျာကရာသီရှင်ရသေ့ မိုးကိန်းဖြစ်သည်။ ဂန္ဓဗ္ဗရ မိုးကိန်းမှာကား မိုးဦး မိုးခေါင်ပါသော်လည်း မိုးလယ် မိုးနှောင်း မိုးကောင်းတတ်သည်။ ပြည်ရွာဒေသအချို့တွင် မိုးရေချိန် ပြည့်လျှံခြင်းကြောင့် ရေဘေးများတွေ့ကြုံခံစားရတတ်သည်။ သမုဒ္ဒရာ၊ ပင်လယ်၊ မြစ်ကမ်းစပ်မြို့ရွာများ ရေဘေးသင့်တတ်သည်။

**(ကောဇာသက္ကရာဇ် ၁၃၈၂ ခုနှစ်အတွက် သူရိယသိဒ္ဓန္တ မဟာမြန်မာမန္တလေးသင်္ကြန်စာ ကောက်နုတ်ချက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာသင်တန်း ရှားတောတွင် ဖွင့်လှစ်

ရှားတော မတ် ၁၅

**ကယား ပြည်နယ် ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုကွန်ပျူတာသင်တန်းကို ရှားတောမြို့ ဈေးပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မတ်လ ၅ ရက်မှ ဧပြီ ၅ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိရာ သင်တန်းသား ၂၀ ဦး တက်ရောက်လျက်ရှိသည်။**

ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းငါးမျိုးကို ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ရာ စက်ချုပ်သင်တန်းကို ဒေါကလော်ပို့ချခြင်းဖြစ်သည်။ ဆက်လက်၍ ပွန်ချောင်းကျေးရွာတွင် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းကိုလည်းကောင်း၊ တောင်ပိုင်းစုစည်းကျေးရွာတွင် ဆိုင်ကယ်ပြင်သင်တန်းကိုလည်းကောင်း၊



လဲကျေးရွာတွင်လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးသင်တန်းကို စလောင်းကျေးရွာတွင်လည်းကောင်း ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး ယခုကွန်ပျူတာသင်တန်းကို သုံးကြိမ်မြောက်အဖြစ် ဖွင့်လှစ်သင်ကြားဆက်လက်ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူများသည် ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်နိုင်သည်။ကြီးမြင့်နိုင် (လွိုင်ကော်)

## အသိပေးနှိုးဆော်ချက်

၁။ နိုင်ငံ၏အခြေခံစားနပ်ရိက္ခာဖြစ်သော ဆန်စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု မကျဆင်းစေရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ဈေးကွက်ခိုင်မာစွာ ရရှိရေးတို့ အတွက် သီးနှံအလိုက် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့်နည်းပညာ အကူအညီရရှိရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် နိုင်ငံအတွင်း စပါးတန်ချိန် ၂၆ သန်းကျော် စိုက်ပျိုးထုတ်လုပ်ထားရှိခဲ့ပြီး၊ ပြည်တွင်းစားသုံးမှု လိုအပ်ချက်မှာ တစ်နှစ်လုံးအတွက် စပါးတန်ချိန် ၁၅ သန်းကျော်သာ ဖြစ်ပါသည်။ ထို့အပြင် ပြည်သူများ နေ့စဉ် စားသုံးနေသည့် ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူး စသည့် စားဖိုဆောင်သီးနှံများ ထုတ်လုပ်ထွက်ရှိမှု အနေဖြင့်လည်း ပြည်တွင်းစားသုံးမှုအတွက် လုံလောက်ရုံသာမက ပိုလျှံသည့် အခြေအနေတွင် ရှိပါသည်။

၃။ သီးနှံထုတ်လုပ်မှုစွမ်းအား တိုးတက်မြင့်မားစေရန်အတွက် တောင်သူလယ်သမားများအနေဖြင့် သီးနှံအလိုက် မျိုးကောင်း မျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများရရှိနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးရွာအခြေစိုက်နည်းပညာပေးစင်တာများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ ဌာနပိုင်မျိုးစေ့ထုတ်ခြံများသို့ ဆက်သွယ်၍ အကူအညီများ တောင်းခံရယူနိုင်ပါကြောင်းနှင့် စိုက်ပျိုးရေး ဦးစီးဌာန Call Center Hot Line ဖုန်းနံပါတ်–၀၁၂၃၉၉၅၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**ဝါပင်** **ဟာ အလွန်ရှေးကျသော အပင်တစ်မျိုးဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀၀၀ မှ ၃၀၀၀၀ အချိန်ကပင် ဝါရိုင်းပင်မှသည် ဝါယဉ်ပင်အဖြစ် စိုက်ပျိုးခဲ့ကြတယ်လို့ မှတ်တမ်းများက ဆိုပါတယ်။ မြန်မာနိုင်ငံမှာ ရှေးနှစ်ပေါင်း ၁၀၀၀ ခန့်ကပင် ဝါပင်ကို စိုက်ပျိုးအသုံးချခဲ့ကြောင်း G.E. Herbay က မြန်မာ့သမိုင်းမှာ မှတ်တမ်းတင်ခဲ့တာ တွေ့ရပါတယ်။**

မြန်မာနိုင်ငံမှာ ဝါကိုချည်မျှင်တိုဝါမျိုးနဲ့ ချည်မျှင်ရှည်ဝါမျိုး နှစ်မျိုးစိုက်ပျိုးခဲ့ပါတယ်။ ချည်မျှင်တိုဝါမျိုးက ထွက်တဲ့ချည်မျှင်ကိုတော့ အထည်ကြမ်းအတွက် အသုံးပြုဖို့ စိုက်ပျိုးခဲ့ပြီး ချည်မျှင်ရှည်ဝါကိုတော့ အထည်နုအတွက် အသုံးပြုဖို့ စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ ယခုခေတ်မှာ ချည်မျှင်ရှည်ဝါကထွက်တဲ့ ချည်မျှင်ကို ပြည်ပသို့ပင် တင်ပို့နိုင်လာပါတယ်။ ဝါပင်ကို ပြည်တွင်းအသုံးပြုမှုအတွက်ရော ပြည်ပတင်ပို့မှုအတွက်ပါ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာခြင်း ဖြစ်ပါတယ်။

ဝါပင်ကို ကမ္ဘာမှာရော၊ မြန်မာမှာပါ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာခဲ့ခြင်းနဲ့အတူ ပွားများလာတာက ပျားများဖြစ်ပါတယ်။ ဝါပင်က ဝတ်မှုန်နဲ့ဝတ်ရည်များထုတ်လုပ်ပါတယ်။ ထိုဝတ်မှုန်နဲ့ ဝတ်ရည်များကပဲ ပျားများရဲ့အစာ ဖြစ်လာပါတယ်။ ပျားရည်ရလာပါတယ်။ ပျားများဟာ အစာအတွက် ဝါခင်းဝါပင်များအတွင်း ဝင်ထွက်ပျံသန်းမှု ပြုလုပ်ကြပါတယ်။ **ဝါပင် ဝါပွင့်များဆီကို ပျားများ ကူးလူးပျံသန်းမှုများလေလေ ဝါထွက်ကောင်းလေလေ၊ ဂွမ်းမွေးအရည်အသွေးကောင်းလေလေ၊ ဝါစေ့ရဲ့အရည်အသွေးကောင်းလေလေလို့ သုတေသနမှတ်တမ်းက ဆိုပါတယ်။** ဝါနဲ့ပျား အပြန်အလှန် သဟဇာတ ဖြစ်နေပါတယ်။

ဝါပင်မှာဝတ်ရည်ထွက်သောနေရာ ငါးနေရာ ရှိပါတယ်။ (၁) အပွင့် (ပွင့်ဖတ်အတွင်းပိုင်း အောက်ခြေ)၊ (၂) ပွင့်ခံရွက်သုံးရွက်ဆုံတဲ့နေရာ၊ (၃) ပွင့်ခံရွက်၏အောက်ခြေ၊ (၄)အရွက်အောက် မျက်နှာပြင်ရှိ အကြောများ၊ (၅) အပွင့်၊ အရွက်နုတို့ရဲ့ အညှာတံတို့ပဲ ဖြစ်ပါတယ်။ ဝါပွင့် (ပွင့်ဖတ်၏ အောက်ခြေ)က ထွက်တဲ့ဝတ်ရည်တွေကို ပျားတွေက ပိုနှစ်ခြိုက်ကြပါတယ်။ ဝတ်မှုန်ကူးသန္ဓေအောင်မှုကို အကျိုးပြုမှုများစေပါတယ်။ အပွင့်ပြင်ဘက် အခြားနေရာကထွက်တဲ့ ဝတ်ရည်တွေဟာ ဘေးဥပဒ်ဖြစ်စေတဲ့ပိုးမွှားတွေကိုသာ ဆွဲဆောင်မှုရှိပါတယ်။ ဒါကြောင့် အတွင်းပိုင်း နူးညံ့တဲ့အစိတ်အပိုင်းတွေကို ဘေးဥပါဒ်မှ အလိုအလျောက် အကာအကွယ်ပေးပြီး ဖြစ်ပါတယ်။

ပွင့်ဖတ်အုံအတွင်းပိုင်းအောက်ခြေကထွက်တဲ့ ဝတ်ရည်တွေဟာ ပန်းမပွင့်မီရက်အနည်းငယ် (ဒါမှမဟုတ်) နာရီအနည်းငယ်မှ စတင်ထွက်လေ့ရှိပါတယ်။ ပန်းပွင့်တဲ့နေ့ နေ့လယ် နှစ်နာရီ၊ သုံးနာရီခန့်မှာ ဝတ်ရည်အများဆုံးထွက်ပါတယ်။ ထွက်လေ့ရှိတဲ့ ဝတ်ရည်ပမာဏဟာ ရာသီဥတု၊ အစိုဓာတ်၊ မြေဩဇာလုံလောက်မှုအပေါ် မူတည်ပါတယ်။ ဝတ်ရည်များများထွက်ချိန်မှာ ပျားတွေလာရောက်မှု များပြားတာကို တွေ့ရပါတယ်။

ဝါပွင့်ရဲ့အရောင်ပြောင်းသွားတာနှင့်အမျှ ဝတ်ရည်ထွက်ရှိမှုလည်း ရပ်ဆိုင်းသွားပါတယ်။ ပျားတွေလာရောက်ချိန်မတိုင်မီနဲ့လာရောက်ချိန်မှာ ပိုးသတ်ဆေးမဖျန်းမိစေဖို့ အထူးသတိပြုသင့်ပါတယ်။

ပျားတွေဟာ ဝါပင်ကထွက်တဲ့ဝတ်ရည်မှာ သကြားဓာတ်ပါဝင်မှု နည်းရင် နှစ်ခြိုက်မှု လျော့နည်းတတ်ပါတယ်။ ပျားတွေလာရောက်မှု နည်းသွားစေပါတယ်။ ပျားတွေဟာ ဆူးခရို့စ်၊ ဂလူးကို့စ်၊ မောလ်တို့စ်နဲ့ ဖရပ်တို့စ်စတဲ့သကြားဓာတ်တွေကို နှစ်ခြိုက်ကြပါတယ်။ အဲဒီသကြားဓာတ်လေးမျိုးအချိုးညီညီပါဝင်နေမှုကို ပိုပြီးနှစ်သက်ကြပါတယ်။ ဝါပင်က ထုတ်လုပ်တဲ့ ဝတ်ရည်ဟာ လိမ္မော်ပင်ကထုတ်လုပ်တဲ့ ဝတ်ရည်ထက် ဆူးခရို့စ်ပါဝင်မှု ၂၄ ဆလျော့နည်းနေပေမယ့် ဒက်ထရိုစ်နှင့် လီဗျူလို့စ်မှာ နှစ်ဆကျော်ပါဝင်နေတဲ့အတွက် သကြားပါဝင်မှုအတူတူပဲ ဖြစ်ပါတယ်။




ဝါပင်ကို ဖျက်ဆီးတဲ့ ပိုးမွှားအမျိုးပေါင်း များစွာရှိပါတယ်။ ဝါပင်လည်း ပိုးမွှားကင်းစေ၊ ပျားတွေလည်း ပိုးသတ်ဆေးအန္တရာယ်က လွတ်ကင်းစေမယ့် နည်းလမ်းတွေကို အသုံးပြုဖို့ လိုအပ်ပါတယ်။ ဒီကိစ္စမှာ ဝါစိုက်ပျိုးသူအပိုင်းကရော ပျားမွေးမြူသူအပိုင်းကပါ နှစ်ဖက်ညှိနှိုင်းလိုက်နာကြရမှာ ဖြစ်ပါတယ်။

ဝါပင်ကထွက်ရှိတဲ့ဝတ်ရည်မှာ မိုနိုရှူးဂါး စုစုပေါင်း ၂၁ ဒသမ ၂ မှ ၄၆ ဒသမ ၉ ရာခိုင်နှုန်းထိပါဝင်ပြီး ဆူးခရို့စ်ပါဝင်မှာ ၂ ဒသမ ၃ မှ ၇ ဒသမ ၆ ရာခိုင်နှုန်းအထိပါဝင်တာ တွေ့ရပါတယ်။ ဝါပွင့်တွေဖြိုင်ဖြိုင်ပွင့်ချိန်မှာ ပျားတွေလာရောက်မှုနည်းပြီး ပန်းစတင်ပွင့်ချိန်နဲ့ ရာသီကုန်ဝါပွင့်လျော့နည်းသွားချိန်မှာ ပျားတွေလာရောက်မှုပိုများတာကို တွေ့ရပါတယ်။ ဝါပန်းပွင့်အတွင်းက ထုတ်လုပ်တဲ့ ဝတ်ရည်ဟာ ပန်းပွင့်အပြင်က ထုတ်လုပ်တဲ့ဝတ်ရည်ထက် ပမာဏများပေမယ့် ပျားများဆွဲဆောင်မှု လျော့နည်းစေတာ တွေ့ရပါတယ်။

ဝါစိုက်ခင်းတွေမှာ ဖော့စ်ဖိတ်မြေဩဇာထည့်ပေးခြင်းဟာ ဝတ်ရည်ထုတ်လုပ်မှု ၁၇၀ ရာခိုင်နှုန်းပိုစေပြီး၊ ပိုတက်စီယမ်မြေဩဇာထည့်ပေးခြင်းဟာ ၁၃၀ ရာခိုင်နှုန်းပိုစေတာကို တွေ့ရပါတယ်။ နွားချေး၊ မြေဆွေးထည့်ပေးခြင်းဟာ ဝတ်ရည်အများဆုံးထွက်ရှိနိုင်ပေမယ့် နိုက်ထရိုဂျင် မြေဩဇာထည့်ပေးခြင်းဟာ ဝတ်ရည်ထုတ်လုပ်မှုအတွက် ထူးခြားမှုမရှိတာကို တွေ့ရပါတယ်။ ပွင့်ခံရွက်သုံးရွက်ဆုံရာနဲ့ပွင့်ခံရွက် အောက်ခြေတို့က ထွက်ရှိတဲ့ဝတ်ရည်တို့ဟာ ပန်းမပွင့်မီရက်အတန်ကြာမှ ပန်းပွင့်ပြီးနောက် နှစ်ပတ်၊ သုံးပတ်ခန့်အထိ ထွက်လေ့ရှိပါတယ်။ ဒါပေမယ့် ပန်းမပွင့်မီတစ်ရက်အလိုမှာ ဝတ်ရည်အများဆုံးထွက်လေ့ ရှိပါတယ်။ ပျားတွေဟာ အခြားအင်္ဂါအစိတ်အပိုင်းက ဝတ်ရည်တွေထက် ပွင့်ခံရွက်သုံးရွက်ဆုံရာနဲ့ ပွင့်ခံရွက်အောက်ခြေတို့က ထွက်တဲ့ဝတ်ရည်တွေကို ပိုပြီး ကြိုက်နှစ်သက်ကြတာ တွေ့ရပါတယ်။

ဝါရွက်အောက်မျက်နှာပြင်ရှိ အလယ်ကြောအရင်းတစ်နေရာနဲ့ကပ်လျက် တည်ရှိတဲ့ဘေးကြောတစ်ခုစီပေါ်မှာ စုစုပေါင်းသုံးနေရာမှ ဝတ်ရည်ထွက်လေ့ရှိပါတယ်။ ဝတ်ရည်ထွက်ရှိမှုကြာချိန်ဟာ အရွက် အရွယ်အစားအကြီးဆုံးအရွယ်မဖြစ်မီ အချိန်ကစပြီး နှစ်ပတ်သုံးပတ်ခန့်အထိ ကြာရှည်ပါတယ်။ ဝါတစ်ပင်လုံးမှ ဝတ်ရည်ထွက်ရှိမှုဟာ အဖူး၊ အပိန့်ဝင်ချိန်မှစတင်ပြီး အရွက်သစ်များ ထွက်နေသမျှ အချိန်ကြာမြင့်ပါတယ်။ ပန်းပွင့်အတွင်းကို ပျားတွေ ၃၂ ကြိမ်လာရောက်ရင် ပွင့်ခံရွက်ဆုံနေရာသို့ ၂၁၉ ကြိမ်၊ ပွင့်ခံရွက်အောက်သို့ ၅၇၀ ကြိမ်နဲ့ အရွက်သို့ ၃၈၉ ကြိမ် လာရောက်ကြောင်း သုတေသန တွေ့ရှိချက်များက ဆိုပါတယ်။

ဝါနဲ့ပျားအပြန်အလှန်ဟသဇာတဖြစ်မှုကို တင်စားပြီး ဝါပင်ကို ပျားစာလို့ခေါ်လေ့ရှိကြပါတယ်။ ဝါတစ်ဧကမှ ပျားရည်ရရှိနိုင်မှုမှာ အယ်လ်ဖာ၊ ကလိုဗာနှင့်အခြားပျားစာပင်များနဲ့နှိုင်းယှဉ်ရင် ဝါပင်မှ ပျားရည်ရရှိမှုဟာ မများလှသော်လည်း ဝါပင်ဟာ ပန်းပွင့်ရက်ကြာမြင့်တဲ့အတွက် အခြားပျားစာပင်များထက် ပျားရည်ရရှိမှုပိုမိုတယ်လို့ သုတေသနရလဒ်က ဆိုပါတယ်။ ဝါပင်မှပျားရည်ရရှိနိုင်တဲ့ ဝါမျိုးအမျိုးအစားပေါ်မှာလည်း တည်မှီနေပါတယ်။ ချည်မျှင်ရှည်ဝါ ခေါ် အီဂျစ်ဝါမျိုးဟာ ချည်မျှင်လတ် (မြန်မာဝါ) မျိုးထက် ဝတ်ရည်ပိုထွက်ပြီး ပျားရည်ပိုမိုရရှိတယ်လို့ ဆိုပါတယ်။ အီဂျစ်ဝါတစ်ဧကမှ ပျားရည် ၂၆၇ ပေါင်ရရှိပြီး အမေရိကန်ဝါမှ ပျားရည် ၆၆ မှ ၇၀ ပေါင်သာရရှိတာ တွေ့ရပါတယ်။

ဝါပင်ဟာ ပင်တည်းဝတ်မှုန်ကူးနိုင်မှုစွမ်းအားနည်းပါတယ်။ အင်းဆက်ပိုးမွှားများနဲ့သာ မျိုးကူးစက်သန္ဓေအောင်နိုင်ပါတယ်။ အဓိက ပျားက အဓိက ဖြစ်ပါတယ်။ အင်းဆက်မကူ ပျားမကူရင် ဝါအထွက်နှုန်း သိသိသာသာကျဆင်းနိုင်ပါတယ်။ ဒီအတွက် ဝါစိုက်ခင်းများရဲ့ အနီးအနားမှာ ပျားမွေးမြူခြင်းကို မဖြစ်မနေတွဲဖက်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဝါထွက်လည်းကောင်း၊ ပျားရည်လည်းရ၊ တစ်ချက် ခုတ်နှစ်ခုတ်ပြတ် အကျိုးပြုမယ့်လုပ်ငန်း ဖြစ်ပါတယ်။

ဝါနဲ့ပျားတွဲဖက်မွေးမြူရင် ဝါထွက်နှုန်း ၃၂ ရာခိုင်နှုန်း တိုးတက်လာတယ်လို့ ဆိုပါတယ်။ ဝါစိုက်ခင်းနှစ်ဧကမှာ ပျားအုံတစ်အုံနှုန်းထားပေးရင် ဝါထွက်နှုန်း ၁၉ ဒသမ ၅ ရာခိုင်နှုန်းပိုတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဝါသီးအောင်မြင်မှု ၃၀ ရာခိုင်နှုန်း၊ ဝါပေါက်အောင်မြင်မှု ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း၊ ဝါစေ့အပင်ပေါက်ရာခိုင်နှုန်း မှ ၅ ရာခိုင်နှုန်း ပိုလာတယ်လို့ ဆိုပါတယ်။ ဝါပင်တစ်ပင်တည်း၊ ပင်တည်းဝတ်မှုန် ကူးမယ်ဆိုရင် သီးလုံး ၇၀ ရာခိုင်နှုန်း၊ သီးလုံးတစ်လုံးမှ ဝါစေ့ ၂၇ စေ့သာ ရရှိနိုင်ပြီး ပင်ခြားဝတ်မှုန်ကူးပါက သီးလုံး ၇၆ ရာခိုင်နှုန်း၊ သီးလုံးတစ်လုံးမှ ဝါစေ့ ၃၄ စေ့ရရှိနိုင်တယ်လို့ ဆိုပါတယ်။ ဝါပွင့် ၁၀ ပွင့်မှာ ပျားတစ်ကောင်နှုန်းရှိရင် မျိုးကူးစက်သန္ဓေအောင်ဖို့ လုံလောက်ပါတယ်။ ပျားတွေဟာ ဝါပွင့်အတွင်းရှိ ဝတ်ရည်တွေထက် ဝါပွင့်အပြင်ရှိ ဝတ်ရည်တွေကို ပိုပြီးနှစ်ခြိုက်ကြတာ တွေ့ရပါတယ်။ ပျားတွေဟာ ဝါပွင့်မှ ဝတ်မှုန်များကို ပျားအုံသို့သယ်ဆောင်ပြီး အစာပြုကြပါတယ်။ ဝါပင်မှာ ဝတ်မှုန်နည်းသွားရင် ပိုမိုစုဆောင်းကြတာကို တွေ့ရပါတယ်။

ဝါနဲ့ပျားတွဲဖက်မွေးမြူမယ်ဆိုရင် ဝါပင်ကို ကျရောက်ဖျက်ဆီးတဲ့ ပိုးမွှားအန္တရာယ်ကို ပိုးသတ်ဆေးဖျန်းကာကွယ်ခြင်းက ပျားတွေကို အန္တရာယ်ကြီးကြီးမားမား ဖြစ်စေပါတယ်။ ဝါပင်ကို ဖျက်ဆီးတဲ့ ပိုးမွှားအမျိုးပေါင်း များစွာရှိပါတယ်။ ဝါပင်လည်းပိုးမွှားကင်းစေ၊ ပျားတွေလည်း ပိုးသတ်ဆေးအန္တရာယ်မှ လွတ်ကင်းစေမယ့် နည်းလမ်းများကို အသုံးပြုဖို့ လိုအပ်ပါတယ်။ ဒီကိစ္စမှာ ဝါစိုက်ပျိုးသူအပိုင်းကရော ပျားမွေးမြူသူအပိုင်းကပါ နှစ်ဖက်ညှိနှိုင်းလိုက်နာကြရမှာ ဖြစ်ပါတယ်။

ဝါစိုက်ပျိုးသူအပိုင်းမှ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းကို အသုံးပြုခြင်း၊ ပျားများအတွက် အဆိပ်ဖြစ်စေမှုနည်းတဲ့ပိုးသတ်ဆေးများ အသုံးပြုခြင်း၊အရည်ဖျန်း၊ အမှုန့်ဖျန်းပိုးသတ်ဆေးတွေကို မသုံးဘဲ မြေတွင်းထဲထည့်တဲ့ပိုးသတ်ဆေးတွေ အသုံးပြုခြင်း၊ ပျားတွေ ကွင်းထဲသို့ထွက်ချိန်မှာ ပိုးသတ်ဆေးအသုံးမပြုခြင်း၊ အငွေ့ပျံစေတဲ့ ပိုးသတ်ဆေးတွေ ပျားအုံအနီးမထားရှိဖို့ကို လိုက်နာဖို့ လိုအပ်ပါတယ်။ ပျားအုံပိုင်ရှင်တွေကလည်း ဝါစိုက်ခင်းနဲ့ပျားအုံကို ခပ်လှန်းလှန်းထားခြင်း၊ ပိုးသတ်ဆေးဖျန်းချိန်မှာ ပျားတွေမလွတ်ဘဲထားခြင်း၊ ဆေးဖျန်းချိန်နဲ့ပျားလွှတ်ချိန်ကို ညှိနှိုင်းခြင်းတွေနဲ့ အန္တရာယ်ကို ရှောင်ကွင်းနိုင်မှာ ဖြစ်ပါတယ်။ ■




မောင်စိုက်ပျိုး (ကန့်ဘလူ)

**ကမ္ဘာ** **ရာသီဥတုပြောင်းလဲမှုသည် မြန်မာနိုင်ငံကိုလည်း အဖျားခတ်လာခဲ့သည်။ သဘာဝရေမြေရာသီဥတုအသိုက်အဝန်းကြားတွင် ရှင်သန်ကြီးထွားဖွံ့ဖြိုးရသောသီးနှံပင်များသည်လည်း ရာသီဥတု၏ နှိပ်စက်မှုဒဏ်ကို အလူးအလဲခံကြရသည်။ သီးနှံများကြေမွပျက်စီး ဆုံးရှုံးကြရသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးရမှုသည် ၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိရှိကြောင်းနှင့် ပြင်းထန်ဆိုးဝါးစွာ ခံရပါက ၁၀၀ ရာခိုင်နှုန်းအထိပင်ရှိကြောင်း သုတေသီများက ထောက်ပြထားကြသည်။**

ရေလွှမ်းမိုးခြင်း၊ မိုးများခြင်း၊ မိုးခေါင်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ အအေးလွန်ကဲခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ပိုးမွှားရောဂါဖျက်ဆီးမှုအတွက် အလွန်အကျွံခံစားရခြင်းများအကြောင်း သီးနှံများပျက်စီးဆုံးရှုံးမှုကြုံကြရသည်။ ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ခံရခြင်းမှ ပြေးမလွတ်သောပြဿနာဖြစ်သည်။ သုတေသီပညာရှင်များက ရာသီဥတုသဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံအန်တု၍ ရှင်သန်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းသောသီးနှံများ ထုတ်လုပ်ပေးနိုင်ရန် တီထွင်ကြံဆလာကြသည်။

အိုင်ဗရီကို့စ်နိုင်ငံတွင် အာရှစပါးနှင့်အာဖရိကစပါးကို မျိုးကူးစပ်၍ ခက်ခဲကြမ်းတမ်းသော အခြေအနေနှင့် မိုးခေါင်သည့်ဒဏ်ကို ခံနိုင်ရည်ရှိသည့်အထွက်နှုန်းကောင်းသော နာရီကာ (Narica) စပါးမျိုးကို တီထွင်ကြံဆ ထုတ်လုပ်ခဲ့ရာ အောင်မြင်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စု နယ်လီတက္ကသိုလ်မှ ရေးလ်နှင့်ဝုဒ် သိပ္ပံပညာရှင်အဖွဲ့က အလွန်ခက်ခဲပြီး ခြောက်သွေ့လွန်းသော အခြေအနေတွင် ကျန်းမာသန်စွမ်းပြီး ကောင်းစွာရှင်သန်အောင်မြင်နိုင်သည့် စပါးတစ်မျိုးကို မွေးထုတ်ပေးခဲ့သည်။ အဆိုပါသိပ္ပံပညာရှင်အဖွဲ့က ဘာစမာတီစပါးမျိုးတွင် အချိုဓာတ်ဖြစ်စေသော ဗီဇဓာတ်တစ်မျိုးကို သွတ်သွင်း၍ ရေငတ်ဒဏ်ခံ၊ ခြောက်သွေ့ဒဏ်ခံ၊ ဆားပေါက်ဒဏ်ခံနိုင်သော စပါးမျိုးတစ်မျိုးကို မွေးမြူထုတ်လုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှလည်း မြန်မာ့ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်မည့် သီးနှံမျိုးများကိုလည်း သုတေသနပြုတီထွင်ကြံဆမွေးမြူထုတ်လုပ်ပေးလျက်ရှိသည်။ စပါးတွင်ဖြုတ်ညိုပိုးကြောင့် စပါးအထွက်နှုန်း ၂၀ မှ ၅၀ ရာခိုင်နှုန်းထိ ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်နေသော စပါးမျိုးနေရာတွင် ဖြုတ်ညိုပိုးဒဏ်ခံနိုင်ရည်ရှိသော စပါးခြောက်မျိုးကို အထွက်ကောင်းမျိုးများနှင့် မျိုးကူးစပ်၍ အစားထိုးနိုင်မည့် စပါးမျိုးကို မွေးထုတ်ပေးခဲ့သည်။

စပါးတွင်ဖြုတ်ကျောဖြူဖျက်ပိုးကျရောက်ပါက စပါးအထွက် ၁၅ မှ ၃၀ ရာခိုင်နှုန်းထိခိုက်ဆုံးရှုံးခံကြရသည်။ ဖြုတ်ကျောဖြူဒဏ်ခံနိုင်ရည်ရှိသော ကျော်ဇေယျ၊ အင်းမရဲဘော်၊ ရွှေသွယ်ရင်၊ ရွှေဝါထွန်း၊ မော်ဘီ-၂၊ သီးထပ်ရင်၊ ရေဆင်း-၁ စသည့်မျိုးရှစ်မျိုးကို ကွင်းတွင် ယှဉ်ပြိုင်အန်တုစေနိုင်ခဲ့သည်။ စပါးတွင် ကြက်သွန်မြိတ်ပိုးကျရောက်ပါက အထွက် ၁၀-၂၅ ရာခိုင်နှုန်းထိခိုက်သဖြင့် အဆိုပါပိုးကို အန်တုနိုင်မည့် မျိုးခြောက်မျိုးကို မွေးမြူပေးခဲ့သည်။

မိုး၊ နွေ၊ တစ်မိုးနှစ်သီးစပါးများ စိုက်ပျိုးလာခြင်းကြောင့် စပါးဆစ်ပိုးတစ်နှစ်ပတ်လုံးကျရောက်လာသဖြင့် စပါးအထွက် ၁၅ မှ ၅၀ ရာခိုင်နှုန်းထိခိုက်နိုင်သည့်အတွက် စပါးဆစ်ပိုးဒဏ်ခံနိုင်သည့် စပါးမျိုး ၁၀ မျိုးကို ထုတ်လုပ်၍ အန်တုကျော်လွှားနိုင်ခဲ့ပြီး ဖြစ်ပါသည်။

စပါးတွင် ဘက်တီးရီးယားရွက်ခြောက်ရောဂါကျရောက်ခံရပါက စပါးထွက် ၆ မှ ၇၅ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်ပါသည်။

၁၉၈၁ ခုနှစ်မှစ၍ ၎င်းရောဂါဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးများဖြစ်သည့် ရတနာအောင်၊ ရေဆင်း-၂/-၃၊ ဆင်းသိင်္ဂီ၊ ဆင်းသီရိ၊ ယာ-၂၊ ယာ-၈၊ ဆင်းဧကရီ ၃-၄၊ ရေနက် ၁-၄ မျိုးများကို မွေးထုတ်ပေးခဲ့ပါသည်။ စပါးဂုတ်ကျိုးရောဂါသည် စပါးအထွက် ၁ မှ ၅၀ ရာခိုင်နှုန်းအထိ ထိခိုက်နိုင်သည့်အတွက် ၎င်းရောဂါဒဏ်ခံနိုင်ရည်ရှိသော ဧရာမင်း၊ မော်ဘီ-၂၊ ရေဆင်း ၁-၂ မျိုးများကို မွေးထုတ်၍ အန်တုကျော်လွှားနိုင်ခဲ့ပါသည်။

ဇီဝပြုပြင်နည်းဖြင့် ထုတ်လုပ်ထားသော အစေ့ထုတ်ပြောင်းသည် ပင်စည်ထိုးယင်ဒဏ်ကို တစ်ရာသီလုံးခံနိုင်ရည်ရှိပြီး မှိုကြောင့်အဆိပ်သင့်မှုကို လျော့ပါးစေပါသည်။ အခြားသောအစေ့ထုတ်ပြောင်းမျိုးများထက် အထွက် ၁၅ မှ ၂၀ ရာခိုင်နှုန်းအထိ ပိုမိုကြောင်းတွေ့ရပါသည်။

တစ်ဖန် ရေဆင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဖားဥမှိုရောဂါဒဏ်ခံနိုင်ပြီး ရေငတ်ဒဏ်ခံနိုင်သည့် သက်လတ်ရွှေဝါ-၁ ပြောင်းဖူးမျိုးကို မွေးထုတ်ပေးခဲ့ပါသည်။ တစ်ဖန် ပင်စည်ပုပ်ရောဂါနှင့် အစေ့ထိုးပိုးဒဏ်ခံနိုင်သည့် သက်လတ်ရွှေဝါ-၂၊ သက်လတ်ရွှေဝါ-၁၁ မျိုးတို့ကိုလည်း မွေးထုတ်၍ အန်တုနိုင်ခဲ့ပါသည်။

အပူပိုင်းမြေပြန့်ဒေသနှင့် ရှမ်းပြည်နယ်ကုန်းမြင့်ဒေသများတွင် အထူးစိုက်ပျိုးသင့်ပြီး ပြောင်းရွက်ခြောက်ရောဂါဒဏ်ခံနိုင်ပြီး ဖက်စရှည်၊ ဖက်စလုံ၊ အဖူးထိပ်ထိအစေ့အောင်မြင်သည့် ရေဆင်းစပ်မျိုးပြောင်း-၃ ကို ထုတ်ဝေခဲ့ပါသည်။ ယခုဧကအများဆုံးစိုက်ပျိုးလျက် ရှိပါသည်။ အထွက်နှုန်းတစ်ဧကတင်းရာကျော် ထွက်လျက်ရှိပါသည်။

၁၉၉၆ ခုနှစ်က ထုတ်လုပ်ခဲ့သော ရေဆင်းစပ်မျိုးပြောင်း-၄ သည် ပင်စည်ပုပ်ရောဂါနှင့်အဖူးပုပ်ရောဂါခံနိုင်သည့်အပြင် ပြည်ပမျိုးများထက် သဘာဝရာသီဥတုဆိုးဝါးမှုဒဏ်ခံနိုင်ပါသည်။ မြေပြန့်ဒေသတွင် ရာသီမရွေး စိုက်ပျိုးနိုင်ပါသည်။ ပြောင်းဖူးရွက်ခြောက်ရောဂါခံရပါက အထွက် ၅ ရာခိုင်နှုန်း မှ ၂၀ ရာခိုင်နှုန်းအထိကျဆင်းနိုင်ပြီး ရွက်ဖုံးခြောက်ရောဂါခံရပါက အထွက် ၁၀ ရာခိုင်နှုန်း မှ ၃၀ ရာခိုင်နှုန်းအထိ ကျသွားနိုင်ပါသည်။

မြေပဲရွက်ကပ်ပိုးသည် မြေပဲအထွက်ကို ၅-၂၀ ရာခိုင်နှုန်းထိ ဆွဲချသွားနိုင်ပါသည်။ ၎င်းပိုးဒဏ်ခံနိုင်သော မြေပဲမျိုး ၁၈ မျိုးကို မွေးထုတ်၍ ကွင်းထဲတွင် ယှဉ်ပြိုင်အန်တု၍ မော်ကြွားလျက်ရှိသည်။ ၎င်းမျိုးများထဲတွင် ဆင်းပဒေသာ ၅ နှင့် ၇ မျိုးများသည် ရွက်လိပ်၊ ရွက်ကပ်၊ ရွက်ခြောက်၊ သံချေးရောဂါခံနိုင်ရည်ရှိကြောင်း တွေ့ရပါသည်။ စစ်ကိုင်း၊ မန္တလေး၊ မကွေးဒေသတို့တွင် စိုက်ဧကများစွာ စိုက်ပျိုးကြသည်ကို တွေ့ရသည်။ မကွေး-၁၁ မြေပဲမျိုးထက် အထွက်ပိုကြောင်း တွေ့ရပါသည်။

နှမ်းဖြူမျိုးဆင်းရတနာ-၄ သည် ဆွတ်ဆွတ်ဖြူရောင်မျိုးဖြစ်ပြီး အထွက်နှုန်း ၈ တင်းမှ ၁၀ တင်းအထိထွက်ရှိပြီး ရေငတ်ဒဏ်ခံနိုင်သည့်မျိုးဖြစ်ပါသည်။ မန္တလေး၊ မကွေး၊ စစ်ကိုင်းဒေသများတွင် စိုက်ဧကများပါသည်။ ပြည်ပဈေးကွက်ဝင်သည့် နှမ်းမျိုးဖြစ်သဖြင့် ထူးခြားသည်။ နှမ်းဖိုးရောဂါဒဏ်ခံနိုင်ရည်ရှိသော ဆင်းရတနာ-၂၊ ရေတာရှည်၊ ရိုးစိမ်း၊ ကြက်မရောင်၊ ရသေ့မျိုးများကို မွေးမြူထုတ်လုပ်၍ သဘာဝရေမြေရာသီဥတုကိုအန်တုယှဉ်ပြိုင် အနိုင်ယူလျက် ရှိပါသည်။

မိုးရာသီမှာပင် မိုးပဲတီစိမ်းအဖြစ် မင်းမူလာနိုင်သည့် ရေဆင်း-၂ မျိုး၊ ရေဆင်း-၁ မျိုးတို့သည် အထွက်နှုန်း ၁၀ တင်း မှ ၁၅ တင်းအထိ ထွက်နိုင်သဖြင့် အညာဒေသ တောင်သူများ လက်မလွှတ်တမ်း စိုက်ပျိုးလျက် ရှိကြသည်။ အပင်ညှိုးသေရောဂါနှင့် သိုလှောင်ပိုးဒဏ်ခံနိုင်ပြီး မြေအစိုဓာတ်အသင့်အတင့်ဖြင့် အထွက်နှုန်း ၁၃ တင်း မှ ၁၈ တင်းအထိ ပေးစွမ်းနိုင်သော (ICCV-88202) ကုလားပဲမျိုးသည် သဘာဝဒဏ်ကို ရင်ဆိုင်၍ လူကြိုက်များလျက်ရှိသည်။ ပန်းပွင့်ချိန်တွင် သံချေးရောဂါကျရောက်ခံရပါက အထွက်နှုန်း ၂၀ မှ ၂၅ ရာခိုင်နှုန်းအထိ ပဲပုပ်မျိုးနေရာတွင် သံချေး ရောဂါဒဏ်ခံနိုင်သော ပဲပုပ်မျိုးအစားထိုးရန် မျိုးခြောက်မျိုးကို မွေးမြူ ထုတ်လုပ်ပေးခဲ့ပါသည်။

ဗီဇပြုပြင်ပဲပုပ်မျိုးတွင် အိုလီရစ်အက်စစ်ပါဝင်မှုမှာ ရိုးရိုးပဲပုပ်တွင် ၂၈ ရာခိုင်နှုန်း၊ ဗီဇပြုပြင်ပဲပုပ်တွင် ၈၀ ရာခိုင်နှုန်းပါဝင်ပြီး ပေါင်းသတ်ဆေးဒဏ်ခံနိုင်ရည်ရှိသည်။ ဗီဇပြုပြင်ဝါမျိုးတွင်ပါဝင်သော ပရိုတိန်းဓာတ်ကြောင့် ဝါသီးလုံးဖောက်ပိုး တစ်နှစ်လုံးကာကွယ်နှိမ်နင်းနိုင်သည်။ ဗီဇပြုပြင်အာလူးတွင် ပါဝင်သော ပရိုတိန်းဓာတ်ကြောင့် (Potato Leaf Roll Virus) ရောဂါဒဏ်ခံနိုင်ရည်ရှိသည်။ ဗီဇပြုပြင်ခရမ်းချဉ်သည် ရင့်မှည့်မှုနောက်ကျပြီး အပင်ပေါ်တွင် တာရှည်အထားခံခြင်းကြောင့် ဈေးကွက်စောင့်ရောင်းချနိုင်သည်။ ဗီဇပြုပြင် သင်္ဘောသီး၏ ပရိုတိန်းဓာတ်ကြောင့် (Papaya Ringspot Virus) ရောဂါကို ကာကွယ်ပေးနိုင်ပါသည်။ သီးထွက်ရော အရည်အသွေးပါကောင်းကြောင်း တွေ့ရှိရပါသည်။

ကြံအူနီရောဂါခံနိုင်ပြီး စောစောခုတ်သိမ်းကြိတ်ဝါးနိုင်သည့် ရေဆင်း-၃ ကြံမျိုးကို ၁၉၈၅ ခုနှစ်က မွေးထုတ်ခဲ့ရာ ယခုအခါ မန္တလေး၊ ပဲခူး၊ ကချင်၊ ရှမ်း၊ မွန်ပြည်နယ်ဒေသတို့တွင် ကျယ်ကျယ်ပြန့်ပြန့် နေရာယူလျက် ရှိပါသည်။

သို့ပါ၍ တောင်သူလယ်သမားကြီးများအတွက် သဘာဝဘေးအန္တရာယ်နှင့်ရာသီဥတုကို အန်တုယှဉ်ပြိုင်၍ အောင်မြင်အောင် စိုက်ပျိုးနိုင်မည့် အားထားစရာ သီးနှံမျိုးများ လက်တစ်ကမ်းတွင် အသင့်ရှိနေပြီဖြစ်ပါကြောင်း မျှဝေလိုက်ရပါသည်။ ■

---

# အဆင့်မြင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် Temperature Controlled and Illuminate Hight Tech Greenhouse လက်တွေ့ပြသ

ရေဆင်း မတ် ၇

**အပြည်** **ပြည်ဆိုင်ရာ ပဲတီစိမ်းဖွံ့ဖြိုးတိုးတက်မှုကွန်ရက် တည်ထောင်ခြင်း စီမံကိန်းအစီအစဉ်အရ ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဌာန (ACIAR) ၏ ရန်ပုံငွေအထောက်အပံ့ဖြင့် အိန္ဒိယနိုင်ငံ Bhahu Biotech Private Limited မှ တာဝန်ယူကာ Temperature Controlled and Illuminate High Tech Greenhouse ကို အောင်မြင်စွာ ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ရာ အဆင့်မြင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလိုအလျောက် ထိန်းချုပ်မှုနည်းစနစ်များ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လက်တွေ့ပြသခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပဲမျိုးစုံသီးနှံသုတေသနဌာန၏ ကွင်းသုတေသနစိုက်ခင်း၌ ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။**



အဆိုပါ Temperature Controlled and Illuminate High Tech Greenhouse အတွင်းတွင် သီးနှံမျိုးများ အလိုက် သင့်တော်သည့် အပူချိန်၊ စိုထိုင်းဆနှင့်နေရောင်ခြည်ရရှိမှု (နေ့တာတို/နေ့တာရှည်)တို့ကို တစ်နှစ်ပတ်လုံး ထိန်းညှိ၍ အဆင့်မြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် ရေငတ်ဒဏ်ခံ၊ အပူဒဏ်ခံနှင့် အအေးဒဏ်ခံနိုင်သည့် သီးနှံမျိုးသစ်များ ပိုမိုသုတေသနပြုရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သည်။

Temperature Controlled and Illuminate High Tech Greenhouse သည် အပူချိန်၊ စိုထိုင်းဆများ၊ အလင်းရောင်စနစ်များ၊ စွမ်းအင်ထိရောက်သော ကြိမ်နှုန်းမြင့် အလင်းရောင်စနစ်၊ နေ့/ညထိန်းချုပ်မှု၊ နေ့စဉ်သော်လည်းကောင်း (သို့မဟုတ်) လအလိုက်သော်လည်းကောင်း၊ ထိန်းချုပ်မှုများဆောင်ရွက်နိုင်သည့် ပရိုဂရမ်များ ရေးဆွဲ၍ ထိန်းချုပ်မှုစနစ်ထားရှိနိုင်ခြင်း၊ စမ်းသပ်မှုအလိုက် သီးခြားပရိုဂရမ်နှင့် ဂရပ်ဖစ်များ ထားရှိကာ ဗဟိုထိန်းချုပ်မှုစနစ်ပါရှိခြင်းတို့ကြောင့် ရာသီဥတုနှင့်လိုက်လျောညီထွေသည့် သီးနှံမျိုးသစ်များ သုတေသနပြု ရှာဖွေဖော်ထုတ်ခြင်းသုတေသနနှင့် အဆင့်မြင့် Genetic Engineering သုတေသနများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်သည်ဟု သိရသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

**ကျွန်တော့်မွေးရာဇာတိဖြစ်သည့် ရခိုင်ဒေသက အမေ့ရွာကို ခဏသွားရရန် အကြောင်းတစ်ခုပေါ်လာသည်။ ကျွန်တော့်အဒေါ်၏ ခင်ပွန်း၊ အသက် ၉၅ နှစ် ဦးလေးကွယ်လွန်သည်ဆိုသည့် တယ်လီဖုန်းသတင်းကြောင့် ဦးလေးအသုဘကို ပို့ဆောင်သင်္ဂြိုဟ်ရန် သွားရတော့မည်ဖြစ်သည်။ အဒေါ်၏ခင်ပွန်း ဦးလေးဆိုသော်လည်း ကျွန်တော်တို့ညီအစ်ကိုတွေအပေါ်မှာ သားသမီးအရင်းကဲ့သို့ ချစ်ခဲ့သည့်မိဘဖြစ်၍ နောက်ဆုံးခရီးကို ပို့ဆောင်ရန် ရွာကိုခဏပြန်မည်ဟု ဆုံးဖြတ်သည်။**

ဒီနေ့ကွယ်လွန်ခြင်းဖြစ်၍ မနက်ဖြန်တစ်ရက်အလောင်းပြင်ဆင်ထားကြဦးမည်။ သန်ဘက်ခါသင့်တော်သည့်အချိန်မှာ အသုဘချမည်ဖြစ်သည်။ ကျွန်တော်လာမည်ဟု ပြောလိုက်သည့်အတွက် ကျွန်တော်မရောက်မချင်း အသုဘချမည်မဟုတ်၊ ယနေ့မသွားနိုင်၍ မနက်ဖြန်မှသွားမည်ဆိုလျှင် ညနေမှ လိုင်းကားတွေထွက်မည်ဖြစ်၍ အသုဘချမည့်နေ့မှ ရောက်သွားမည်။ ကသီလင်တ၊ ဖုတ်ပူမီးတိုက်ဖြစ်မည်။ မနက်ဖြန်မနက်ထွက်မည့်လေယာဉ်ဖြင့်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

ရန်ကုန်–သံတွဲလေယာဉ်လက်မှတ်ကို အွန်လိုင်းမှဝယ်လိုက်သည်။ ရှစ်သောင်းပေးရသည်။ ကျွန်တော်ပြုံးလိုက်မိသည်။ ပြည်တော်သာခေတ်၊ ကျွန်တော်ရွာကထွက်လာခဲ့စဉ်က သံတွဲမြို့မှရန်ကုန်မြို့ကို ပြေးဆွဲနေသည့် ယူဘီအေလေယာဉ်ကုမ္ပဏီပိုင် ဒါကိုတာလေယာဉ်များသည် ခရီးသည် ၂၀ ခန့်သာတင်ပြီး ပြေးဆွဲပျံသန်းသည်။ လေယာဉ်စီးခ ၅၀ သာပေးရသည်။ နှစ်ပေါင်း ၆၀ ခန့်အကြာမှာ လေယာဉ်စီးခ ရှစ်သောင်းဖြစ်သွားပါရောလားဟုတွေးမိ၍ ပြုံးလိုက်မိခြင်းဖြစ်သည်။




နံနက် ၈ နာရီမှာ လေယာဉ်ကွင်းအရောက်လာရမည်ဆို၍ ၆ နာရီကပင် အိမ်ကထွက်ရပါသည်။ ၉ နာရီမှာ လေယာဉ်ထွက်သည်။ သံတွဲမြို့က မဇင်လေဆိပ်ကို ၁၀ နာရီမှာ ရောက်သည်။ ကျွန်တော်တို့ရွာဘက်ကိုသွားမည့် လိုင်းကားကိုမီသေး၍ နေ့လယ် ၁၂ နာရီမှာ ထွက်သည့်လိုင်းကားဖြင့် မိုင် ၄၀ ဝေးသည့် ကျွန်တော့်ရွာကို ထွက်ခွာခဲ့ပါသည်။ သံတွဲမြို့မှ စတင်ထွက်ခွာလာသည့် ဘတ်စ်ကားကြီးပေါ်မှာ ထိုင်လိုက်ပါရင်း လမ်းဝေးဝဲယာက မြင်ကွင်းတွေကို ငယ်ဘဝအလွမ်းပြေကြည့်ပြီး လိုက်ပါလာခဲ့ပါသည်။

သံတွဲမြို့မှ ၁၀ မိုင်အကွာမှာရှိသည့် ကျောက်ကြီးရွာကို ရောက်သည့်အခါ ကျွန်တော့်စိတ်အစဉ်သည် အတိတ်တစ်ခွင်ကို နှစ်ပေါင်း ၆၀ ကျော် ပြန်လည်ရောက်ရှိသွားခဲ့ပါသည်။ ကျွန်တော့်အဘိုးနှင့်အဘွားသည် ကျောက်ကြီးရွာဇာတိဖြစ်သည်။ အဘွားသည် သူဌေးသမီးဖြစ်၍ ကျွန်တော့်အဘိုးသည် သူဌေးသမက်ဖြစ်သည်။ ကျွန်တော်ငယ်ငယ် ဆယ်နှစ်သားအရွယ်က ကျွန်တော့်အဘိုးနှင့်အဘွားတို့ပိုင်သည့်မြေတွေ၊ ယာတွေကို မြင်ဖူးလိုက်သည်။ ကျောက်ကြီးကွင်း၊ ကြာညိုတော၊ ညောင်ပင်ကွင်း၊ မုဆိုးမကွင်း၊ သစ်ငုတ်တိုရွာဆိုသည့်ရွာများမှာ အဘိုးနှင့်အဘွားတို့ပိုင်သည့် လယ်တွေ၊ ကိုင်းတွေနည်းနည်းနောနောမဟုတ်၊ လက်ညှိုးထိုးမလွဲရှိခဲ့သည်ကို မှတ်မိသည်။

၁၉၅၀ ပြည့်နှစ်လောက်မှာ ကျွန်တော်တို့ဒေသကို တောခိုလာကြသည့် ကွန်မြူနစ်တွေက လယ်လုပ်သူသာ လယ်ပိုင်ရမည်ဆိုသည့် သူတို့မူဝါဒအရ လယ်ယာမြေများကိုသိမ်းယူပြီး ဝေခြမ်းရေးလုပ်သည်။ အဘိုးနှင့်အဘွားတို့ပိုင်လယ်တွေကို လုပ်ကိုင်ခဲ့ကြသည့် လယ်သူရင်းငှားတွေအားလုံး လယ်ပိုင်ရှင်တွေဖြစ်ကုန်ကြသည်။ အဘိုးနှင့်အဘွားတို့ လက်မဲ့ဖြစ်ပြီး ဆင်းရဲသွားခဲ့ကြတော့သည်။

အဘိုးသည် သူဌေးဘဝမှဆင်းရဲသားဖြစ်သွား၍ ရှက်ပြီး အိမ်ထဲက အိမ်ပြင်မထွက်ဘဲ နှစ်ပေါင်း ၂၀ နီးပါးနေသွားခဲ့သည်။ အိမ်ထဲက ပက်လက်ကုလားထိုင်မှာပင် ခန္ဓာဝန်ချပြီး ဘဝဇာတ်သိမ်းသွားခဲ့ပါသည်။ ကျွန်တော့်အဘွားကတော့ ဈေးတောင်းခေါင်းရွက်ပြီး ရွာစဉ်လျှောက်ကာ ဈေးရောင်းသည်။ သူ့ဈေးတောင်းထဲမှာ ကွမ်းရွက်၊ ကွမ်းသီး၊ ဆေးရွက်ကြီး၊ ခြံထွက်ငှက်ပျောသီး၊ ကိုယ်တိုင်ဖော်စပ်သည့် တိုင်းရင်းဆေးမျိုးစုံတွေကို ရွာစဉ်လှည့်ရောင်းသည်။ ကျွန်တော်က အဘွားရဲ့ထဘီ၊ အင်္ကျီနှင့်ကျွန်တော့်လုံချည်၊ အင်္ကျီထည့်ထားသည့် လွယ်အိတ်ကလေးကိုလွယ်ကာ နောက်ကလိုက်ခဲ့ရသည်ကို မှတ်မိသည်။

တစ်ခါက အပျိုဘဝဖြင့် ကတ္တီပါဖိနပ်စီး၊ ငွေရိုးတပ်ပုသိမ်ပိုးထီးဆောင်းကာ လှည်းယာဉ်ကြော့ဖြင့် ရွာစဉ်လှည့်ကြွေးတောင်းထွက်ခဲ့ဖူးသည့် သူဌေးသမီးကြီးသည် အခုတော့ သူဆင်းရဲမကြီးဘဝဖြင့် ဈေးတောင်းခေါင်းရွက်ကာ ရွာစဉ်လှည့်ရောင်းနေရပါရောလားဟု တွေးမိခဲ့ပါသည်။ ကျွန်တော်စီးနင်းလိုက်ပါလာသည့် မော်တော်ကားကြီး ညောင်ပင်ကွင်းရွာ၊ မုဆိုးမကွင်းရွာတွေကိုဖြတ်တော့ အဘိုးနှင့်အဘွားတို့ ပိုင်လယ်များကို လုပ်ကိုင်ခဲ့ကြသည့် လယ်သူရင်းငှား ဦးသာလှ၊ အောင်ဖေဆိုသည့်နာမည်တွေကို အမှတ်ရမိပါသည်။

ဘဝတွေ၊ အခြေအနေတွေနှင့်ဒေသမြင်ကွင်းတွေကို နှစ်ပေါင်း ၆၀ ဆိုသည့်ကာလ ယန္တရားက တိုက်စားဝါးမျိုခဲ့ပြီဖြစ်၍ အားလုံးပြောင်းလဲခဲ့ပါပြီ။ လမ်းတစ်လျှောက်ဝဲယာက မြင်ကွင်းတွေသည်လည်း ဟို–––လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ကနှင့် ဘာမျှမတူတော့တာကို သတိထားလိုက်မိသည်။ ဟိုတုန်းက ဟောဒီကျောက်ကြမ်းလမ်းပေါ်မှာ နွားလှည်းတစ်စီးတလေသာ တလူပ်လူပ်မောင်းနေခဲ့ဖူးသည်။ ယခုတော့ ကတ္တရာလမ်းပေါ်မှာ ခရီးသည်တင်မှန်လုံကားကြီးတွေ၊ အအေးခန်းကွန်တိန်နာကားတွေ၊ ကုန်ကားကြီးတွေ၊ ထော်လာဂျီနှင့်တရုတ်လုပ်မော်တော်ဆိုင်ကယ်တွေ ငါးမိနစ်လျှင်တစ်စီးနှုန်းမောင်းသွားနေကြသည်ကို တွေ့နေရသည်။

ဟိုတုန်းက လမ်းဘေးဝဲယာမှာ ဟီးထအောင်ရှိနေခဲ့သည့် ရခိုင်ဒေသ၏ မှတ်သုံ့သစ်တောကြီးလည်းမရှိတော့အောင် ပြောင်တလင်းခါနေသည်။ ကျောက်ကြားရေထွက်တွေ၊ တောင်ကျစမ်းရေတွေလည်း မရှိတော့သည့်အတွက် တောဆင်ရိုင်းအော်သံလည်းမကြား၊ ခြင်္သေ့လည်းမဟောက်၊ ကျားဟိန်းသံလည်းမကြားရ၍ တောကြက်တွေလည်း လန့်မပျံ၊ သမင်လည်းမတောက်၊ ချေလည်းမဟောက်၊ မျောက်လည်းကြိုးမခွေ၊ ဒေါင်းလည်းအိုးမဝေတော့ပါလားဟု တွေးလိုက်လာမိပါသည်။ အော်–––ကာလယန္တရားသည် အားလုံးကိုတိုက်စားဝါးမျိုလိုက်ပြီပါလားဟု သတိရလိုက်ပါသည်။

ရွာကိုရောက်တော့ အိမ်ရှေ့မှာ ခုတင်ဖြင့်တင်ပြီး အလောင်းဆင်ထားသည့်ဦးလေး၏ရုပ်အလောင်းကို ဦးချကန်တော့လိုက်ပါသည်။ ကျွန်တော်ရောက်လာပြီဆိုတော့ ရပ်ဆွေရပ်မျိုးတွေ လာရောက် နှုတ်ဆက်ကြသည်။ မနက်ဖြန်နံနက် ၉ နာရီမှာ အသုဘချမည်ဟု ဆုံးဖြတ်ကြသည်။ နှစ်ပေါင်း ၆၀ မျှကြာအောင် မရောက်တာကြာပြီဖြစ်သည့် ရွာသုသာန်ကိုရောက်ရတော့မည်ဟု တွေးမိပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ က ဂူသွင်းသင်္ဂြိုဟ်ထားသည့်အဘိုးနှင့်အဘွားတို့ရဲ့ အုတ်ဂူတွေကို ကန်တော့မည်ဟု ရည်ရွယ်သည်။

ကျွန်တော့်အဖေနှင့်အမေတို့ကတော့ ရန်ကုန်မြို့မှာ ကွယ်လွန်ခဲ့ကြသည်။ ကျွန်တော်တို့ညီအစ်ကိုတွေက ရန်ကုန်မြို့မှာ အခြေချနေထိုင်ကြပြီး တောရွာမှာနေသည့်အဖေနှင့်အမေတို့ကို ခေါ်ယူလိုက်သည်။ အဖေက ၇၅ နှစ်ဖြင့် ကွယ်လွန်၍ ကြံတောသုသာန်မှာ သင်္ဂြိုဟ်သည်။ အမေက ၈၂ နှစ်မှာ ကွယ်လွန်၍ တာမွေသုသာန် (ယခုအလိုတော်ပြည့်ကျောင်းနေရာ)မှာ သင်္ဂြိုဟ်သည်။ ရွာသုသာန်မှာ အဘိုးနှင့်အဘွား၏ အုတ်ဂူသာ ရှိသည်။

တောရွာအသုဘဖြစ်၍ ဒေသထုံးစံအတိုင်း ခေါင်းကိုထမ်းယူပြီး အသုဘချကြသည်။ ရပ်ရွာမှာ ဂုဏ်သရေရှိမိသားစုဖြစ်သည့်အပြင် ဆွေအုပ်မျိုးအုပ်ကောင်းသည့်အတွက် လိုက်ပါပို့ဆောင်သူများသည်။ သုသာန်ဇရပ်ကိုရောက်လျှင် သရဏဂုံတင်၊ ပရိတ်ရွတ်ကြမည့်သံဃာတော်ငါးပါး ရှေ့ကကြွသည်။ ရွာကထွက်လိုက်သည်နှင့် သုသာန်အစပ်ရောက်သွားတာကို သတိထားလိုက်မိသည်။ ကျွန်တော်တို့ငယ်ငယ်က ရွာကထွက်ပြီး သုသာန်ကိုရောက်အောင်ကွင်းပြင်၊ နွားစားကျက်တစ်ခုကို ဖြတ်ရသေးတာ မှတ်မိသည်။ အခုတော့ ရွာကထွက်လိုက်တာနှင့်သုသာန်ကိုရောက်သလိုဖြစ်နေသည်။ ရွာက တိုးချဲ့လာသလို သုသာန်ကလည်း ကျယ်လာတာဖြစ်မည်ဟု တွေးမိသည်။

အသုဘကိစ္စပြီး၍ သံဃာတော်တွေနှင့်လိုက်ပို့သူတွေပြန်ကြသည့်အခါ ကျွန်တော့်ညီနှင့်ကျွန်တော်တို့သုသာန်ထဲမှာ ကျန်နေခဲ့ကြပါသည်။ အဘိုးနှင့်အဘွားတို့၏အုတ်ဂူတွေကို တောတိုးရှာကြရန် ဖြစ်သည်။ တောရွာသုသာန်ဖြစ်၍ ဒေသစည်းကမ်းအရ သုသာန်ကိုမရှင်းရဆိုသည့် အစဉ်အလာကြောင့် သုသာန်သည် တောထနေပါသည်။ ရှေးလူကြီးတွေ၏ အုတ်ဂူတွေသည် ချုံနွယ်ပိတ်ပေါင်းတွေကြားမှာ ပျောက်နေပါသည်။ ဆရာကြီး ဦးစံရွှေ၊ အဘိုးဦးလှဖေ၊ အမေကြီး ဒေါ်ရွှေသီနှင့် ဦးလှအေးတို့အုတ်ဂူတွေကိုတွေ့ပြီဖြစ်၍ အဘိုးနှင့်အဘွားတို့အုတ်ဂူတွေရှိသည့်နေရာကို ခန့်မှန်း၍ရပြီဖြစ်သည်။

ချုံနွယ်ပိတ်ပေါင်းတွေကိုဖယ်တိုးပြီး ရှေ့ကိုသွားလိုက်တော့ ညောင်မျိုထားသည့် သပြေကြက်ချေးပင်ကြီးအောက်မှာ သုံးပေအကွာမျှနီးအောင်ပြုလုပ်ခဲ့ကြသည့်အဘိုးနှင့်အဘွားတို့၏အုတ်ဂူနှစ်လုံးကို တွေ့လိုက်ရပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ကျော်က အုတ်ဂူပြုလုပ်ခဲ့သည့် ပန်းရန်ဆရာရေးခဲ့သည့် ဦးမောင်မောင်၊ အသက် (၈၀)။ ဒေါ်သူဇာ၊ အသက် (၈၅) နှစ်ဆိုသည့်စာတွေလည်း ရေညှိတွေဖုံး၊ မြက်ရိုင်းတွေ ပေါက်နေသည့်အတွက် ဖတ်မရဖြစ်ခဲ့သည်။ ကျွန်တော်လည်း ထိုင်လို့မရသည့်အတွက် မတ်တတ်က ရှိခိုးဦးချလိုက်ပါသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ လောက်က ရွာပေါင်း ၂၀ ကျော်ကို အုပ်ချုပ်ရသည့် တိုက်နယ်သူကြီး၊ သူဌေးကြီး၏သမီးနှင့်သမက်တို့ လယ်ယာမြေဧကပေါင်းများစွာ ယာခင်းနှင့်ကိုင်းကွက်တွေပိုင်ခဲ့ကြသည့် အဘိုးနှင့်အဘွားတို့နောက်ဆုံးပိုင်နေကြသည့် မြေအကျယ်အဝန်းကတော့ တစ်ယောက်ကို အလျား ၆ပေ၊ အနံ ၄ပေမျှသာရှိပါလားဟု သံဝေဂပွားရင်း သတိရလိုက်ပါသည်။ ■

## စက်မှုကုန်ကြမ်းသီးနှံ (ဝဥ၊ ပီလောပီနံ၊ ကော်ဖီ) စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာသင်တန်းဖွင့်ပွဲ ခန္တီးတွင် ကျင်းပ

ခန္တီး မတ် ၁၁



**စစ်ကိုင်း** တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ခန္တီးခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တောင်သူများအတွက် စက်မှုကုန်ကြမ်းသီးနှံ (ဝဥ၊ ပီလောပီနံ၊ ကော်ဖီ) စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ခန္တီးခရိုင် စိုက်ပျိုးရေးဦးစီးမှူးရုံးတွင် ကျင်းပရာ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးငွေကျော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ရုံးချုပ်၊ ကော်ဖီရာသီ သီးနှံဌာနခွဲမှ ကျွမ်းကျင်ပညာရှင်များက ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ ထန်ပါခွေမြို့နယ်၊ ဒုံဟီးမြို့နယ်၊ ပန်ဆောင်မြို့နယ်တို့မှ တောင်သူ ၁၉ ဦးနှင့် စိုက်ပျိုးပညာပေးဝန်ထမ်း ၄၄ ဦးတို့ကို စာတွေ့လက်တွေ့ပို့ချသင်ကြားပေးသည်။

ကေခိုင်ယုဇော် (မုံရွာ)

# ရာသီဥတု ပူပြင်းလာသဖြင့် ရေခဲပြင်များ အရည်ပျော်မှု များလာ



**ကမ္ဘာ** **တစ်ခွင်မှ သိပ္ပံပညာရှင်များက သူတို့နှစ်နှစ်ကြာ လေ့လာချက်များအရ ကမ္ဘာ့ရာသီဥတုပို၍ပူနွေးလာသောကြောင့် အာတိတ်ဒေသ၊ အန္တာတိတ်ဒေသနှင့်တောင်မြင့်များပေါ်ရှိ ရေခဲတောင်များနှင့်ရေခဲပြင်များသည် အရည်ပျော်မှုများလာနေပြီဟု ဓာတ်ပုံအကိုးအကားများဖြင့် ပြောလာကြသည်။ ယင်းကဲ့သို့ အရည်ပျော်မှုများလာသည့်အတွက် ပင်လယ်သမုဒ္ဒရာ ရေမျက်နှာပြင်များ မြင့်တက်လာပြီး၊ ပင်လယ်သမုဒ္ဒရာများထဲရှိ ကျွန်းကြီးကျွန်းငယ်များနှင့် ပင်လယ်ကမ်းရိုးတန်းဒေသများ၌နေထိုင်ကြသူများသည် ရေဘေးအန္တရာယ်နှင့်ကြုံတွေ့စပြုနေပြီဟု ဆက်လက်ပြောဆိုကြသည်။**

ရေခဲတောင်များနှင့် ရေခဲပြင်များ သည် လေထဲရှိ အပူငွေ့တစ်မျိုးဖြစ်သော မီသိန်းဓာတ်ငွေ့များကို များစွာစုပ်ယူထားလေရာ ရေခဲများအရည်ပျော်မှုများခြင်းသည် မီသိန်းဓာတ်ငွေ့ကို လေထဲ၌ ပိုမိုများစေပြီး၊ ရာသီဥတုကို ပို၍ ပူနွေးစေမည်ဖြစ်၏။

အန္တာတိတ်ဒေသတွင် ရေခဲပြင်များ အရည်ပျော်မှုသည် ၁၉၇၉ ကထက် ယခု ၂၀၁၉ တွင် ခြောက်ဆခန့်ပို၍ အရည်ပျော်မှု များလာသည်ဟု လေ့လာသူများက ပြောကြသည်။

ကမ္ဘာ့မြစ်ကြီးအချို့သည် ရေခဲပြင်များရှိရာ တောင်မြင့်များပေါ်၌ မြစ်များခံကြရလေရာ အဆိုပါတောင်မြင့်များရှိ ရေခဲပြင်များ အရည်ပျော်မှုများသည်နှင့် အမျှ ၎င်းမြစ်များ၌လည်း မြစ်ရေများ နည်းပါးသွားမည်ဖြစ်ပြီး မြစ်ရေများကို အမှီပြုနေကြရသူများ ဒုက္ခတွေ့ကြရမည် ဖြစ်၏။

ဖော်ပြထားသည့်ပုံများမှာ ဥရောပတိုက် အဲလ်စ်တောင်တန်းတစ်နေရာတွင် ၂၀၀၆ နွေရာသီ၌တွေ့ရသည့် ရေခဲပြင်ပုံ (ပုံ-၁) နှင့် ၂၀၁၇ တွင် တွေ့ရသော အဆိုပါရေခဲပြင်ရှိရာပုံ (ပုံ-၂)နှင့် ၂၀၁၉ တွင် ၎င်းရေခဲပြင်ရှိခဲ့ရာနေရာသည် ခန်းခြောက်သွားသည့်ပုံ (ပုံ-၃) တို့ ဖြစ်၏။

**(စထရိတ်တိုင်းမ်စ် ၂၁.၉.၂၀၁၉/ ၂၄.၉.၂၀၁၉)**

---

# ဘန်ကောက်မြို့ ဘုံဘိုင်ရေများထဲတွင် ဆားငန်ဓာတ်များ ရောက်ရှိလာ

**ထိုင်း** **နိုင်ငံ ဘန်ကောက်မြို့အုပ်ချုပ်ရေးအာဏာပိုင်များသည် ဘန်ကောက်မြို့ရှိ ရပ်ကွက်အချို့သို့ သောက်သုံးရေများကို လိုက်လံဝေငှပေးနေရသည်ဟု ဘန်ကောက်မြို့ ရိုက်တာသတင်းဌာနမှ သတင်းဖော်ပြလိုက်သည်။**

ရာသီဥတုသုတေသီတို့က ဘန်ကောက်အပါအဝင် အာရှမြို့ကြီးအတော်များများ၌ ရာသီဥတု ပူပြင်းခြောက်သွေ့မှုပိုလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းများကြောင့် ရေချိုများထဲ၌ ဆားငန်ဓာတ်များ ဝင်ရောက်မှုများလာနေကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

ခန့်မှန်းချက်မှာ ယခု ၂၀၂၀ ပြည့်နှစ်တွင် ထိုင်း၏ ခြောက်သွေ့ရာသီသည် ပုံမှန်အတိုင်းဆိုလျှင် နိုဝင်ဘာမှ ဧပြီအထိသာ ရှည်ကြာရမည်ဖြစ်သော်လည်း နောက်ထပ်နှစ်လတိုးကာ ဇွန်အထိ ရှည်ကြာမည်ဟူ၍ဖြစ်၏။ လောလောဆယ်တွင် ထိုင်းနိုင်ငံ ခရိုင် ၁၄ ခုသည် ပူပြင်းခြောက်သွေ့နေသောခရိုင်များ ဖြစ်နေပြီဟု သုတေသီတို့က ပြောလာကြသည်။ အထူးသဖြင့် ရာသီဥတု ပူပြင်းခြောက်သွေ့သည့်ကာလများ၌ မြေအောက်ရေများ ဆုတ်ယုတ်မှုများသည့်အခါ ပင်လယ်ဆားငန်ရေများသည် အဆိုပါနေရာများထဲသို့ စိမ့်ဝင်လာသည်ဟု ဆို၏။

ဘန်ကောက်မြို့ အုပ်ချုပ်ရေးအဖွဲ့သည် မြေအောက်မှရေများ ထုတ်ယူသုံးစွဲခြင်းကို ထိန်းထိန်းသိမ်းသိမ်း ပြုလုပ်နေရသော်လည်း ပင်လယ်ရေမြင့်တက်လာနေခြင်းကိုမူ မတားနိုင်ပေ။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသအနှံ့၌လည်း ပင်လယ်ဆားငန်ရေဝင်ရောက်လာနေမှုသည် လယ်ယာလုပ်ငန်း၌ အနှောင့်အယှက်ကြီးဖြစ်နေ၏။ ဆားငန်ရေဒဏ်ခံနိုင်သော ကောက်ပဲသီးနှံပင်များကို ယခုကတည်းက သုတေသနပြုလုပ်၍ စိုက်ပျိုးကြရန် စိုက်ပျိုးရေးပညာရှင်များက လယ်သမားများကို နှိုးဆော်နေကြသည်။

**(စထရိတ်တိုင်းမ်စ် ၁၁.၁.၂၀၂၀)**



ဘန်ကောက်မြို့ ရေပေးဝေရေး အာဏာပိုင်တို့၏ အဆိုအရ ထိုင်းမြို့တော် ဘန်ကောက်ရှိ ဘုံပိုင်ရေသည် ဆားငန်ဓာတ်များလာနေကြောင်း၊ ဤသို့ဖြစ်ရခြင်းမှာ ရေခန်းခြောက်လာသည့် ချာအိုဖလာရာမြစ်ထဲသို့ ပင်လယ်ရေများ စိမ့်ဝင်လာမှုရှိလာကြောင်း၊ ချာအိုဖလာရာမြစ်မှာ ထိုင်းနိုင်ငံ အလယ်ပိုင်းဒေသအတွက် ရေများကို အဓိကပေးဝေရာမြစ်ဖြစ်သည်ဟု သိရ၏။

ထိုင်းအစိုးရကလည်း ပြည်သူများ ရေကို ချွေချွေတာတာသုံးစွဲကြရန် နှိုးဆော်လျက်ရှိ၏။

ထိုင်းမိုးလေဝသဌာန၏ ကြေညာခြင်းခံထားရ၏။

ပင်လယ်ဆားငန်ရေများ ကုန်းတွင်းပိုင်းသို့ စိမ့်ဝင်လာခြင်းကြောင့် လယ်ယာစိုက်ခင်းများနှင့် သောက်သုံးရေကို ထိခိုက်မည် ဖြစ်၏။

မွန်ဘိုင်း၊ ရှန်ဟဲ၊ ဘန်ကောက်၊ ဟိုချီမင်းစီတီနှင့်ဂျာကာတာစသော အာရှမြို့ကြီးများသည် ပင်လယ်ကမ်းခြေမြို့များဖြစ်ကြလေရာ မြေနိမ့်ပိုင်း၌ ကျရောက်နေ၍ ပင်လယ်ဆားငန်ရေဝင်ရောက်လာမှုဒဏ်ကို ခံလာကြရ၏။

မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့များမှာ ပင်လယ်ဆားငန်ရေများ ဝင်ရောက်လာမှုဘေးအန္တရာယ်နှင့်ကြုံတွေ့နေကြရသည်

မြသိန်း

---

# ဒူးနာဝေဒနာ

**အသက်** **အရွယ်ကြီးလာသောအခါ ဒူးနာဝေဒနာကို ရရှိလာတတ်၏။ စင်ကာပူနိုင်ငံတွင် လူဦးရေ၏ထက်ဝက်နီးပါးမှာ ဒူးနာဝေဒနာကို ခံစားနေကြရကြောင်း သိရသည်။ ထိုထက်ဝက်တွင်အားလုံးမှာ ဆရာဝန်ထံသွား၍ ဆေးကုသမှုကိုမခံကြဘဲ ထိုထက်ဝက်၏ ထက်ဝက်ခန့်သည်သာ သက်ဆိုင်ရာဆရာဝန်များထံသွား၍ ဆေးကုသမှုကိုခံယူကြသည်။ သို့တိုင်အောင် သူတို့သည် ဒူးနာခါစ၌ မသွားကြသေးပေ။ တစ်နှစ်နီးပါးခန့်အကြာ ဝေဒနာမသက်သာတော့မှသာ ဆရာဝန်ထံ သွားကြ၏။**

ဒူးနာဝေဒနာမှာ ဒူးခေါင်းရှိ အဆစ်များအားပျော့လာခြင်း၊ ယိုယွင်းလာခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ဒူးဆစ်အရိုးများကြားထဲ၌ ပျော့ပျောင်းသော အရိုးနုအမြှေးများရှိလေရာ ဒူးခေါင်းအလုပ်လုပ်ရဖန်များလာသောအခါ၌ အဆိုပါအမြှေးများပါးသွားပြီး တိုက်စားခြင်းခံရတော့သည်။ ထိုအခါ ဒူးရိုးများသည် ကြားခံအမြှေးများမရှိတော့သဖြင့် တစ်ခုနှင့်တစ်ခု တိုက်ရိုက်ထိတွေ့ပြီး ကြာလာသောအခါ ယောင်လာခြင်း၊ နာလာခြင်းတို့ ဖြစ်လာလေတော့သည်။

ဒူးနာဝေဒနာအဖြစ်များသူများ၏ ၅၀ ရာခိုင်နှုန်းမှာ ခြေထောက်ကို အသုံးပြုမှုများသည့် အားကစားသမားများဖြစ်ကြပြီး ၃၆ ရာခိုင်နှုန်းမှာမူ အထိုင်များသူများဖြစ်ကာ ၃၃ ရာခိုင်နှုန်းမှာမူ မျိုးရိုးကြောင့်ဖြစ်သည်ဟု သိရသည်။

စင်ကာပူတွင် ဒူးဝေဒနာခံစားရသူများ၏ ၅၅ ရာခိုင်နှုန်းခန့်သာ ဆရာဝန်များနှင့်ပြကြပြီး ၃၄ ရာခိုင်နှုန်းမှာ မိမိတို့ဖာသာမိမိတို့နည်းဖြင့် ဝေဒနာသက်သာအောင် ကုသကြပြီး ကျန် ၁၁ ရာခိုင်နှုန်းမှာမူ ဘာမှမလုပ်ဘဲ ဝေဒနာကို အောင့်ခံထားကြသည်။

ဆရာဝန်နဲ့ဘာဖြစ်လို့ သွားမပြသလဲဟု စုံစမ်းသောအခါ ၄၂ ရာခိုင်နှုန်းက ဒူးနာခြင်းသည် ဆရာဝန်နှင့်ပြရလောက်အောင် ဆိုးဝါးသောဝေဒနာမဟုတ်ဟု ယူဆကြသည်။ ၃၁ ရာခိုင်နှုန်းကမူ ဤဝေဒနာသည် လူတို့တွင် ဖြစ်လေ့ဖြစ်ထရှိသော အကိုက်အခဲဝေဒနာသာဖြစ်သည်ဟုသာ ပြောကြသည်။ ၁၉ ရာခိုင်နှုန်းကမူ ဆေးကုရန်မလိုသောဝေဒနာတစ်မျိုးဟု သတ်မှတ်ကြသည်။

ယခုအခါ ဒူးနာဝေဒနာကို ခွဲစိတ်၍ ကုသနည်းဖြင့် ဝေဒနာသက်သာအောင် ပြုလုပ်လာကြသည်။ ငွေကြေးအကုန်အကျ များ၏။




ဒူးနာအတွက် ပျောက်ကင်းစေသော ဆေးများမရှိ၊ ဝေဒနာသက်သာအောင် အနေအထိုင်ကို ဂရုစိုက်ရမည်ဖြစ်သလို အဝမလွန်ရန် (ကိုယ်အလေးချိန်မတိုးရန်) နေထိုင်စားသောက်သွားရန် လို၏။ အရိုးများသန်မာရန်၊ အဆစ်ရှိ အရည်များလည်ပတ်ရန် လမ်းလျှောက်သောလေ့ကျင့်ခန်းကို ပြုလုပ်ပေးခြင်းဖြင့်လည်း ဒူးနာဝေဒနာသက်သာမည်ဟု ဆေးပညာရှင်များက ပြောကြသည်။

**(စထရိတ်တိုင်းမ်စ် ၁၅.၁၀.၂၀၁၂)**

---

# သစ်တောများပြုန်း၍ လိပ်ပြာမျိုးစိတ်များ မျိုးသုဉ်းလာ

**လိပ်ပြာ** **များသည် လူတို့နေထိုင်ရာ ဤကမ္ဘာကို များစွာအကျိုးပြု၏။**

ကမ္ဘာတွင် ပေါက်ရောက်နေသည့် သစ်ပင်များ၊ ပန်းပင်များ မျိုးမသုဉ်းဘဲ ရှင်သန်ရန် သစ်ပင်ပန်းပင်မျိုးများ၏ မျိုးစေ့များပေါက်ပွားရန် ဝတ်မှုန်ကူးပေးခြင်းအလုပ်ကို တွင်တွင်ကျယ်ကျယ် ပြုလုပ်ပေးသောကြောင့် ဖြစ်သည်။

သစ်ပင်ပန်းပင်များ ပေါများလျှင် လိပ်ပြာများ များစွာရှိမည်။ လိပ်ပြာများ ကောင်ရေနည်းလာလျှင် သစ်ပင်ပန်းပင်များနည်းလာမည်။ သစ်တောများ ပြုန်းတီးမှုများလာမည် ဖြစ်၏။

လူ့ပယောဂကြောင့် ယခုအခါ ကမ္ဘာ့သစ်တောများပြုန်းတီးမှုများလာနေရာ လိပ်ပြာများ၏ကောင်ရေသည်လည်း လျော့နည်းလာနေပြီး လိပ်ပြာမျိုးစိတ်များ မျိုးသုဉ်းလျက်ရှိနေပြီဟု လိပ်ပြာသုတေသီတို့က သတိပေးလျက်ရှိသည်။

စင်ကာပူနိုင်ငံတွင် လိပ်ပြာမျိုးစိတ်များသည် ယခင်နှစ်ပေါင်း ၁၆၀ ကထက် ထက်ဝက်နီးပါး မျိုးသုဉ်းပျောက်ကွယ်ကုန်ပြီဟု ဆိုသည်။

စင်ကာပူတွင် လိပ်ပြာမျိုးစိတ်ပေါင်း ၄၁၃ ခုခန့်ရှိခဲ့ရာ ယခုအခါ မျိုးစိတ်ပေါင်း ၂၃၆ ခန့်မှာ ပျောက်ကွယ်သွားပြီဟု ဆိုသည်။ ယင်းသို့ ပျောက်ကွယ်သွားရခြင်း၏ အဓိကအကြောင်းရင်းမှာ သစ်တောများပြုန်းတီးမှုကြောင့်ဟု အခိုင်အမာပြောဆိုကြသည်။



စင်ကာပူနည်းတူပင် ကမ္ဘာ့အခြားနိုင်ငံများ၌လည်း လိပ်ပြာများ မျိုးသုဉ်းလျက်ရှိ၏။ ဥပမာ-ဗြိတိန်နိုင်ငံတွင် လိပ်ပြာမျိုးစိတ်များ၏ ၇ ရာခိုင်နှုန်းမှာ မျိုးသုဉ်းသွားပြီဟု သိရသည်။

**လူတို့၏သဘာဝပတ်ဝန်းကျင် မပျက်စီးဘဲ ရှင်သန်နေရေးကို လူတို့က ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ရာ လိပ်ပြာများ မျိုးမသုဉ်းရေးကို လူတို့က ဝိုင်းဝန်းလုပ်ဆောင်ကြပါမှ အောင်မြင်မည်ဖြစ်၏။ (စထရိတ်တိုင်းမ်စ် ၁၂.၁.၂၀၂၀)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နယ်သာလန်သံရုံးမှ Agricultural Counsellor ဦးဆောင်သည့်အဖွဲ့အား လက်ခံ တွေ့ဆုံ

နေပြည်တော် မတ် ၂၀

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံရုံးမှ Agricultural Counsellor Mr.Frederik Heijink ဦးဆောင်သည့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌လက်ခံတွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးသည်။ (ပုံ)

နှစ်ဖက်ဆွေးနွေးစဉ် စိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းကဏ္ဍဆိုင်ရာများ၊ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များ လေ့ကျင့်မွေးထုတ်ရာတွင် ကျွမ်းကျင်မှုအရည်အသွေးမြှင့်တင်ရန်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများရှိ ဆရာ၊ ဆရာမများ၏ သင်ကြားရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရန်၊ စိုက်ပျိုးရေးဆိုင်ရာ အခြေခံကောင်းများရှိသောနေရာဒေသများကို ရွေးချယ်၍ ကနဦးစတင်၍ ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**



# ဆင်းရဲနွမ်းပါးသည့်အမျိုးသမီးများနှင့် လူငယ်လူရွယ်များအတွက် ရည်ရွယ်ဆောင်ရွက်ပေးမည့် အမျိုးသမီးများနှင့်ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းနားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၁၃

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သော လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အမျိုးသမီးများနှင့်ကျေးလက်နေပြည်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် Finn Church Aid (FCA)အဖွဲ့တို့ နားလည်မှုစာချွန်လွှာ (MOU)လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းက နေပြည်တော် ရုံးအမှတ် ၁၆ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Finn Church Aid (FCA) အဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်နှင့် Finn Church Aid (FCA) အဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Henry Braun တို့က **အမျိုးသမီးများနှင့် ကျေးလက်နေပြည်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း** အကောင်အထည်ဖော်ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးကြသည်။ **(ပုံ)**




ဖင်လန်နိုင်ငံ ဟယ်ဇင်ကီးမြို့၌ အခြေစိုက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော FCA သည် မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် ကျေးလက်နေပြည်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းကို အမေရိကန်ဒေါ်လာတစ်သန်းဖြင့် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးသည့်အမျိုးသမီးများနှင့် လူငယ်လူရွယ်များအတွက် ရည်ရွယ်ဆောင်ရွက်ပေးမည့် စီမံကိန်း ဖြစ်သည်။

စီမံကိန်းဒေသရှိ ပြည်သူများ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်လာနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ အမျိုးသမီးများအတွက် ကိုယ့်အားကိုယ်ကိုးအဖွဲ့များဖြစ်လာစေရန် ဖွဲ့စည်းပေးခြင်း၊ သင်တန်းဆင်းများအတွက် တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်များ တည်ထောင်လုပ်ကိုင်နိုင်ရန် စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ရင်းနှီးငွေများထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ဒေသအသီးသီးမှ တောင်းဆိုချက်များအရ မြန်မာနိုင်ငံတစ်ဝန်းတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယ ၁၂လတာကာလအတွင်း အသက်မွေးဝမ်းကျောင်းကာလတိုသင်တန်း ၅၀၂ ကြိမ်နှင့် သင်တန်းသား ၁၀၃၆၃ ဦး မွေးထုတ်နိုင်ခဲ့ကာ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းသင်တန်း ၃၆၅ ကြိမ်ဖွင့်လှစ်ရန် လျာထားပြီး ဖေဖော်ဝါရီအထိ သင်တန်း ၁၉၁ ကြိမ်တွင် သင်တန်းသား ၃၈၄၁ ဦးတို့အား အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

# ဈေးကွက်အလားအလာကောင်းသည့် နှမ်းနက်မျိုးကောင်းမျိုးသန့် ပွားများထုတ်လုပ်နိုင်ရန် သုတေသနပြု

**နှမ်း**သီးနှံတွင် ဗီတာမင်အေ၊ ဘီ၊ စီ၊ ဒီ၊ ပရိုတင်းဓာတ်၊ ပိုတက်စီယမ်နှင့် အမျှင်ဓာတ်များပါဝင်ခြင်း၊ မပြည့်ဝဆီ (မိုနိုမပြည့်ဝဆီနှင့် ပိုလီမပြည့်ဝဆီ)များ ပါဝင်ခြင်းနှင့် ကိုလက်စထရောလုံးဝမပါဝင်ခြင်းကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီရရှိမည် ဖြစ်သည်။

အထူးသဖြင့် နှမ်းနက်တွင် ဆေးဖက်ဝင်အာနိသင်များ (ဥပမာ–ကိုယ်ခံအားကောင်းခြင်း၊ သွေးဖိအားထိန်းညှိပေးခြင်း၊ အစာခြေအားကောင်းခြင်း)ပါဝင်ခြင်းကြောင့် စားသုံးသူကြိုက်နှစ်သက်သည့်အရသာ၊ အရည်အသွေးကောင်းများပါဝင်သည့် ဈေးကွက်အလားအလာကောင်းသည့် နှမ်းနက်သုတေသနများ ဆောင်ရွက်ရန်သည်လည်း အရေးပါသည့် အခန်းကဏ္ဍတစ်ရပ် ဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR)သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်အေဂျင်စီ (JICA) နှင့် အကျိုးတူပူးပေါင်း၍ နှမ်းနက်မျိုးများ၏ အရည်အချင်းနှင့် အရည်အသွေးလက္ခဏာများလေ့လာခြင်း သုတေသနကို ဆီထွက်သီးနှံသုတေသနဌာနစုစိုက်ခင်း၌ သုတေသနပြုဆောင်ရွက်လျက် ရှိသည်။

အဆိုပါနှမ်းနက်သုတေသနကို ၂၀၁၉ ခုနှစ် စတင်ဆောင်ရွက်ခဲ့စဉ်က နှမ်းသီးနှံအဓိကထား စိုက်ပျိုးသည့်ဒေသအသီးသီးမှ စုဆောင်းရရှိသည့် နှမ်း ၁၈ မျိုးဖြင့် သုတေသနပြု စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး၊ မျိုးတစ်ခုချင်းစီအလိုက် ပင်ပိုင်းဆိုင်ရာလက္ခဏာများဖြစ်သည့် အပင်ပုံစံ၊ ပင်စည်အရောင်၊ အရွက်အရောင်များ အပါအဝင် ပန်းပွင့်ချိန်၊ အသီးပုံစံနှင့် အသီးအရောင်၊ သက်တမ်းနှင့်အထွက်နှုန်းစသည့်အရည်အချင်းလက္ခဏာများကို အသေးစိတ်မှတ်တမ်းများကောက်ယူ၍ သုတေသနပြုလေ့လာခဲ့ခြင်းဖြစ်သည်။ ယင်းစမ်းသပ်သုတေသနမှ ရရှိသည့် နှမ်းနက်မျိုး ၁၈ မျိုး၏ နမူနာများကို JICA ၏ အကူအညီဖြင့် ဂျပန်နိုင်ငံသို့ ပေးပို့ကာ စားသုံးသူကြိုက်နှစ်သက်သည့် အရသာ၊ အရည်အသွေးနှင့်အာဟာရဓာတ်ပါဝင်မှုတို့ကို စမ်းသပ်ခဲ့သည်။

ဂျပန်နိုင်ငံသို့ နမူနာများ ပေးပို့ခဲ့သည့် မျိုး ၁၈ မျိုးအနက်မှ လေးမျိုးဖြစ်သည့် မျိုးနံပါတ်–၁ (သိပ္ပံနှမ်းနက်၊ DAR –မကွေး)၊ မျိုးနံပါတ်–၄ (သိပ္ပံနှမ်းနက်)၊ မျိုးနံပါတ်–၅ (စမုန်နက်နှမ်း) နှင့် မျိုးနံပါတ်–၁၂ (မုံတောကြီးစမုံနက်) နှမ်းနက်မျိုးတို့မှာ စားသုံးသူကြိုက်နှစ်သက်သည့်အရသာနှင့်အရည်အသွေးကောင်းများရှိခြင်းကြောင့် အဆိုပါ နှမ်းနက်လေးမျိုးကို မျိုးသန့်ပွားများခြင်း သုတေသနကို ဆီထွက်သီးနှံသုတေသနဌာနစုတာဝန်ခံ ဒေါက်တာခင်မျိုးဝင်းနှင့် သုတေသနပညာရှင်များအဖွဲ့က မိုးကြိုနှမ်းသုတေသနအဖြစ် ယခု ၂၀၂၀ ပြည့်နှစ်တွင် ဆက်လက်သုတေသနပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ပုံ)စိုက်ပျိုးရေးသုတေသနဦးစီးဌာန**





# အာဟာရပြည့်ဝ၍ ဘေးကင်းလုံခြုံစိတ်ချရသည့် အရည်အသွေးပြည့် စားသောက်ကုန်များ ထုတ်လုပ်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၂၃**

**ဥရောပ သမဂ္ဂအဖွဲ့အစည်းအထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် အာဟာရကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး သဘောတူညီချက် (NSRC) စီမံကိန်း၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကို ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ မတ်လတတိယပတ်က ကျင်းပသည်။**

ဆွေးနွေးပွဲတွင် အဆိုပါစီမံကိန်း၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဥရောပ သမဂ္ဂအဖွဲ့အစည်းမှ Mr.Niels Morel ဦးဆောင်သောအဖွဲ့ (FAO Project Formulation Team) သည် စိုက်ပျိုးရေး သုတေသနဦးစီးဌာနသို့ လာရောက် ဆွေးနွေးရာ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် သုတေသန ပညာရှင်များက လက်ခံတွေ့ဆုံသည်။

ဆွေးနွေးပွဲတွင် အာဟာရပြည့်ဝ၍ ဘေးကင်းလုံခြုံစိတ်ချရသည့် အရည် အသွေးပြည့်မီသော စားသောက်ကုန်များ ထုတ်လုပ်ရေးနှင့်အသိပညာတိုးပွားရေး တို့အတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လျာထားချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စီမံကိန်း ဧရိယာများဖြစ်သည့် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် စိုက်ပျိုးရေးဦးစီးဌာန (DOA) တို့မှ မျိုးဆက်သစ်ပညာရှင်များ၏ စွမ်းဆောင် ရည်မြင့်မားရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချရေးနှင့် လက်တွေ့သုတေသနများ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ စီမံကိန်းဧရိယာအတွင်းရှိ လုပ်ကွက်ငယ်တောင်သူများအား အာဟာရပြည့်ဝ၍ ဘေးကင်းလုံခြုံစိတ်ချ ရသည့် အရည်အသွေးပြည့်မီသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပဲမျိုးစုံ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် စိုက်ပျိုးရေးစနစ်များ ကျင့်သုံးနိုင်ရေးတို့ အတွက် လိုအပ်သည့်မျိုး၊ နည်းပညာများ ထောက်ပံ့ပေးရေးနှင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချရေး တို့ကို အဓိကထားညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့သရက် ပြည်ပဈေးကွက် ကျယ်ပြန့်လာ

**ဖေအောင်ကျော် (ရက္ခဗေဒ)**

**'အသီး မှာ သရက်၊ အသားမှာ ဝက်'၊ 'အရွက်မှာ လက်ဖက်'ဟု အရသာရှိမှုနှင့်ပတ်သက်၍ ဆိုစကားတစ်ရပ်ရှိသည်။**

မြန်မာနိုင်ငံသည် သရက် ကောင်းစွာဖြစ်ထွန်းသည့်နိုင်ငံဖြစ်ရုံ သာမက စိန်တလုံး၊ မြကျောက်၊ ရွှေဟင်္သာအပါအဝင် ဒေသအလိုက် သရက်မျိုးကောင်းများစွာ ထွက်ရှိသည်။

ထိုအထဲတွင်မှ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် နယ်ထွက် စိန်တလုံးသရက်မှာ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် နာမည်ကောင်းရကာ ရောင်းပန်းလှသည့် သရက်မျိုးဖြစ်သည်။

ထို့ကြောင့်လည်း အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံဈေးကွက်သို့ အရေအတွက်များစွာ တင်ပို့နေရသည်။

သို့သော် မမျှော်လင့်ဘဲ တရုတ် နိုင်ငံ ဝူဟန်မြို့က စတင်ခဲ့သည့် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါသည် ယခုအခါ ကမ္ဘာတစ်ဝန်းသို့ လျင်မြန်စွာ ပျံ့နှံ့သွားကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ကပါ ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာသည့် အဆင့်သို့ရောက်ရှိလာခဲ့၍ လွန်ခဲ့သည့်ရက်ပိုင်းက သရက်ခြံပိုင်ရှင် မိတ်ဆွေတစ်ဦးက နံနက်စောစော မိမိထံသို့ ဖုန်းဆက်လာသည်။

"ဒီနှစ်သရက်တွေ ဖူးပွင့်တာ အားကောင်းလို့ သရက်အထွက်ကောင်း မယ့်နှစ်ကျမှ တရုတ်ဈေးကွက်ပျက်ရ မလားမသိတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ အကြံပေးပေးပါဦးဗျာ"

တကယ်တော့ အဆိုပါမိတ်ဆွေ နှင့်အတူ မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သရက်ပို့ကုန်လုပ်ငန်းရှင် ဦးကျော်စိုးနိုင် (မန္တလေး)နှင့် ကျွန်တော်တို့သုံးဦး အိန္ဒိယ နိုင်ငံ နယူးဒေလီ လယ်ယာသုံးစက် ကိရိယာပြပွဲကြီးသို့ နှစ်ကြိမ်တိုင်တိုင် အတူသွားရောက်ခဲ့၍ ရင်းနှီးသူများ ဖြစ်ကြသည်။

ထို့ကြောင့် ကျွန်တော်လေ့လာ ကြည့်မိသမျှ ယခုနှစ်သရက်ဈေးကွက် အခြေအနေနှင့်ပတ်သက်၍ သူ့ စိတ်အေး သွားရန် အကြံပေးရသည်။

စိန်တလုံးကဲ့သို့ ဈေးကွက်အကြိုက် မြန်မာ့သရက်များသည် တရုတ် ဈေးကွက်တစ်ခုသာမက ယခုနောက်ပိုင်း အခြားပြည်ပနိုင်ငံဈေးကွက်များလည်း ရရှိထားပြီးကြောင်း သိရသည်။

အကယ်၍ တရုတ်နိုင်ငံ ဈေးကွက် က အခက်အခဲရှိမည်ဆိုပါက သရက်သီး ကို အနှစ်ထုတ်ကာ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်မည့် ဂျပန်နိုင်ငံကုမ္ပဏီက အဝယ်ကမ်းလှမ်းထားတာ ရှိနေသည်။

ထို့ပြင် အဆိုပါဂျပန်နိုင်ငံက မြန်မာ့သရက်သီးကို အနှစ်ထုတ်ပြီး ဝယ်ယူသွားမည်ဆိုပါက သရက်စိုက် တောင်သူများအနေဖြင့် အခြေအနေ ကောင်း ရှိနေသည်ဟု သိရသည်။

မြန်မာနိုင်ငံတစ်ဝန်း သရက် ဧကသိန်းချီ၍ စိုက်ပျိုးဖြစ်ထွန်းသည့် အနက် မန္တလေးတိုင်းဒေသကြီး တစ်ခုတည်းတွင် ဧကလေးသောင်း နီးပါးရှိနေသည် ဆို၏။

မြန်မာ့စိန်တလုံးသရက်မှာ ယခင်က တရုတ်ဈေးကွက်သို့ အများဆုံး တင်ပို့နေခဲ့ပြီး ယခုအခါ ဂျပန်နိုင်ငံက သာမက စင်ကာပူနိုင်ငံကလည်း ဝယ်ယူ နေကြောင်း သိရသည်။ ■



# ရေနံချောင်းမြို့နယ် ကျေးရွာ ၁၆ ရွာ VDP ထောက်ပံ့ငွေ ပေးအပ်

**ရေနံချောင်း မတ် ၁၄**

**ရေနံချောင်းမြို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၁၂ ရက်နံနက်ပိုင်းက ရေနံချောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မကွေးတိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်က အမှာစကား ပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစီးမှူး ဦးဇော်လင်း နိုင်နှင့် ဌာနဆိုင်ရာများက ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ ၁၆ ရွာ အတွက် (VDP) ထောက်ပံ့ငွေ ကျေးရွာ တစ်ရွာလျှင် ကျပ်သိန်းတစ်ရာစီအား လွှဲပြောင်းပေးအပ်သည်။**

ယခု ဘဏ္ဍာရေးနှစ်တွင် ရေနံချောင်း မြို့နယ် ကမ္ဘကျေးရွာ၊ ချောင်းမကြီး ကျေးရွာ၊ ဖရဲကျွန်းရွာမကျေးရွာ၊ ညောင်ပင်ခါးကျေးရွာ၊ သပြေပင်ကျေးရွာ၊ ညောင်ဇောက်ချောင်းကျေးရွာ၊ ညောင်ပင်အိုင့်ကျေးရွာ၊ နတ်ကန်ဦး ကျေးရွာ၊ စိမ်းမြိုင်လယ်ကျေးရွာ၊ တည်ပင် စခန်းကျေးရွာ၊ အောင်သာကျေးရွာ၊ လယ်ကျင်းရိုးကျေးရွာ၊ သရက်တော ကျေးရွာ၊ ခြံကန်တောင်ကျေးရွာတို့ အကောင်အထည်ဖော်မည်ဟု သိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**



# အိမ်ခြံဝန်းဥယျာဉ်စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိမိတို့အိမ်ခြံဝန်းများအတွင်း အာဟာရ ပြည့်ဝသည့် ခြံထွက်ဟင်းသီးဟင်းရွက်များ ကိုယ်တိုင်စိုက်ပျိုးစားသုံးနိုင်မည့် "အိမ်ခြံဝန်း ဥယျာဉ်စိုက်ပျိုးခြင်း (Home Gardening)"စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

၂။ စိုက်ပျိုးရေးဦးစီးပိုင်ဥယျာဉ်ခြံများတွင် ဟင်းသီးဟင်းရွက်မျိုးစေ့ အမျိုးပေါင်း ၂၀ ကျော်၊ ကီလို ၃၀၀၀ ခန့်ထုတ်လုပ်ထားရှိပြီးဖြစ်သဖြင့် အိမ်ခြံဝန်းဥယျာဉ် စိုက်ပျိုးရန် အတွက် မျိုးစေ့နှင့်နည်းပညာများလိုအပ်ပါက မိမိတို့နှင့်နီးစပ်ရာ ဌာနပိုင်ဥယျာဉ်ခြံများ နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေး အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



# မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်အောင် (သရက်) (ထိန်လင်း-မန်းတက္ကသိုလ်) (၇၃ နှစ်)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၁၈)၊ စာပေဗိမာန် စာမူ – (စာပဒေသာ ပထမဆု)နှင့် လှိုင်မြို့နယ် စာရေးဆရာ အသင်းဥက္ကဋ္ဌ၊ လယ်ယာစီးပွားသတင်း ပင်တိုင် ဆောင်းပါးရှင် ဆရာထိန်လင်း (မန်းတက္ကသိုလ်) သည် ၂၄.၃.၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လယ်ယာစီးပွားသတင်းမိသားစု**

# လယ်ယာစီးပွားသတင်းနှင့်အကယ်ဒမီဆရာသုမောင်



မြတ်စိုး(လှိုင်)

**ပင်မ ထက်ဆီမှ ဥသြသံကလေးတွေနှင့် တူးပို့-တူးပို့သံကလေးတွေ ကြားလာရပြန်တော့ "တောင်နေကြာတွေ ပွင့်ပြီ-သရာဂျူးရေ---"ဟု တမ်းတသံကလေးဖြင့် ဖွင့်ဆိုထားသော တစ်ချိန်က ဖတ်ရှုမိခဲ့သည့် လွမ်းမောဖွယ်ဝတ္ထု ကလေးတစ်ပုဒ်ကို ပြန်လည်အောက်မေ့သတိရလာမိသည်။**

အဆိုပါဝတ္ထုကလေးတွင် ကျန်ရစ်သူ ချစ်ဇနီးက လောကကြီးထဲမှ ထာဝရခွဲခွာသွားသော သူ့ခင်ပွန်းသည်အား လွမ်းဆွတ်တမ်းတသံကလေးဖြင့် ဝတ္ထုအဖွင့်ကို ခြယ်မှုန်းထားသည်။

ညို့မှိုင်းဝေသီနေသော တောင်တန်းပြာကြီးတွေတစ်ဝိုက် တောင်နေကြာတွေ လှိုင်လှိုင်ပွင့်ချိန်မှာ သူ့ချစ်သူက ထာဝရခွဲခွာသွားသဖြင့် နောက်တစ်ခါ တောင်နေကြာတွေ ပွင့်ချိန်မှာ တမ်းတလိုက်မိခြင်းဖြစ်သည်။

ယခုလည်း ထိုကဲ့သို့ဆိုရမလိုပင်ဖြစ်သည်။ အနုပညာလောကတွင် စွယ်စုံရအနုပညာရှင် အကယ်ဒမီ သုမောင် ကွယ်လွန်ခဲ့သည်မှာ ယခု ၂၀၂၀ ပြည့်နှစ် ဧပြီသင်္ကြန်ကာလရောက်လျှင် ၁၀ နှစ်တင်းတင်းပြည့်ကာနီး၍ ဥသြသံ၊ တူးပို့သံကြားလာရချိန်တွင် သူ့ကိုလွမ်းဆွတ်သတိရလာမိခြင်း ဖြစ်သည်။

မိတ်ဆွေရင်းခြာ ကျွန်တော်တို့ပင်လျှင် ဤမျှသတိရလွမ်းဆွတ်သည်ဆိုလျှင် သူ့ချစ်ဇနီးနှင့်သူ့သားသမီးများအဖို့ ပြောဖွယ်ရာပင်ရှိမည်မထင်။ ။

× × ×

## အကောင်းဆုံးများနှင့်စတင်

အကယ်ဒမီမင်းသားသုမောင်သည် စာရေးဆရာ၊ ဒါရိုက်တာ၊ တေးသံရှင်၊ သရုပ်ဆောင်စသည့် နယ်ပယ်စုံတွင် ထူးချွန်ထင်ရှားသူ ဖြစ်သည်။

ကျွန်တော့်တွင် လုပ်ငန်းတစ်ခု လုပ်လျှင် အမြဲလက်သုံးပြုသည့် အတွေးတစ်ခုရှိသည်။

ယင်းမှာ "အကောင်းဆုံးများနှင့် စတင်ပါ"ဟူသည့် အတွေးအခေါ်ပင်ဖြစ်သည်။

ထို့ကြောင့် လယ်ယာစီးပွားသတင်းဂျာနယ်ကို အယ်ဒီတာချုပ်အဖြစ် ၂၀၀၀ ပြည့်နှစ်တွင် စတင်တာဝန်ယူရမည်ဆိုသောအခါ "မည်သည့်စာရေးဆရာများကို ပင်တိုင်ထားမည်လဲ"ဟု စဉ်းစားရတော့သည်။ ထိုအခါ စာပေနယ်တွင် တန်းဝင်နာမည်ရ စာရေးဆရာများထဲက ဆရာကြီးပါရဂူ၊ ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်ဦးညို၊ ဆရာ အကယ်ဒမီ ဒါရိုက်တာ မောင်ဝဏ္ဏ၊ ဆရာ အကယ်ဒမီသုမောင်၊ ဆရာအဏ္ဏဝါစိုးမိုး၊ ဆရာ မောင်မြင့်အောင်စသူတို့မှာ အတွေးထဲသို့ ဦးစွာဝင်ရောက်လာသည်။

× × ×

## ပါ၊ သု၊ ချစ်

လယ်ယာစီးပွားသတင်းဂျာနယ်သည် လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်သည့် စီးပွားရေးဂျာနယ်တစ်စောင်ဖြစ်၍ သက်ဆိုင်ရာကဏ္ဍနှင့်ပတ်သက်လျှင် ပါရဂူဘွဲ့ရပညာရှင်များအပါအဝင် သုတပိုင်းတွင် ကျွမ်းကျင်နှံ့စပ်ပြီးသား ဆောင်းပါးရှင်၊ စာရေးဆရာများစွာရှိပြီးဖြစ်သည်။ ထို့ကြောင့် စာဖတ်ပရိသတ်အတွက် တင်ဆက်ပေးဖို့ တကယ်လိုအပ်နေသည့် ကွက်လပ်မှာ သုတ/ရသ (သို့မဟုတ်) ရသစာပေဆောင်းပါးများနှင့် ဝတ္ထု၊ ကဗျာစသည်။

ထိုအတွေးကြောင့် စာမျက်နှာနေရာပေးနိုင်မှုပေါ်တွင်မူတည်ကာ ဆရာကြီး ပါရဂူ၊ ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်ဦးညိုနှင့်ဆရာသုမောင်တို့သည် ဂျာနယ်စတင်ထုတ်ဝေစဉ်ကတည်းက ပင်တိုင်စာရေးဆရာများ ဖြစ်လာခဲ့ခြင်းပင်။

ထိုစဉ်က ဆရာကြီးပါရဂူက "ဇဝံမေသုတံ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာချစ်ဦးညိုက "မိမိနှင့်အဝိဇ္ဇာကများ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာသုမောင်က "ဟိုတစ်စ သည်တစ်စ မောင်ဗလ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အပတ်စဉ်မပျက်မကွက်ကြိုးစား၍ ရေးသားချီးမြှင့်ကြသည်။

ထို့ကြောင့်လည်း ဂျာနယ်တွင် ဖော်ပြပြီးသော ထိုဆရာသုံးဦးတို့၏ လက်ရွေးစင်ဆောင်းပါးများကို စာအုပ်တစ်အုပ်အဖြစ် စုစည်းထုတ်ဝေနိုင်ခဲ့ရာ (ပါ၊ သု၊ ချစ်ဆောင်းပါးချုပ်အဖြစ်) လူကြိုက်များခဲ့သည်။

× × ×

## စာပေဟောပြောပွဲများ

ဂျာနယ်ထုတ်ဝေမှုအရှိန်ရနေစဉ် ရက်တစ်ရက်တွင် ဂျာနယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဖြစ်သူ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက အယ်ဒီတာချုပ် ကျွန်တော့်အား အကြံတစ်ခုပေးပါသည်။

ထိုအကြံမှာ "လယ်ယာစီးပွားသတင်း ပင်တိုင်ဆောင်းပါးရှင် စာရေးဆရာကြီးများအား စာဖတ်ပရိသတ်နှင့် တိုက်ရိုက်ထိတွေ့ခွင့်ရရှိစေရန်အတွက် စာပေဟောပြောပွဲများ စီစဉ်ပေးရန်" ဖြစ်သည်။

ထို့ကြောင့် မြန်အောင်မြို့နယ် အင်ပင်ကျေးရွာ ကြီးပွားရေးစာကြည့်တိုက် အထိမ်းအမှတ်အဖြစ် ပထမအကြိမ် စာပေဟောပြောပွဲကို စတင်ကျင်းပရာ လယ်ယာစီးပွားသတင်း သတင်းထောက် အင်ပင်သန်းဌေးအောင်၏စီစဉ်မှုဖြင့် ဆရာချစ်ဦးညို၊ ဆရာသုမောင်၊ ဆရာမနုနုရီ(အင်းဝ)နှင့် အယ်ဒီတာချုပ်တို့ သွားရောက် ဟောပြောကြသည်။

ထိုပွဲမဟောမီ ဟင်္သာတမြို့နယ် နိဗ္ဗာန်ရွာ ဆရာကြီး ဦးဖိုးကျားစာကြည့်တိုက်တွင် ပထမညဟောပြီးမှ မီးရထားဖြင့် ခရီးဆက်ကြခြင်း ဖြစ်သည်။

ဟင်္သာတမှအင်ပင်သို့ သုံးနာရီခန့်ကြာမည်ဖြစ်၍ ကိုသန်းဌေးအောင်က လမ်းခရီး၌ပင် စားသုံးနိုင်ရန် ဒံပေါက်၊ အချိုရည်အပြင် ဘီယာကလေးပါ စီစဉ်လာသည်။

သို့သော် ရထားပေါ်တွင် နေရာယူကြသောအခါ ဆရာသုမောင်က ပြတင်းပေါက်အနီး ဘုန်းကြီးတစ်ပါးနှင့် မျက်နှာချင်းဆိုင်တွင် နေရာယူမိလျက်သားဖြစ်သွားပြီး ကျွန်တော်တို့လေးဦးကတော့ မျက်နှာချင်းဆိုင်နေရာရကာ လမ်းတစ်လျှောက်မှာ စားကာသောက်ကာ ရယ်စရာမောစရာတွေ ပြောရင်းရှိနေကြသော်လည်း သူ့ခမျာဘုန်းကြီးရှေ့မှာမို့ ဘီယာကလေးကို အရသာခံချင်သော်လည်း ဒံပေါက်ကိုသာ အနိုင်နိုင်မျိုချကာ ဒုက္ခခံရင်း လိုက်ပါနေရရှာတော့သည်။

ကျွန်တော်တို့လည်း သူ့ဒုက္ခကို ကြည့်ကာ ထိုညဟောပြောပွဲအတွက် ဟောစရာရလိုက်ပါသည်။ ယခုပြန်တွေးကြည့်တော့ လွမ်းမိပါသေးရဲ့။

## နာဂစ်အလွန်ဟောပြောပွဲ

နောက်တစ်ခါကြုံပြန်တာက သထုံမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း ဟောပြောပွဲ။

ယခင်တစ်ကြိမ် သာယာဝတီ စိုက်ပျိုးရေးသိပ္ပံကျောင်းပွဲတွင် သူ့ကိုပါ စီစဉ်ပြီးကာမှ ဆရာသုမောင် ရုတ်တရက် ပျက်ကွက်သွားသဖြင့် ဆရာချစ်ဦးညို အကူအညီဖြင့် ၎င်းအစား သူ့အစ်ကို ဒါရိုက်တာ မောင်ဝဏ္ဏကို အရေးပေါ် ချောဆွဲသွားခဲ့ရဖူးသည်။

သထုံပွဲကတော့ လူစုံသည်။ ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်ဦးညို၊ ဆရာသုမောင်နှင့်ကျွန်တော်။

ထိုအတွဲမျိုးဆိုလျှင် အဟောအပြောမြိုင်ဆိုင်ရုံသာမက အဆိုအတီးကလေးနှင့်ပါအတွဲအဖက်စုံတတ်သဖြင့် အသွားကတည်းက အတီးဆရာ စန္ဒရား ကိုဇော်ဟိန်း(ဖြူဖွေး)ကို တစ်ပါတည်းခေါ်သွားသည်။

အောင်မင်္ဂလာဂိတ်မှာ လူစုံတော့ ကိုသုမောင်ကပဲ စကားစသည်။ "အစ်ကိုတို့ ဟိုကျရင် ကျွန်တော်နောက်ဆုံးဟောမယ်၊ အခု နာဂစ်ပြီးကာစဆိုတော့ ပရိသတ်ဆီက အလှူခံပြီး ရတဲ့ငွေကို နာဂစ်ဒုက္ခသည်တွေကို လှူကြမယ်၊ ဒီတော့ ကျွန်တော်က စင်ပေါ်က မဆင်းသေးဘဲ သီချင်းတွေဆက်ဆိုထားမယ်၊ အစ်ကိုတို့သုံးယောက်က ကျွန်တော်အဆိုမရပ်မချင်း ပရိသတ်ထဲမှာလိုက်ပြီး အလှူခံ၊ ဘယ့်နှယ်လဲ"

ထိုအခါ ဆရာ လယ်တွင်းသားက "ကောင်းလိုက်တဲ့အကြံကွာ၊ ငါတောင် မစဉ်းစားမိဘူး၊ မင်းလုပ်ဖြစ်အောင်လုပ်၊ ငါတို့ဆက်ဆက်အလှူခံမယ်"

ဒါပေသိ သူ့အကြောင်းကို အတွင်းသိဖြစ်သည့် ဆရာချစ်ဦးညိုက "အစ်ကို သိပ်မယုံနဲ့၊ ဒီကောင်က ဖောက်တတ်တယ်"ဟု သတိပေးသေးသည်။

ထိုညပွဲအလွန်ကောင်းပါသည်။ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အတန်းစုံကျောင်းသား ကျောင်းသူတွေ ခန်းမကြီးအပြည့်။

လယ်ယာစီးပွားစာမျက်နှာပေါ်က သူတို့နှင့်ရင်းနှီးပြီးသည့် နာမည်ရ စာရေးဆရာကြီးတွေကို လူကိုယ်တိုင် မြင်တွေ့ကြရ၍ အားလုံးတက်ကြွလန်းဆန်းနေကြသည်။

စင်မြင့်ပေါ်မှာ နောက်ခံစာတမ်းနှင့် အတူ စန္ဒရားဆရာဇော်ဟိန်း၏ ကီးဘုတ်ကလည်းအသင့်။ ထို့ပြင် အလှူခံဖို့ ငွေဖလားကြီးသုံးလုံးကလည်း စားပွဲထက်မှာအသင့်။

ထုံးစံအတိုင်း ကျွန်တော်က အိမ်ရှင်အဖြစ် အားလုံးနှင့်မိတ်ဆက်ပေးရင်း ရှေ့ဆုံးကဟောသည်။ ကြိုတင်ညှိထားသည့်အတိုင်း ဟောပြောသူလေးဦးစလုံး မြန်မာ့ဂီတကို မြတ်နိုးသူများဖြစ်ကြ၍ ဟောပြောပြီးတိုင်း စိတ်ကြိုက်သီချင်းတစ်ပုဒ်စီဖြင့် ဖျော်ဖြေပြီးမှ စင်ပေါ်က ဆင်းကြရန် ဖြစ်သည်။

သို့သော် ထိုနေ့က ပွဲစပြီဆိုကတည်းက လျှပ်စစ်မီးရုတ်တရက်ပြတ်သွား၍ ရှိသည့်အင်ဂျင်စက်ကလေးမောင်းကာ ဖြစ်သလိုဟောပြောကြရသည်။ ကီးဘုတ်လည်းမတီးဖြစ်၊ သီချင်းလည်း မဆိုဖြစ်။

သူ့ကံများကောင်းလိုက်တာ။ ဆရာသုမောင်စပြီးဟောလျှင်ဟောချင်း လျှပ်စစ်မီးပြန်လာသည်။

ဟေး---ဟု ခန်းမကြီးတစ်ခုလုံး ဟစ်အော်အားပေးကြသည်။ သူက နောက်ဆုံးဟောသူဖြစ်၍ စိတ်ကြိုက်သာ ဟောပေတော့။

တကယ်လည်း ပွဲက ကောင်းပါသည်။ အများစိတ်ဝင်စားသည့် အကယ်ဒမီ ရုပ်ရှင်မင်းသားလည်းဖြစ်၍ အပေးအယူတည့်ကာ ပွဲစည်လှသည်။



အကယ်ဒမီ ဆရာသုမောင် လှိုင်သာယာမြို့နယ်တွင် ၂၀၁၀ ပြည့်နှစ်(မကွယ်လွန်မီ) မဟာသင်္ကြန်တေးများဖြင့် နောက်ဆုံး ဖျော်ဖြေသွားစဉ်။

စာ - ၁၇ သို့

**ရခိုင်** ပြည်နယ်အား စီးပွားရေးအထောက်အကူပြု သဘာဝရေခံ၊ မြေခံကောင်းသောဒေသတစ်ခုအဖြစ် နိုင်ငံတော်အဆင့်တာဝန်ရှိသူများက ထောက်ပြပြောဆိုတတ်ကြသည်။ ရခိုင်ပြည်နယ်မှ နိုင်ငံခြားသို့တင်ပို့ရသည့်ထုတ်ကုန်များတွင် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရသည့် ပို့ကုန်များရှိသကဲ့သို့ ရခိုင်ပြည်နယ်မှ အလှမ်းဝေးသည့်တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံစသည်များသို့ တင်ပို့ရသည့်ပစ္စည်းများလည်း ရှိသည်။

# ရခိုင်ကမ်းခြောင်းထွက် နိုင်ငံခြားပို့ကုန်ဖြစ် လယ်ယာစိုက်ပျိုးရေး ကဏ္ဍဝင်ရာသီ သီးနှံများ - ၁

ကျွန်းသားငမန်း



ထို့အတူ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း အိန္ဒိယနိုင်ငံ တောင်ပေါ်ဒေသများသို့ တစ်ပိုင်တစ်နိုင် တင်ပို့ရောင်းချနေရသည့်ပစ္စည်းများလည်း ပါဝင်သည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် ရေထွက်ကုန်ပစ္စည်းများမှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့်မဟုတ်ဘဲ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် အခြားတိုင်းနိုင်ငံများသို့ ရန်ကုန်မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိနေသည်။ ရေငန်ပုစွန်ဆိုလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့နေသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအရောက်တွင် ၎င်းတို့နိုင်ငံ တံဆိပ်တပ်ပြီး နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချနေသည်ကို တွေ့ရသဖြင့် တိုင်းပြည်အတွက် နစ်နာမှုရှိနေသည်။

ပစ္စည်းတစ်ခုကို ပြည်တွင်းစားသုံးရန်နှင့် ပြည်တွင်းသုံးစွဲရန် ရည်ရွယ်ထုတ်လုပ်ခြင်းထက် နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းဖြင့် ဈေးပိုမိုရရှိစေနိုင်သည်ဖြစ်ရာ ပြည်ပပို့ကုန်အဖြစ် ရည်မှန်းထုတ်လုပ်ကြရန် လိုအပ်မည်ဖြစ်သည်။ ပြည်ပနိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းက ပြည်တွင်းဈေးကွက်ထက် ဈေးပိုရတတ်သည်ကို သတိမူသင့်ကြသည်။ သို့မှသာ ထုတ်လုပ်သူ၊ ရောင်းချသူများအနေဖြင့်လည်း အကျိုးအမြတ်ကောင်းစွာ ဖြစ်ထွန်းနိုင်မည်။

## ဖေးမထောက်ကူ

ရခိုင်ပြည်နယ်တွင် မြေလွတ်၊ မြေလပ်တွေ ရှိနေသေးသည်။ ကြီးမားကျယ်ပြန့်သော တော၊ တောင်များရှိနေသည်။ နတ်မြစ်ဝမှသည် ဧရာဝတီတိုင်း ကျောက်ချွန်ချောင်းဝအထိ အလျား ၄၄၃ မိုင် ရှည်လျားသည့်ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်နေသည့် ပင်လယ်ပြင်ကြီးလည်းရှိသည်။ ဤမြေ၊ ဤရေ၊ ဤတော၊ ဤတောင်၊ ဤပင်လယ်ပြင်တို့ကို အသုံးချပြီး နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း စာရေးသူ ရှုမြင်မိသည်။ လျှပ်စစ်ဓာတ်အားကဲ့သို့ စွမ်းအင်များရရှိလာသည်ကလည်း စီးပွားထုတ်ကုန်များထုတ်လုပ်ရာတွင် အထောက်အကူများစွာဖြစ်သည်။

## စီးပွားရေးဇုန်များ

စိုက်ပျိုးမွေးမြူရေးဇုန်များ၊ စက်မှုဇုန်များ အစီအရီဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝတိုးတက်ရေးအထောက်အကူပြုလာနိုင်မည်ဖြစ်သည်။ ရခိုင်ပြည်နယ်ကို စီးပွားရေးအထောက်အကူပြုသဘာဝရေခံ၊ မြေခံကောင်းသောဒေသတစ်ခုအဖြစ် နိုင်ငံတော်အဆင့် တာဝန်ရှိသူများက ထောက်ပြပြောဆိုတတ်ကြသည်။ ထို့ကြောင့် စီးပွားရေးအထောက်အကူပြု ရေခံမြေခံကောင်းသောဒေသကို အနေးနှင့်အမြန်ဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရန်လည်း လိုအပ်ပေမည်။ နိုင်ငံတော်၊ ပြည်သူ (စီးပွားရေးလုပ်ငန်းရှင်များအပါအဝင်)တို့ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်မိသည်။

အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ထူထောင်ပေးခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်များ ထူထောင်ပေးခြင်း၊ စီးပွားရေးလုပ်ကိုင်လိုသူများအား ပံ့ပိုးကူညီပေးခြင်းများဖြင့် ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝကိုမြှင့်တင်ပေးရန် လိုအပ်ပေသည်။

အထူးသဖြင့် ရခိုင်ပြည်နယ်မှ ထုတ်လုပ်နိုင်သော ထုတ်ကုန်ပစ္စည်းများ၊ ထွက်ကုန်ပစ္စည်းများကို နိုင်ငံခြားသို့တင်ပို့နိုင်ခြင်းဖြင့် ရခိုင်ပြည်နယ်၏ စီးပွားရေးကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ယုံကြည်မိပေသည်။

ရခိုင်ပြည်နယ်မှ နိုင်ငံခြားသို့တင်ပို့ရသည့် ပစ္စည်းများတွင် ဆန်၊ စပါးတင်ပို့မှုအပါအဝင် လယ်ယာထွက်ကုန်များ တင်ပို့နိုင်မှုအများဆုံးရှိခဲ့သည်။ လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများတွင် ရာသီသီးနှံများ (နှစ်တိုသီးနှံများဟုလည်း ခေါ်ကြသည်)ဖြစ်သည့် ဆန်စပါး၊ နနွင်းတက်၊ ချင်းတက်၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ နှမ်း၊ ဘိုကိတ်ပဲ၊ ဖရဲသီးစသည်များမှာ ပြည်ပဈေးကွက်ဝင်သီးနှံများဖြစ်ကြသည်။

## ဆန်စပါး

ရခိုင်ပြည်နယ်တွင် စပါးစိုက်ဧရိယာ ၁၁၄၃၈၀၀ ဧကရှိကြောင်း သိရသည်။ နွေစပါးစိုက်ပျိုးဧကမှာ ၃၀၂၀၀ ဧကရှိသည်။ သို့ရာတွင် ၂၀၁၆-၂၀၁၇ ခုနှစ် စာရင်းအရ အမှန်စိုက်ပျိုးနိုင်ခဲ့သည်မှာ မိုးစပါး ၁၁၀၃၇၆၂ ဧကရှိပြီး၊ နွေစပါး ၉၃၉၇ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ မိုးစပါးတစ်ဧကအထွက်နှုန်းမှာ ၆၅ ဒသမ ၂၇ တင်းရှိပြီး နွေစပါးတစ်ဧကအထွက်နှုန်းမှာ ၈၀ တင်းရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် စပါးအထွက်တင်းပေါင်း ၇၂၇၇၁၈၃၉ တင်းရှိခဲ့သည်။ ရခိုင်ပြည်နယ်၏ လူဦးရေမှာ သုံးသန်းကျော်အထိ တိုးမြင့်လာခဲ့ပြီဖြစ်သည်။

ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ မြို့နယ်ရှိရာ စစ်တွေမြို့နယ်နှင့် မောင်တောမြို့နယ်များမှအပ ကျန်မြို့နယ်များသည် စပါးထွက်ရှိမှု ဝမ်းစာဖူလုံ ပိုလျှံကြောင်း တွေ့ရသည်။ ရခိုင်ပြည်နယ်တစ်ခုလုံးအနေဖြင့်လည်း ဆန်စပါးဖူလုံမှုမှာ ၁၄၆ ဒသမ ၃၅ ရာခိုင်နှုန်းအထိရှိကြောင်း တွေ့ရသည်။ ပိုလျှံသည့် စပါးများကို အခြားပြည်တွင်းဒေသများသို့သာမက အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။

စစ်မဖြစ်မီကပင် ရခိုင်ပြည်နယ်မှ ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို စစ်တွေပင်လယ်ဆိပ်ကမ်းမြို့မှ နိုင်ငံခြားသို့တိုက်ရိုက်တင်ပို့ခဲ့ကြရသည်။ ၁၉၈၅-၈၆ ခုနှစ်အထိ နိုင်ငံခြားဆန်တင်သင်္ဘောကြီးများ စစ်တွေဆိပ်ကမ်းသို့ဝင်ရောက်ပြီး ဆန်စပါးများကိုတင်ဆောင်ယူခဲ့ကြသည်။ စစ်မဖြစ်မီနှင့်စစ်ပြီးခေတ်အစောပိုင်းကာလများအထိ ရခိုင်ပြည်နယ်မှ ပြုတ်ဆန်အပါအဝင် စပါးများကို နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ခဲ့ရကြောင်း မှတ်တမ်းများ ရှိသည်။

လက်လှမ်းမီသမျှ မှတ်တမ်းများအရ ရခိုင်ပြည်နယ်မှ နိုင်ငံခြားတိုင်းပြည်များသို့ ဆန်စပါးတင်ပို့ခြင်းကို ၁၈၃၀ ပြည့်နှစ်မှစတင်ခဲ့ကြောင်း သိရသည်။ အခြားဒေသများတွင် ဆန်စပါးတိုးတက်ထုတ်လုပ်ခြင်းမရှိသေးသဖြင့် ၁၈၆၀ ပြည့်နှစ်အထိ ရခိုင်ဒေသမှစပါးများကိုသာ တင်ပို့ရောင်းချခဲ့ရကြောင်းလည်း မှတ်သားရသည်။

ထိုစဉ်က ဆန်စပါးကြိတ်ခွဲစက်များမရှိသေး၍ စပါးအတိုင်းသာ တင်ပို့ခဲ့ရကြောင်း လေ့လာသိရှိရသည်။ ရခိုင်ပြည်နယ်၏ ပထမဆုံးဆန်စက်ကို ၁၈၆၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ဆန်ဖြူကြိတ်ခွဲခြင်းကို ၁၈၉၅ ခုနှစ်ရောက်မှသာ စတင်နိုင်ခဲ့ကြောင်းလည်း သိရသည်။ ရခိုင်ပြည်နယ်တွင် ၁၉၄၀ ပြည့်နှစ်၌ မှတ်ပုံတင်ဆန်စက်ကြီး ၁၀ လုံးရှိခဲ့ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးသမိုင်းတွင် ပြုတ်ဆန်ကို စစ်တွေမြို့မှ စတင်ကြိတ်ခွဲတင်ပို့ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ထိုအချိန်က ရခိုင်ပြည်နယ်ဒေသအဝန်းထွက်ရှိသည့်စပါးများကို စစ်တွေမြို့သို့ သယ်ယူပြီး စစ်တွေဆတ်ရိုးကျချောင်းဝဲယာတွင် တည်ဆောက်ထားသည့် ဆန်စက်ကြီးများတွင် ကြိတ်ခွဲ၍ နိုင်ငံခြားသို့တင်ပို့ခဲ့သည်။ ရခိုင်ဒေသထွက် ငါးရာဘို၊ ကြေမ်သီး၊ ရေမနိုင်၊ စာပစိ၊ စာပစိ (ကောက်လျင်) အစရှိသည့် မီးဒုံးဆန်များ၊ မာန်အောင်ကျွန်းမှ ထွက်ရှိသည့် ချိုဒူဘာအမည်ရှိ ဧည့်မထစပါးများမှာ အရည်အသွေးကောင်း၍ နိုင်ငံခြားပို့ကုန်ဈေးကွက်တွင် နှစ်ခြိုက်လက်ခံခဲ့ကြကြောင်း သိရသည်။

ယခုအခါ အဆိုပါစပါးအမျိုးအစားအချို့မှာ စိုက်ပျိုးခြင်းမရှိတော့၍ ပျောက်ကွယ်လုနီးပါးဖြစ်နေသည်ကို တွေ့ရသည်။ အရည်အသွေးကောင်းသော ဒေသမျိုးရင်းစပါးများကို ထိန်းသိမ်းစိုက်ပျိုးရန်လည်း လိုအပ်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်မှ ဆန်များကို ၂၀၀၂-၂၀၀၃ ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ရကြောင်း တွေ့ရသည်။ အများစုမှာ ဧည့်မထဆန်နှင့်ငစိန်ဆန်များဖြစ်ကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရခိုင်ဒေသထွက် ငစိန်အုပ်စုဝင် (ဖိုင်စိန်)စပါးကို အထူးနှစ်သက်ဝယ်ယူခဲ့ကြောင်း သိရသည်။

သို့ရာတွင် သတိထားရန်အချက်တစ်ခုမှာ ရခိုင်ဒေသထွက်စပါးမျိုးမှာ မျိုးရောမှုများပြားလာခြင်းပင်ဖြစ်သည်။ မျိုးရောသဖြင့် ကြိတ်ခွဲရာတွင် အကျိုးအကြေများပြားလာသည်များရှိကြောင်း သိရသည်။

၂၀၀၂-၂၀၀၃ ခုနှစ်က ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရာတွင် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှဆန်များကို မှာယူတင်ပို့ခဲ့ရခြင်းများ ရှိခဲ့ကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

## ရည်မှန်းချက်

ရခိုင်ပြည်နယ်တွင် တိုးတက်များပြားလာသည့် လူဦးရေနှင့်လိုက်လျောညီထွေမှုရှိစေရန် အထွက်ကောင်းမျိုးများ စိုက်ပျိုးစေခြင်း၊ စိုက်ပျိုးဧရိယာများ တိုးချဲ့ဖော်ထုတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေကိုကြည့်ပါက မိုးစပါး၊ နွေစပါးစိုက်ပျိုးဧက ၁၁၁၃၁၅၉ ရှိပြီး တစ်ဧကအထွက်နှုန်း ၆၅ ဒသမ ၃၇ တင်းရှိ၍ ဆန်စပါးထွက်ရှိမှုမှာ ၇၂၇၇၁၈၃၉ တင်းရှိခဲ့သည်။ ယင်းတို့အနက် မျိုးစပါးလိုအပ်ချက် ၄၄၁၅၉၈၄၁ တင်း၊ ဝမ်းစာလိုအပ်ချက် ၃၃၃၉၄၇၄ တင်းနှင့် အလေအလွင့် ၂၂၂၆၃၁၈ တင်းရှိပြီး လူတစ်ဦးလျှင် ၁၂ တင်းနှုန်း၊ တောနေလူ ၂၅၈၉၇၉၉ ဦးအတွက် လူတစ်ဦးလျှင် ၁၅ တင်းနှုန်းဖြင့် တွက်ချက်ခြင်းဖြစ်သည်။ စိုက်ပျိုးရာတွင်လည်း ပျိုးထောင်စိုက်ပျိုးလျှင် တစ်ဧကနှစ်တင်းနှုန်းသာရှိပြီး ကြဲစိုက်မည်ဆိုပါက တစ်ဧကသုံးတင်းနှုန်းအထိ ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် လယ်ယာလုပ်သားရှားပါးမှုကြောင့် ပျိုးထောင်စိုက်ပျိုးခြင်းထက် ကြဲခင်းဖြင့်သာ ထုတ်လုပ်နေကြသည်ကို တွေ့ရသည်။

ရခိုင်ပြည်နယ်တွင် စပါးတိုးတက်စိုက်ပျိုးနိုင်ရန် နွေစပါးများကို တိုးချဲ့စိုက်ပျိုးရန်အတွက် ဆည်များတည်ဆောက်ခြင်း၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ခြင်းဖြင့် ဆောင်ရွက်နေသော်လည်း နွေစပါးစိုက်ပျိုးခြင်းမှာ ပီပြင်မှုမရှိသေးသည်ကို တွေ့ရသည်။ ယခုအခါတွင် မြန်မာနိုင်ငံမှ ဆန်စပါးတင်ပို့ရာတွင် ပြည်ပဝယ်လိုအားလည်း မြင့်တက်လာနေသည်ကို တွေ့ရသည်။ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နယ်စပ်ကုန်သွယ်ရေးဖြင့် ဆန်စပါးများကို ဝယ်ယူလျက်ရှိနေရာ ရခိုင်ပြည်နယ်ထွက် ဆန်စပါးမှာ ဈေးကွက်ရှိနှင့်ပြီးဖြစ်သည်။ ရခိုင်ပြည်နယ်သည် ရှေးဦးကတည်းက ဆန်စပါးများကို ပြည်ပသို့တင်ပို့ရောင်းခဲ့ရာတွင် ဦးဆောင်ဒေသတစ်ခုဖြစ်ခဲ့သည်။

## အနာဂတ်မျှော်မှန်းချက်

ထိုအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် ပြည်ပသို့ဆန်စပါးတင်ပို့နိုင်ရန် အလေးထား ကြိုးစားသွားကြရန် လိုအပ်မည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနသည် ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စပါးအပါအဝင် ဆီထွက်သီးနှံနှင့်မီးဖိုချောင်သုံးသီးနှံများ၏ မျိုးစေ့ထုတ်စိုက်ခင်းများ၊ တောင်သူပညာပေး စံပြကွက်များ၊ စမ်းသပ်ကွက်များ၊ နည်းပညာပေးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်တိုင်းတွင် မျိုးသန့်စံပြရွာများထူထောင်ခြင်းနှင့် မျိုးစေ့မျိုးသန့်ထုတ်လုပ်သူများအသင်းတို့ကလည်း ဆောင်ရွက်လျက် ရှိနေကြောင်း သိရသည်။ စိုက်ပျိုးရေးဦးစီးဌာနသည် ၂၀၁၇ ခုနှစ်တွင် နည်းပညာပေးသင်တန်း ၁၄၀ ကြိမ်ပြုလုပ်ခဲ့ရာ တောင်သူ ၇၂၁၀ ဦး တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲ ၁၄၇၆ ကြိမ်ပြုလုပ်ခဲ့ရာ တောင်သူ ၃၁၀၁၂ ဦး တက်ရောက်ခဲ့ကြောင်းလည်း သိရသဖြင့် နောင်အခါတွင် ယင်းအခြေခံစွမ်းအားများဖြင့် ဆန်စပါးပို့ကုန်မြှင့်တင်သွားနိုင်မည်ဟု မျှော်လင့်ရပေသည်။ ■



## မြေအသုံးချရေးဘာသာရပ်ဆွေးနွေးပွဲ ထားဝယ်တွင် ကျင်းပ

ထားဝယ် မတ် ၁၃

**မြေအသုံးချရေးဘာသာရပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးခန့် တက်ရောက်ဆွေးနွေးသည်။**

အဆိုပါဆွေးနွေးပွဲသို့ ထားဝယ်မြို့နယ်မှ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်း ၂၅ ဦးတက်ရောက်ကြပြီး တိုင်းဒေသကြီးမြေအသုံးချရေးတာဝန်ခံ ဒေါ်လှလှဝင်းနှင့် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်သန်းသန်းအေးတို့က မြေချဉ်ငန်တိုင်းကိရိယာနှင့်မျိုးစေ့အစိုဓာတ်ပါဝင်မှုတိုင်းကိရိယာ၊ အသုံးပြုနည်းများ၊ မြေဆီလွှာတွင် pH အရေးကြီးပုံ၊ မြေဆီလွှာတွင် မြေချဉ်ငန်ကိန်းပြုပြင်ခြင်းနည်းလမ်းများ၊ သီးနှံမျှော်မှန်းအထွက်နှုန်းနှင့် သီးနှံအရည်အသွေးပြည့်မီရန် မြေဆီလွှာပြုပြင်ရန်လိုအပ်ပုံများ၊ မြေဆီလွှာအာဟာရဓာတ်ခွဲစမ်းသပ်ရန် မြေနမူနာယူခြင်း နည်းစနစ်များ၊ EM ဖျော်စပ်ပုံနှင့်အသုံးပြုခြင်းနည်းလမ်းများ၊ သဘာဝမြေဩဇာအမျိုးမျိုးပြုလုပ်သုံးစွဲနည်းများ၊ မြေဆီလွှာတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ဆွေးနွေးသည်။

**သိန်းဖေ**

## သဘာဝမြေဩဇာသုံး ရွှေဖလားကြက်သွန်နီနှင့် ဆီစားနေကြာ သီးထပ်သီးညှပ် စိုက်ပျိုးမှု စံပြကွက်ရိတ်သိမ်းပွဲ စလင်းမြို့နယ်တွင် ကျင်းပ

စလင်း မတ် ၂၀

**မကွေး တိုင်းဒေသကြီး စလင်းမြို့ မြေမိရပ်ကွက် တောင်သူ ဦးသိန်းထွန်း၏ လယ်မြေ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူ ပူးပေါင်းစိုက်ပျိုးထားသော သဘာဝမြေဩဇာအသုံးပြု ရွှေဖလား ကြက်သွန်နီနှင့် ဆီစားနေကြာသီးထပ်သီးညှပ်စိုက်ပျိုးမှု တောင်သူပညာပေးကွင်းသရုပ်ပြစိုက်ခင်း စံပြကွက်ရိတ်သိမ်းပွဲ ယနေ့နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လင်း ဓာတ်မြေဩဇာအလွန်အကျွံသုံးစွဲမှု ဆိုးကျိုးများကို ရှင်းလင်းဆွေးနွေးသည်။**

အဆိုပါ စံပြကွက်ကို မိုးစပါး ရိတ်သိမ်းပြီး လယ်မြေပေါ်တွင် သဘာဝမြေဩဇာနွားချေး ငါးတန်၊ ဖွဲပြာ နှစ်တန် မြေချအသုံးပြုကာ ၄၅ ရက်သား ကြက်သွန်နီပျိုးပင်များနှင့် ဆီစားနေကြာမျိုးများကို လေးလက်မခြား ရေဖျန်းစနစ်ဖြင့် ယခင်နှစ်ဒီဇင်ဘာမှစ၍ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားခြင်းဖြစ်ပြီး ရက် ၉၀ အကြာတွင် ကြက်သွန်နီအထွက်နှုန်း ခန့်မှန်းနိုင်ရန်အတွက် တစ်ဧက၏ ၁၀၀၀ ပုံ ၁ ပုံ ဖြဲသမဖြေပေပတ်လည်ကွက်ကို ရိတ်သိမ်းရာ ၃ ဒသမ ၁၆ ပိဿာ ထွက်ရှိသဖြင့် တစ်ဧကပျမ်းမျှအထွက်နှုန်း ၃၁၆၀ ပိဿာထွက်ရှိကြောင်း သိရသည်။ နေကြာရိတ်သိမ်းပြီးပါက သဘာဝမြေဩဇာအသုံးပြု၍ နှမ်းနက် ဆင်းရတနာ-၃ မျိုးများကို ဆက်လက်စိုက်ပျိုး၍ လယ်မြေတစ်ယူနစ်ပေါ်တွင် မိုးစပါး/ကြက်သွန်နီနှင့်နေကြာ/နှမ်းစသည့် သုံးသီးစိုက်သီးနှံပုံစံ သီးထပ်သီးညှပ်စိုက်ပျိုးမှု တောင်သူအသိပညာပေးကွင်းသရုပ်ပြပွဲ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးသူ (စလင်း)**



## အစက်ချရေသွင်းနည်းစနစ်နှင့် မြေဩဇာစနစ်တကျထည့်သွင်းအသုံးပြုနည်း ရေတာရှည်တွင် ကွင်းလက်တွေ့ပြပွဲ ကျင်းပ

ရေတာရှည် မတ် ၁၀

**အစက်ချရေပေးသွင်းနည်းစနစ်နှင့်မြေဩဇာစနစ်တကျ ထည့်သွင်းအသုံးပြုနည်းကွင်းလက်တွေ့ပြပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဘိုးတော်ကုန်း ကြံသီးနှံ (မျိုးသန့်ခြံ)တွင် ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်၊ ခြံတာဝန်ခံများ၊ ဝန်ထမ်းများ (ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီ)မြို့နယ်များမှ ကြံတောင်သူများ တက်ရောက်ကြသည်။**

အဆိုပါကွင်းလက်တွေ့ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေး၊ မြို့နယ်ဦးစီးမှူး ဦးနေလင်းအောင်၊ ခြံတာဝန်ခံ ဦးဇော်မြင့်နိုင်တို့က ကြံသီးနှံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းတွင် အစက်ချရေပေးသွင်းနည်းစနစ် (Drip Pipe) လေးမျိုးအသုံးပြုခြင်း၊ Fertilizer Applicator မြေဩဇာစနစ်တကျထည့်သွင်းအသုံးပြုခြင်းနည်းလမ်းများကို လက်တွေ့ပြသ ပညာပေးဆွေးနွေးကြသည်။ (ပုံ)

**သိန်းဖေ**



## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း ငွေရတုခရီးစဉ် တွေ့ဆုံပွဲ ဖျာပုံတွင် ကျင်းပ



ဖျာပုံ မတ် ၁၂

**ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ် ခရီးစဉ်တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီက ဖျာပုံမြို့ရှိ ဇင်းဘောင်ဇေဒီ ရိပ်သာ၌ကျင်းပရာ ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အသင်း၏ဆောင်ရွက်ချက်ကို ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်များမှ တက်ရောက်လာသည့် အသင်းဝင်များ အနက်မှ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးအငြိမ်းစားဝန်ထမ်းများအား ကန်တော့ပစ္စည်းများပေးအပ်ပြီး အသင်းဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဖျာပုံခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးနှင့် ဖျာပုံ၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်ဦးစီးအရာရှိများက အသင်းသို့ အလှူငွေများ လှူဒါန်းပြီး သက်ကြီးဝန်ထမ်းဟောင်းများနှင့် ဒေသခံဝန်ထမ်းဟောင်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ (ပုံ)

အသင်းအနေဖြင့် "ဝန်ထမ်းဟောင်းများ ဆေးရုံတက်လျှင် တစ်ကြိမ်လျှင် ကျပ် လေးသောင်းနှုန်းဖြင့် ခုနစ်ကြိမ်အထိ ထောက်ပံ့ပေးပြီး သာမန်ဆေးခန်းပြရလျှင် တစ်ကြိမ်လျှင် ကျပ် တစ်သောင်းခွဲ ထောက်ပံ့ပေးသည်။ အသင်းဝင်များ၏ သားသမီးများ တက္ကသိုလ်ဝင်တန်း အောင်လျှင် ဘွဲ့ရသည်အထိ တစ်နှစ်လျှင် ကျပ်တစ်သိန်းထောက်ပံ့ပေးပြီး ဂုဏ်ထူး တစ်ဘာသာလျှင် ကျပ်နှစ်သောင်း ချီးမြှင့်သည်ဟု သိရသည်။

**သပြေထွန်း**

## အာဟာရကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး သဘောတူညီချက် (NSRC) စီမံကိန်း ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး



ရေဆင်း မတ် ၁၈

**ဥရောပသမဂ္ဂအဖွဲ့အစည်းအထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် အာဟာရ ကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး သဘောတူညီချက် (NSRC) စီမံကိန်း၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးရန်အတွက် ဦးဆောင်သောအဖွဲ့ (FAO Project Formulation Team) သည် ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် ယနေ့မွန်းလွဲပိုင်းက ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သုတေသနပညာရှင်များနှင့် နဝရတ်ခန်းမ၌ ဆွေးနွေးကြသည်။**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် အာဟာရပြည့်ဝ၍ ဘေးကင်းလုံခြုံ စိတ်ချရသည့် အရည်အသွေးပြည့်မီသော စားသောက်ကုန်များ ထုတ်လုပ်ရေးနှင့် အသိပညာတိုးပွားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်များ၊ လျာထားချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စီမံကိန်းဧရိယာများဖြစ်သည့် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် စိုက်ပျိုးရေးဦးစီးဌာန (DOA) တို့မှ မျိုးဆက်သစ်ပညာရှင်များ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချရေး နှင့် လက်တွေ့သုတေသနများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ စီမံကိန်းဧရိယာအတွင်းရှိ လုပ်ကွက်ငယ်တောင်သူများအား အာဟာရပြည့်ဝ၍ ဘေးကင်းလုံခြုံစိတ်ချရသည့် အရည်အသွေးပြည့်မီသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပဲမျိုးစုံမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် စိုက်ပျိုးနည်းစနစ်များ ကျင့်သုံးနိုင်ရေးတို့အတွက် လိုအပ်သည့်မျိုး၊ နည်းပညာများ ထောက်ပံ့ပေးရေးနှင့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချရေးတို့ကို အဓိကထား ညှိနှိုင်းဆွေးနွေးကြသည်။

**စိုက်/သု**




ကြေးမုံငယ်

**ကံ့ကော်** ပန်းပင်၏ အင်္ဂလိပ်အမည်မှာ **Ceylon ironwood** ဟုခေါ်ပြီး **Cobra Saffron , Indian rose chestnut** ဟုလည်း လူသိများ၏။ ယင်းသည် မျိုးရင်း **Clusiaceae** တွင် ပါဝင်ပြီး ရုက္ခဗေဒအမည်မှာ **Mesua ferrea L.** ဖြစ်၏။ ကံ့ကော်ပင်သည် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံတော်အထိမ်းအမှတ် အပင်တစ်မျိုးဖြစ်၏။ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ **Tripura** နှင့် **Mizoram** ပြည်နယ်တို့အတွက်မူ ကံ့ကော်ပန်းသည် ပြည်နယ်အထိမ်းအမှတ်ပန်းတစ်မျိုးဖြစ်၏။

## နောက်ခံသမိုင်း

ကံ့ကော်ပင်သည် ကြီးထွားမှု နှေးကွေးပြီး အလွန်ကျစ်လစ်သိပ်သည်းသော ပင်စည်ရှိသည့် သစ်မာပင်လတ်မျိုးဖြစ်၏။ ယင်း၏ ကျက်သရေရှိလှသည့် အပင်ပုံသဏ္ဌာန်၊ မီးခိုးစိမ်းရောင် အရွက်ရင့်များ၊ နုထွေးကာပန်းရောင်မှသည်နီရဲသော အရောင်ရှိသည့် တွဲလွဲခိုနေသော ရွက်နုများ၊ အလွန်သင်းပျံ့မွှေးကြိုင်သောရနံ့၊ ဆွဲဆောင်မှုရှိသည့် ပန်းပွင့်ပုံသဏ္ဌာန်တို့ကြောင့် ကံ့ကော်ပင်ကို ဥယျာဉ်ခြံများတွင် အလှစိုက်အပင်အဖြစ် တန်ဖိုးထားကာ စိုက်ပျိုးကြ၏။ ကံ့ကော်ပင်သည် စိုစွတ်ပြီး ပူနွေးသောရာသီဥတုရှိသည့် သီရိလင်္ကာ၊ အိန္ဒိယ၊ နီပေါလ်တောင်ပိုင်း၊ မြန်မာ၊ ထိုင်း၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်၊ မလေးရှား၊ စူမားတြားအရှိသည့် နိုင်ငံများ၏ မြစ်ဝှမ်းဒေသများတွင် အမြဲစိမ်းသစ်တောအနေဖြင့် စတင်ပေါက်ရောက်ခဲ့၏။ ဟိမဝန္တာတောင်တန်းအရှေ့ပိုင်းနှင့် အိန္ဒိယနိုင်ငံ၏ အနောက်ပိုင်းဒေသတို့တွင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၉၀၀ အထိလည်းကောင်း၊ သီရိလင်္ကာနိုင်ငံတွင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၃၀၀ အထိလည်းကောင်း စိုက်ပျိုးရှင်သန်ကြီးထွားနိုင်၏။

## အသွင်အပြင်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ

ကံ့ကော်ပန်းပင်များသည် အမြဲစိမ်းအပင်ကြီးမျိုးဖြစ်ပြီး ပင်စည်ဖြောင့်မတ်ပြီး အကိုင်းအခက်များစွာဖြာထွက်၏။ ပင်စည်၏အခေါက်မှာ ကြမ်း၏။ အရွက်များသည် ရွက်လွှဲထွက်ပြီး ရှည်မျောမျောပုံသဏ္ဌာန်ရှိ၏။ ရွက်ဖျားချွန်၏။ အရွက်နုလေးများသည် နီရဲစွာထွက်လာပြီး ရင့်လာသောအခါ အစိမ်းရောင်ရှိ၏။ အရွက်၏ အပေါ်မျက်နှာပြင်သည် ပြောင်လက်ချောမွတ်ပြီး ရွက်ကြောများ ထင်ရှား၏။ အရွက်၏ကျောဘက်ပိုင်းမှာမူ အစိမ်းရောင်ဖျော့၏။ အပွင့်မှာ တစ်ပွင့်တည်းသို့မဟုတ် အစုလိုက်ပွင့်၏။ အရွယ်အစားမှာ အချင်း တစ်လက်မမှသည် သုံးလက်မအထိရှိပြီး ပွင့်ဖတ်အဖြူရောင်လေးဖတ်ရှိကာ အလယ်တွင် ဝါဝင်းပြီး သင်းပျံ့မွှေးကြိုင်သော ရနံ့ရှိသည့် ဝတ်ဆံတိုင်လေးတို့သည် တစ်စုတဝေးတည်း ထွေးလျက်ရှိ၏။ ဝတ်ဆံတို့၏ သင်းပျံ့မွှေးကြိုင်သော ရနံ့ကြောင့် ပျားများဝတ်ရည်စုပ်ယူရန် အမြဲရှိနေတတ်၏။ မြန်မာ့ဆယ့်နှစ်လရာသီစက်ဝန်းအလိုက်ပွင့်လေ့ရှိသည့် ရာသီပန်းများအဆိုအရ ကံ့ကော်ပန်းသည် တပို့တွဲလမှ တန်ခူးလအတွင်း ပွင့်လေ့ရှိ၏။ ကံ့ကော်သီးသည် သီးလုံးဝိုင်းပြီး ထိပ်ပိုင်းတွင် အနည်းငယ်ချွန်၏။ အသီး တစ်လုံးတွင် အစေ့ တစ်စေ့မှ လေးစေ့အထိ ပါဝင်၏။ အစေ့ခွံမာကျော၏။

## စိုက်ပျိုးပြုစုပုံ

ကံ့ကော်ကိုင်းကို ကိုင်းကူးခြင်းဖြင့် မျိုးပွားစိုက်ပျိုးနိုင်သကဲ့သို့ ကံ့ကော်အစေ့မှ အပင်ဖောက်ကာ စိုက်ပျိုးနိုင်၏။ စွတ်စိုပြီး မြေဆီဩဇာကောင်းမွန်သော မြေအမျိုးကို ကြိုက်နှစ်သက်သော်လည်း ရေစီးဆင်းမှုကောင်းရန် လိုအပ်၏။ အပူပိုင်းစွတ်စိုသော ရာသီဥတုကို နှစ်သက်၏။ အပင်ငယ်နုစဉ်တွင် အရိပ်အောက်တွင် စိုက်ပျိုးရန် သင့်တော်ပြီး အပင်ကြီးထွားလာသည်နှင့်တစ်ပြိုင်နက် အလင်းရောင်ပိုမိုရရှိခြင်းကို နှစ်သက်လာ၏။ အလင်းရောင်ရရှိလေလေ အပင်ကြီးထွားမှုနှုန်း ပိုမိုမြန်ဆန်လာလေဖြစ်၏။

## ဆေးဖက်ဝင်အဖြစ် အသုံးပြုပုံ

ကံ့ကော်ပင်၏အမြစ်၊ အရွက်၊ အခေါက်၊ အပွင့်၊ ဝတ်ဆံ၊ အစေ့နှင့် အဆီတို့ကို ဆေးဖက်ဝင်အဖြစ် အသုံးပြုကြ၏။ အိန္ဒိယနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် အာယုဗေဒဆေးကျမ်းအလိုအရ ကံ့ကော်ပင်ကို ဆေးဖက်ဝင်အဖြစ် အသုံးပြုပုံများကို အောက်ပါအတိုင်း မျှဝေလိုက်ရပါ၏။

– **အအေးမိခြင်း**အတွက် ကံ့ကော်ရွက်များကို ကြိတ်ခြေပြီး ရင်ဘတ်တွင်အုံပေးခြင်းဖြင့် အအေးမိဝေဒနာကို သက်သာစေ၏။

– **နှာစေးနှာပိတ်ခြင်း**များအတွက် ကံ့ကော်ရွက်များကိုကြိတ်ခြေပြီး ဦးခေါင်းငယ်ထိပ်တွင် အုံပေးခြင်းဖြင့် နှာစေးနှာပိတ်ခြင်းကို သက်သာစေ၏။

– ကံ့ကော်စေ့မှထုတ်ယူရရှိသည့်အဆီကို **ထိခိုက်ဒဏ်ရာများ၊ ယားနာများ၊ ဒူလာပါဒရက်ရောဂါများ**အတွက် အသုံးပြုကြ၏။

– ကံ့ကော်အမြစ်ကို မြွေ၊ ကင်းမြီးကောက်နှင့် အခြားသောအဆိပ်ရှိသည့်သတ္တဝါများ အကိုက်ခံရပါက **အဆိပ်ဖြေဆေး**အဖြစ် အသုံးပြုကြ၏။

– ကံ့ကော်ပွင့်ခြောက်ကို ထောပတ်၊ သကြားတို့နှင့်ရောစပ်ပြီး စားသုံးပေးပါက **လိပ်ခေါင်းရောဂါကြောင့် သွေးယိုစီးခြင်းနှင့် သွေး၊ အချွဲများပါသော ဝမ်းကိုက်ခြင်းဝေဒနာ**တို့ သက်သာပျောက်ကင်းစေရန်အတွက် အသုံးပြုကြ၏။

– လတ်ဆတ်သောကံ့ကော်ပန်းပွင့်များကို **အလွန်အမင်းရေငတ်ခြင်း၊ ချွေးထွက်လွန်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အစာမကြေခြင်း**တို့အတွက် အသုံးပြုကြ၏။

– ကံ့ကော်ပန်းပွင့်သည် **သွေးကိုတိတ်စေခြင်း** နှင့် **ဗိုက်အောင့်ဗိုက်နာခြင်း**တို့ကို သက်သာစေခြင်းအစရှိသည့် အာနိသင်ရှိများရှိ၏။

– ကံ့ကော်စေ့မှထုတ်ယူရရှိသည့်အဆီကို **ဒူလာပါဒရက်ရောဂါ၊ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ**အတွက်လည်းကောင်း၊ **အဆစ်အမြစ်ရောင်နာရောဂါ**များအတွက်လည်းကောင်း အသုံးပြုကြ၏။

– ကံ့ကော်ပွင့်ဝတ်ဆံကို အရေပြားပေါ်ဖြစ်ပွားတတ်သည့် **ပွေး၊ ဝဲ၊ နင်းခူနှင့် ယားနာရောဂါ**များအတွက် အသုံးပြုကြ၏။

– **ပန်းနာရင်ကြပ်ခြင်း၊ ချောင်းဆိုးခြင်း၊ အအေးမိဖျားနာပြီး အသက်ရှူကြပ်သည့်**အခါ ကံ့ကော်ဝတ်ဆံကို စားသုံးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေ၏။

– အမျိုးသားရောဂါဖြစ်သည့် **ဆီးသွားရခက်ခဲခြင်း၊ ဆီးထွက်နည်းခြင်း၊ ဆီးတွင်သွေးပါခြင်း** အစရှိသည့်ဆီးရောဂါများခံစားနေရပါက ကံ့ကော်ပန်းခြောက်ဖြစ်စေ၊ အစိုဖြစ်စေ ရေဖြင့် ကျိုချက်ပြီး သကြားအနည်းငယ်စွက်ပြီး သောက်သုံးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

– **အမျိုးသမီးရောဂါ**ဖြစ်သည့် အဖြူဆင်းခြင်းဝေဒနာခံစားနေရပါက ကံ့ကော်ပန်းခြောက်ကို ဒိန်ချဉ်နှင့်ရောစပ်ကာ အနှစ်ပြုလုပ်ပြီး တစ်ကြိမ်လျှင် လက်ဖက်စားဇွန်း နှစ်ဇွန်းနှုန်းဖြင့် တစ်ရက်လျှင် နှစ်ကြိမ် အဖြူဆင်းခြင်းသက်သာသည်အထိ သောက်သုံးပေးနိုင်၏။

– **သွေးတိုးခြင်း၊ နှလုံးရောဂါကြောင့် မောခြင်း**တို့ခံစားနေရပါက ကံ့ကော်ပန်းလက်ဖက်ရည်ကြမ်းကို သောက်သုံးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်သည့်အပြင် စိတ်ဖိစီးမှုကင်းဝေးစေခြင်းနှင့် စိုးရိမ်ပူပန်သောကတို့ကိုပါ ကင်းဝေးစေနိုင်၏။

– ကံ့ကော်ပန်းပွင့်ကို ကာမအားတိုးဆေးအဖြစ်လည်း အသုံးပြုကြ၏။

– ကံ့ကော်သီးကိုကြိတ်ပြီးရရှိလာသည့် အမှုန့်ကို **အစာမကြေခြင်း၊ အစာအိမ်ရောင်ခြင်း၊ အောင့်ခြင်း၊ အန်ခြင်း၊ ဝမ်းချုပ်ခြင်း**အစရှိသည့် ဝေဒနာများအတွက် အထောက်အကူပြုပေးသည့်အတွက် ယင်းကို နေ့စဉ်မှီဝဲသင့်၏။

– ကံ့ကော်ပန်းမှထုတ်လုပ်ရရှိသည့်အဆီအနှစ်သည် **အသားအရေအလှ**ကိုထိန်းသိမ်းပေးနိုင်၏။ အသားကို ဖြူဝင်းစေ၏။

– ကံ့ကော်ပန်းတွင် မှိုရောဂါကိုဆန့်ကျင်နိုင်စွမ်း၊ ရောင်ရမ်းနာကို ဆန့်ကျင်နိုင်စွမ်းနှင့် ဘက်တီးရီးယားကို ဆန့်ကျင်နိုင်စွမ်းဂုဏ်သတ္တိရှိ၏။

– **အမျိုးသမီးများ လစဉ်ဓမ္မတာလာစဉ်အတွင်း အလွန်အကျွံသွေးဆင်းခြင်း**ကို ထိန်းညှိပေးရန်အတွက် ကံ့ကော်ပန်းကို အသုံးပြုကြ၏။

– **နူနာရောဂါများအတွက်** ကံ့ကော်ပွင့်ခြောက်ကို အသုံးပြုကြ၏။

– အမျိုးသမီးများတွင် ခံစားရတတ်သည့် **ရင်သားကင်ဆာရောဂါ**အတွက် ကီမိုကုထုံးခံယူခြင်းကြောင့် နောက်ဆက်တွဲခံစားရသည့် ဝေဒနာများ သက်သာစေရန်အတွက် ကံ့ကော်ပွင့်ခြောက်ကို အသုံးပြုကြ၏။

– ကံ့ကော်ဝတ်ဆံသည် **ပြည်တည်နာ**ကို ဆန့်ကျင်နိုင်စွမ်းဂုဏ်သတ္တိရှိ၏။

– **ဆီးချိုရောဂါ**ကြောင့် ဖြစ်ပွားတတ်သည့် ခြေဖဝါးနှင့် ခြေချောင်းများရှိ အာရုံကြောများ ထိခိုက်ပျက်စီးပြီး အထိအတွေ့ကို ချက်ချင်းတုံ့ပြန်နိုင်စွမ်းမရှိသည့်ဝေဒနာအတွက်လည်း ကံ့ကော်ဝတ်ဆံကို ထောပတ်၊ သကြားတို့နှင့်ရောစပ်ကာ သောက်သုံးခြင်းဖြင့် ဝေဒနာကိုသက်သာစေရန် အသုံးပြုကြ၏။

– **ခန္ဓာကိုယ်အတွင်း အလုံးအကြိတ်များဖြစ်ပွားခြင်းမှ ကာကွယ်ပေးနိုင်**စွမ်းရှိ၏။

– **သွားနှင့်ခံတွင်းကျန်းမာရေးအတွက်လည်း** ကံ့ကော်ဆီသည် အထောက်အကူဖြစ်စေ၏။

– **ကံ့ကော်ဝတ်ဆံ**မှထုတ်လုပ်ထားသော ဆေးသည် **ကိုယ်တွင်းကိုယ်ခံအားစနစ်ကောင်းမွန်**စေ၏။

– ကံ့ကော်ဝတ်ဆံအခြောက်ကို အိတ်ငယ်လေးများထဲထည့်သွင်းပြီး ရနံ့မွှေးအိတ်များပြုလုပ်ကာ ဆောင်ထားခြင်းဖြင့် **စိတ်နှလုံးကို ကြည်လင်လန်းဆန်း**စေ၏။

စာ – ၁၈ သို့

စာ – ၁၂ လယ်ယာစီးပွားမှ

စိတ်ကြိုက်ဟောပြီးသောအခါ ဖလားတစ်လုံးပိုက်ကာ စင်အောက်သို့ဆင်းလာသည်။

သူ့သီချင်းဆိုမည်မှတ်၍ ဟောပြီးကာနီးမှာ စင်ပေါ်တက်ကာ အသံပေးထားသော စန္ဒရား ဆရာဖြူဖွေး ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေတော့သည်။

“ကဲ–ကျွန်တော်ကြိုမပြောဘူးလား၊ ဒီကောင်တလွဲလုပ်ပါလိမ့်မယ်”ဆိုသည့် မျက်နှာပေးဖြင့် ဆရာချစ်ဦးညိုက ဆရာလယ်တွင်းသားကို လှမ်းကြည့်လိုက်သည်။ ဆရာလယ်တွင်းသားက သဘောပေါက်သွားပြီး ပြုံးစိစိလုပ်နေသည်။

ပြီးတော့မှ ကျွန်တော့်ကိုကြည့်ကာ “ကဲ–မြတ်စိုး(လှိုင်) တက်ကွာ၊ သီချင်းဆိုပေးလိုက်”

ကျွန်တော်က ထုံးစံအတိုင်း “ကိုယ့်ရပ်ဌာနေ”သီချင်းကို ဖြူဖွေးနှင့်တွဲ၍ဆိုပေးလိုက်ပါသည်။ သီချင်းဆိုရင်း စင်အောက်ကိုလှမ်းကြည့်လိုက်တော့ မင်းသားက ပရိသတ်အလယ်မှာ ဖလားကြီးလှုပ်ကာ နာဂစ်အတွက် အလှူခံနေပါရောလား။

ကျွန်တော်ပြီးတော့ ဆရာလယ်တွင်းသားကို ဖိတ်ခေါ်လိုက်ရာ ဆရာက သူ့အပိုင်ဆိုနေကျ “ချစ်မိုးကြီး” သီချင်းကို ရသမြောက်စွာ ဆိုပေးလိုက်ပြန်သည်။

လူအုပ်ထဲမှာ မင်းသားကတော့ အလှူခံကောင်းနေဆဲ။ လက်ဆွဲနှုတ်ဆက်သူ၊ အော်တိုရေးခိုင်းသူ၊ ကျောင်းသားကျောင်းသူတွေတအုံးအုံး၊ တရုန်းရုန်းနှင့် ပျော်စရာကြီး။

ဆရာလယ်တွင်းသားပြီးပြန်တော့ ဆရာချစ်ဦးညို ဆက်တက်ရပြန်၏။ အလှူခံကတော့ အရှိန်ကောင်းနေဆဲ။

ဆရာချစ်လည်း သီချင်းသုံးလေးပုဒ်ဆက်တိုက်ဆိုပေးနေသည်။ ဒါပေသိ အလှူခံက မပြီးနိုင်သေး။

ဆရာချစ် တစ်နည်းကြံရပြီ။ သူကိုယ်တိုင် ရာမဇာတ်ကခဲ့သူမို့ သီချင်းအဆိုရပ်ကာ တီးလုံးပြောင်းခိုင်းပြီး အကဘက်သို့လှည့်ရတော့သည်။ ဒါလည်း အလှူခံလို့မပြီးသေး၊ ဆရာချစ်ဦးညိုခမျာ ဇာတ်ဟန်ပါပါ ကွေးနေအောင်ကပြီး မောဟဲရပ်သွားတော့မှ အလှူခံလည်း ပြီးသွားတော့၏။

အမှားကောင်းပါပဲ။

မှန်တော့မှန်၏။ မင်းသားကသီချင်းဆိုပေးပြီး ကျွန်တော်တို့ အလှူခံလျှင် သူ့လောက်ရချင်မှရမည်။ ယခုသူကိုယ်တိုင် ထူးထူးခြားခြား အလှူခံခြင်းဖြစ်၍ နာဂစ်အလှူအတွက် ထိုက်ထိုက်တန်တန်ရလိုက်ပါသည်။ **မြတ်စိုး(လှိုင်)**

# သင့်အတွက်ကံကြမ္မာ

ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

စိုးဝင်းထက်

**(၈-၄-၂၀၂၀) မှ (၂၂-၄-၂၀၂၀) ထိ**

**တနင်္ဂနွေ**



မျှော်မှန်းထားသောလုပ်ငန်းများ အကောင်အထည်ဖော်ဖြစ်မည်။ ပုံမှန်ငွေများ ဝင်နေမည်။ မိသားစုကြောင့် စိတ်ညစ်ရမည်။ အလုပ်ကြောင့် ခရီးသွားရမည်။ မင်းစိုးရာဇာနှင့်ပတ်သက်ပြီး အကျိုးရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေပါ။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ ဦးထုပ်လက်ဆောင်ပေးလိုက်ပါ။**

**တနင်္လာ**



လူအများနှင့်ပတ်သက်သည့်လုပ်ငန်းများ အဆင်ပြေမည်။ မိသားစုကြောင့် စိတ်သောကရောက်ရမည်။ ပန်း၊ ကောက်ပဲသီးနှံ စိုက်ပျိုးရောင်းဝယ်သည့်လုပ်ငန်းများ အဆင်ပြေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေသည်။ ငွေပုံမှန်ဝင်မည်။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ ရေ လှူပေးပါ။**

**အင်္ဂါ**



စက်မှုလက်မှု၊ အင်ဂျင်နီယာ၊ ဆောက်လုပ်ရေးများ အဆင်ပြေမည်။ သစ်တောနှင့်သစ်တောထွက်ပစ္စည်းများ ရောင်းဝယ်မှု အမြတ်ရမည်။ ငွေဝင်သလောက် ကုန်သွားမည်။ အချစ်ရေး ရှုပ်ထွေးမှု များနေမည်။ မရောက်ဖူးသေးသော အရပ်ဒေသများသို့ သွားရမည်။ ကျန်းမာရေးညံ့နေသည်။

**ယတြာ။ ။ ဆေး လှူပေးပါ။**

**ဗုဒ္ဓဟူး**



ပညာရေး၊ ကူးသန်းရောင်းဝယ်ရေး၊ စာရင်းကိုင်၊ ပွဲစား၊ ဆက်သွယ်ရေး၊ ဘဏ်လုပ်ကိုင်သူများ အဆင်ပြေမည်။ အချစ်ရေးနှင့်ပတ်သက်ပြီး အလွန်စိတ်ညစ်ရမည်။ စုပေါင်းလုပ်ငန်းအသင်းအဖွဲ့အစည်းများ အကျိုးပေးသည်။ ငွေအသင့်အတင့်ရမည်။ သားသမီးကိစ္စစိတ်အေးရမည်။ ရောဂါမျိုးစုံခံစားရတတ်သည်။

**ယတြာ။ ။ ရွက်လှ ၁၇ ညွန့် မွေးနံထောင့်တွင် လှူပေးပါ။**

**ကြာသပတေး**



လုပ်ငန်းများတိုးတက်မှုရှိသည်။ ငွေကြေးရှုပ်ထွေးမှု ဖြစ်လာနိုင်သည်။ ချစ်သူ၊ အိမ်ထောင်ဖက်၏ ကူညီထောက်ပံ့မှုများ ရမည်။ စာပေ၊ သာသနာရေးကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ အဆောက်အဦးကိစ္စမှန်သမျှ အဆင်ပြေမည်။ ဗိုက်အောင့်တတ်သည်။

**ယတြာ။ ။ မုန့်ဟင်းခါး ဒါနပြုလိုက်ပါ။**

**သောကြာ**



ငွေကြေးအဆင်ပြေမှုရှိမည်။ အကြွေးကြေပြီး အကြွေးဟောင်းများပြန်ရမည်။ စွန့်စားရသော စီးပွားရေးလုပ်ငန်းများ မလုပ်သင့်သေးပါ။ သီးခြားအိမ်၊ အလုပ်ခန်းများရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ဆွေးစရာများနှင့်ကြုံမည်။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ အားဆေး လှူပေးပါ။**

**စနေ**



အလုပ်နှစ်ခုတစ်ပြိုင်တည်းလုပ်နေရမည်။ ခက်ခဲသောကိစ္စမှန်သမျှ ဖြေရှင်းနိုင်မည်။ ချစ်သူဟောင်းများနှင့်ပြန်လည်ဆုံစည်းမည်။ ပုံမှန်ဝင်ငွေများဝင်လာမည်။ သူတစ်ပါးဘဝကို တာဝန်ယူရလိမ့်မည်။ ဖျားနာတတ်သည်။

**ယတြာ။ ။ နန်းကြီးသုပ် ဒါနပြုလိုက်ပါ။**

---

**အတွေးနှင့် ရသ**

# အသင့်စားသုံးနိုင်သည်

**မောင်မြင့်အောင်**

**ကျွန်တော်က မဂ္ဂဇင်း၊ ဂျာနယ်နှင့်သတင်းစာတချို့တွင် ဝတ္ထုနှင့်ဆောင်းပါးလေးများရေးသည်။ စာရေးသက်ကြာလာသောအခါ အပယ်ခံရသောစာမူနည်းသွားသည်။ ထို့အတူ အယ်ဒီတာအချို့နှင့် ရင်းနှီးလာသလို ရေးဖော်မိတ်ဆွေများလည်း တိုးလာသည်။ သို့သော် အပယ်ခံရသောစာမူများ ရှိနေဆဲဖြစ်၏။**

တချို့က ကဗျာရေးသည်။ တချို့က ဝတ္ထု၊ တချို့က ဆောင်းပါး၊ တချို့က အင်တာဗျူးနှင့် သတင်းရေးသည်။ (သူတို့က ဝတ္ထုမရေးပေ)။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆိုလျှင် အင်တာဗျူးနှင့် သတင်းသာရေးသည်။ သို့သော် ယခုအခါတွင် ကျွန်တော်က ရွေးပယ်ဖြင့် ဖြတ်သန်းနေရသော သာမန်ဝတ္ထုရေးသူတစ်ယောက်သာဖြစ်သော်လည်း သူက ဂျာနယ်တစ်စောင်မှာ အယ်ဒီတာ ဖြစ်နေလေသည်။

ထို့ပြင် ဝတ္ထုလေးများသာရေးသော သူငယ်ချင်းတစ်ယောက် လည်း ရှိသေးသည်။ သူ့အမည်က "ကျော်သက်ဦး" ဖြစ်သည်။ ကျွန်တော်နှင့်အပြင်မှာ မကြာခဏဆုံသလို ဂျာနယ်စာမျက်နှာပေါ်မှာလည်း ဝတ္ထုချင်း ဆုံဖြစ်သည်။

လွန်ခဲ့သောနှစ်များက စာရေးဆရာ တချို့ကွယ်လွန်သည်။ ဆရာမြသန်းတင့်၊ ဆရာကျော်အောင်၊ ကိုခင်ဝမ်း၊ မောင်ချောနွယ်၊ လှသန်းစသူတို့ဖြစ်သည်။ လောလောဆယ် နောက်ဆုံးလိုက်ပို့လိုက်သူမှာ တို့တိုင်းမှာနီ၏အရှင်သခင် 'ဆရာမကြီး ခင်ဆွေဦး' ဖြစ်သည်။

× × ×

သည်လိုနှင့် ဆရာမကြီး ကွယ်လွန်ပြီး ၁၀ ရက်လောက်အကြာတွင် သူငယ်ချင်း ကျော်သက်ဦးနှင့်ဆုံသည်။ သူက လက်ဖက်ရည်သောက်ရန်ခေါ်သဖြင့် အနီးရှိလက်ဖက်ရည်ဆိုင်လေး သို့ ရောက်ခဲ့ကြသည်။

ထို့နောက် သူက လက်ဖက်ရည် မှာသည်။ ပေါက်စီနှင့်ကော်ပြန့်လည်း မှာသည်။ ကျွန်တော်နားမလည်နိုင်အောင်ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူသည် တစ်စုံတစ်ယောက်ကို လက်ဖက်ရည်တိုက်ရန် ဝန်လေးသောကြောင့်ဖြစ်သည်။

"ဘယ်လိုလဲ ကျော်သက်ဦး အောင်ဘာလေထီတွတ်ရလို့လား"

"မဟုတ်ပါဘူးကွာ"

"ဒါဆို–မင်းဝတ္ထုနှစ်ပုဒ်၊ သုံးပုဒ်လောက် မဂ္ဂဇင်းဂျာနယ်မှာ တစ်ပြိုင်တည်း ပါလို့လား"

"နိုး–နိုး မင်းပြောတာ တစ်ခုမှ မဟုတ်ဘူး"

"ဒါဆို မင်းက ဘာကြောင့် လက်ဖက်ရည်ရော၊ ပေါက်စီပါ ဒါနပြု ရတာလဲ"

သူက ပြုံးသည်။ ပြီးမှ 'စာမူခရတာ"ဟု ဆိုကာ သတင်းစာနှစ်စောင်နှင့် ဂျာနယ်တစ်စောင်ကို ထုတ်ပြလိုက်၏။ ကျွန်တော်ချက်ချင်း ယူဖတ်လိုက်၏။ စာရေးဆရာမကြီးတစ်ယောက်၏နာရေးသတင်းကို ရေးထားသော စာမူလေးများ ဖြစ်သည်။

ထို့နောက် သူပြုံးသည်။ ကျွန်တော်လည်း စိတ်ထဲမှာ ပြုံးလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဆရာမကြီး၏နောက်ဆုံးခရီးကို ကျွန်တော်က အလုပ်မှခွင့်ယူပြီး လိုက်ပို့ခဲ့သော်လည်း သူက "မအားဘူး"ဟု အကြောင်းပြပြီး ငြင်းဆန်ခဲ့သူဖြစ်သည်။ ■

---

စာ – ၁၇ ကံ့ကော်ပန်းမှ

## ကံ့ကော်ဝတ်ဆံနှင့် အိမ်တွင်းကုထုံးဆေးနည်းလမ်းများ

– **ဂရင်ဂျီနာလိပ်ခေါင်းရောဂါဝေဒနာ** ခံစားနေရပါက ကံ့ကော်ဝတ်ဆံအခြောက် ၂–၃ ဂရမ်ကိုထောပတ်နှင့်အတူရောစပ်ပြီး သမအောင်မွှေပြီး အနှစ်ဖြစ်အောင်ပြုလုပ်ပါ။ ရရှိလာသည့်ထိုအနှစ်ကို တစ်နေ့လျှင် နှစ်ကြိမ်နှုန်းဖြင့်စအိုတစ်ဝိုက်တွင် လိမ်းပေးခြင်းဖြင့် ဝေဒနာကိုသက်သာစေနိုင်၏။ ကံ့ကော်ဝတ်ဆံအခြောက် လက်ဖက်စားဇွန်း လေးပုံတစ်ပုံကို ရေနွေးပွက်ပွက်ဆူ လက်ဖက်ရည်ပန်းကန်လုံးတစ်လုံးစာထဲထည့်ကာ ကံ့ကော်ဝတ်ဆံ ရေနွေးကြမ်းပြုလုပ်ပြီး နေ့စဉ်ပုံမှန်သောက်သုံးခြင်းကိုလည်း အတူပြုလုပ်ပေးခြင်းဖြင့် ဝေဒနာကို အမြန်ဆုံး သက်သာစေနိုင်၏။

– **မီးဖွားခြင်း (သို့မဟုတ်) ကိုယ်ဝန်ပျက်ခြင်း**နောက်ပိုင်းတွင် ကံ့ကော်ဝတ်ဆံနှင့် နာနတ်ပွင့်၏ အစေ့တို့ကို ဆတူရောစပ်ကာ အမှုန့်ဖြစ်အောင် ကြိတ်ပြီးလျှင် ယင်းကိုရေဖြင့်ကျိုချက်ပြီး ရရှိလာသည့် ပြုတ်ရည်ကို တစ်နေ့လျှင် နှစ်ကြိမ် လေးရက်ခန့် မှန်မှန်သောက်သုံးပေးခြင်းဖြင့် သားအိမ်ကို သန့်စင် စေ၏။ ကံ့ကော်ဝတ်ဆံနှင့် နာနတ်ပွင့်အစေ့မှုန့် ဆတူရောစပ်ပမာဏ ၁၀ ဂရမ်ကို ရေ လက်ဖက်ရည် ပန်းကန်လုံးနှစ်လုံးဖြင့်ရောစပ်ကာ မီးဖိုပေါ်တွင် အိုးအဖုံးဖွင့်ပြီး ၂ ခွက် ၁ ခွက်တင် ကျိုချက်ပေးပါ။ ပွက်ပွက်ဆူလာရင် အနှစ်ကိုဖယ်ပြီး အရည်ကို သောက်သုံးရမည်ဖြစ်၏။

– ကံ့ကော်စေ့မှ ထုတ်ယူရရှိသည့် ကံ့ကော်ဆီကို အုန်းဆီနှင့် ၁ အချိုး ၄ ဆစီ ရောစပ်ပြီးနောက် **မီးလောင်နာများနှင့် ရေနွေးပူလောင်နာများ**အပေါ် လိမ်းကျံပေးခြင်းဖြင့် အမာရွတ်မကျန်ဘဲ သက်သာပျောက်ကင်းစေနိုင်၏။

– ကံ့ကော်ဝတ်ဆံကို နံ့သာနီနှင့်ရောစပ်ပြီး အနှစ်ဖြစ်အောင်ကျောက်ပြင်တွင်သွေးပါ။ ရရှိလာသည့်အနှစ်ကို မျက်နှာသန့်စင်ပြီးနောက် မျက်နှာတစ်ပြင်လုံးအနှံ့လိမ်းကျံပေးပါ။ နေ့စဉ်ပုံမှန် လိမ်းကျံပေးခြင်းဖြင့် မျက်နှာအဆီပြန်ခြင်း၊ အမဲစက်များဖြစ်ပေါ်ခြင်းတို့မှ သက်သာစေပြီး နူးညံ့ချောမွတ် တောက်ပြောင်စေသည့် **မျက်နှာအလှပိုင်ရှင်ဖြစ်လာစေ**မည်ဖြစ်၏။

## မြန်မာ့ဆေးကျမ်းအရ ကံ့ကော်တစ်ပင်လုံးအသုံးပြုပုံ

မြန်မာ့ဆေးကျမ်းများအလိုအရ ကံ့ကော်သည် အစာကိုကြေစေ၏။ အရောင်အဆင်းကို ဖြစ်စေ၏။ သွေးဖောက်ပြန်ခြင်း၊ နှလုံးနာကျင်ခြင်း၊ အဆိပ်သင့်ခြင်း၊ ဆီးအိမ်နာကျင်ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်းတို့ကို ပျောက်ကင်းစေပြီး ခွန်အားကို တိုးပွားစေ၏။

– အဆိပ်ပြယ်စေနိုင်စွမ်းရှိသည့်အတွက် အဆိပ်သင့်သောရောဂါကုဆေးများတွင် ထည့်သွင်းအသုံးပြု၏။

– ကံ့ကော်ပွင့်ခြောက်များကို အစာအိမ်မကောင်းခြင်း၊ ချွေးထွက်လွန်ခြင်း၊ ချောင်းဆိုး၊ သလိပ်များခြင်း အစရှိသောရောဂါများအတွက် အသုံးပြုကြ၏။

– ကံ့ကော်ဝတ်ဆံကို အဖျားအလွန်ကြီးခြင်း၊ ဦးခေါင်းသို့ သွေးဝင်သောအနာ၊ မီးယပ်သွေးလျှံသော အနာ၊ ထိတ်လန့်ရူးသွပ်သော အနာတို့ကို ကုသသော ဆေးဖော်စပ်ရာတွင် အသုံးပြု၏။

–ကံ့ကော်ဝတ်ဆံကို သကြားခဲနှင့်အတူ ရောကြိတ်ကာ ဆီဦးနှင့်တေပြီး သုံးဆောင်ပါက ခြေပူခြေကွဲ၊ ဒူလာသွေးကျရောဂါများ ပျောက်ကင်း စေနိုင်၏။

– မီးယပ်သွေးဆေးဖော်စပ်ရာတွင်လည်း ကံ့ကော်ဝတ်ဆံကို ထည့်သွင်းအသုံးပြုကြ၏။

– အရေပြားပေါ်တွင်ပေါက်သောအပူဖုများ၊ ယားနာများကိုသနပ်ခါးနှင့်အတူသွေးလိမ်းပါက အနာများကို ပျောက်ကင်းစေနိုင်၏။

– ကံ့ကော်အမြစ်နှင့် အခေါက်ကို အားဆေး အဖြစ်အသုံးပြု၏။

– ကံ့ကော်စေ့မှထုတ်ယူရရှိသည့်အဆီကို အဆစ်အမြစ်ရောင်နာရောဂါ၊ ဝဲ၊ ယားနာရောဂါများ ပျောက်ကင်းစေရန် လိမ်းဆေးအဖြစ် အသုံးပြု၏။ အနာများ ပုပ်ညှီပါက ကံ့ကော်စေ့အဆီကို လိမ်းကျံပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

ရှေ့တစ်ပတ်ဆက်ရန်

ကျောဖုံး– အမျိုးသားအဆင့် မှ

ဆောင်ရွက်ရန်၊ ငွေကြေးသုံးစွဲမှုအပိုင်းတွင် နိုင်ငံတော်က ချမှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ချေးငွေရယူထားသည့် အဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေမှုရှိစွာ ဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းဒါရိုက်တာ ညွှန်ကြားရေးမှူး ဦးခင်ဇော်က ရေသွင်းစိုက်ပျိုးမှုဧရိယာအပါအဝင် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Irrigated Agriculture Inclusive Development Project - IAIDP) နှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ငွေတိုက်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ စီမံကိန်းဦးဆောင်ကော်မတီဝင်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ရေသွင်းစိုက်ပျိုးမှုဧရိယာအပါအဝင် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Irrigated Agriculture Inclusive Development Project - IAIDP) ဆောင်ရွက်မည့် ဆည်ရေသောက်ဧရိယာများမှာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ချောင်းမကြီးဆည်ရေသောက်စနစ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ နတ်မောက်ဆည်ရေသောက်စနစ်များ၌ စတင်ဆောင်ရွက်မည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သစ်ဆုံ၊ သင်ပုန်း၊ မိတ္ထီလာကန်နှင့်ချောင်းကောက်စသည့် ဆည်ရေသောက်စနစ်များ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရန်ပယ်၊ ကင်မွန်းတောင်၊ စွန်ချောင်းနှင့်ဆဒ္ဒန်ဆည်ရေသောက်စနစ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျီးပင်အက်ဆည်ရေသောက်စနစ်အပါအဝင် စုစုပေါင်း ဆည်ရေသောက်စနစ် ၁၁ ခုအား စီမံကိန်း Pipe Line အတွင်း ထည့်သွင်းထားရှိသည်။

အဆိုပါစီမံကိန်းအရ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့်ဥယျာဉ်ခြံထွက်သီးနှံများကို ဆန်စပါးမဟုတ်သော တန်ဖိုးကွင်းဆက်ကုန်ထုတ်လုပ်မှု အကျိုးရှိရှိဖွံ့ဖြိုးလာစေရန် ရည်မှန်းချက်ထားရှိဆောင်ရွက်သွားမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသော စိုက်ပျိုးရေပေးဝေမှု တိုးတက်လာစေရန် ရည်မှန်းချက်ထားရှိဆောင်ရွက်သွားမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသော စိုက်ပျိုးရေပေးဝေမှု တိုးတက်လာစေရန်နှင့် ဆည်ရေရရှိမှုဧရိယာများ တိုးတက်လာစေရန်၊ ရေသယံဇာတအရင်းအမြစ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရယူသုံးစွဲစီမံခန့်ခွဲခြင်း အရည်အချင်းမြှင့်တင်ရန်တို့ကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်သည်။ **MOALI ပြန်ကြားရေး**

# ကျိုင်းတုံမြို့နယ် သမဝါယမအသင်းစု (လီမိတက်) ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

**ကျိုင်းတုံ မတ် ၁၈**

**ရှမ်း** ပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် သမဝါယမအသင်းစု (လီမိတက်) ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့်အမှုဆောင်သစ်ရွေးချယ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့နယ် သမဝါယမ ဦးစီးဌာနရုံးခန်းမတွင် ကျင်းပရာ သဘာပတိအဖြစ် သမဝါယမအသင်းစု ဥက္ကဋ္ဌကဆောင်ရွက်ပြီး ရှမ်းပြည်နယ် သမဝါယမ ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုအေးနှင့် ရှမ်းပြည်နယ် တောင်ပိုင်း/အရှေ့ပိုင်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးကျော်မြခိုင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းတင်ပြကြပြီး အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်သည်။ ■

ကျောဖုံး – ISO 9901: 2015မှ

အဏုဇီဝဓာတ်ခွဲခန်း (Agricultural Microbiology Research Laboratory)၊ အပင်ရောဂါဖြစ်ကြောင်း အဏုဇီဝများ အမျိုးအစားခွဲခြားခြင်းနှင့် မွေးမြူရွေးချယ်ခြင်းဓာတ်ခွဲခန်း (Disease Identification and Microbe Isolation Laboratory)၊ စိုက်ပျိုးရေ အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်း (Irrigation Water Quality Laboratory)၊ အပင်ဇီဝအရင်းအမြစ်များ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်းဓာတ်ခွဲခန်း (Plant Genetic Resource Conservation and Utilization Laboratory)၊ အပင်ဇီဝနည်းပညာဓာတ်ခွဲခန်း (Plant Molecular Biology Laboratory)၊ ရိတ်သိမ်းချိန်လွန်နည်းပညာဓာတ်ခွဲခန်း (Seed Quality Testing Labortory-Postharvest)၊ မြေနှင့်အပင်နမူနာဓာတ်ခွဲခန်း (Soil and Plant Analysis Laboratory) နှင့် စီမံခန့်ခွဲရေးဌာနစု (Administration Section) တို့မှာ ၁၇.၇.၂၀၁၉ ရက်က UK's National Accreditation Body အသိအမှတ်ပြု ISO 9901: 2015 Quality Management System (QMS) လက်မှတ်အားရရှိခဲ့ခြင်းဖြစ်ရာ ဓာတ်ခွဲခန်းများ၏ စီမံခန့်ခွဲမှုအရည်အသွေးမြှင့်တင်လျက် သုတေသနဓာတ်ခွဲတွေ့ရှိအဖြေများအား အသုံးပြုသူများအတွက် ယုံကြည်စိတ်ချမှု အပြည့်အဝရှိသည့် သုတေသနဓာတ်ခွဲတွေ့ရှိချက် ရလဒ်ကောင်းများကို အာမခံချက်အပြည့်ဖြင့် ပြန်ကြားပေးလျက်ရှိကြောင်း သိရသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## လက်လုပ်လက်စားသူတို့စကား

# သမုဒ္ဒရာ ဝမ်းတစ်ထွာ

**အိမ်ခေတ်မှူး (ရွှေ)**

**“လူတိုင်း အတွက် အချိန်က တန်ဖိုးရှိပါတယ်။ လူတိုင်းအတွက်လည်း အချိန်က တရားမျှတမှု ရှိပါတယ်။ အချိန်ကို စီမံခန့်ခွဲမယ့်အစား မိမိဘဝကို စီမံခန့်ခွဲပါ”ဟု စာရေးဆရာကြီးတစ်ဦးက ဆိုခဲ့သည်။**



မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများစွာထိ ကိုရိုနာဗိုင်းရပ်စ်ပိုး Covid - 19 ကူးစက်ပျံ့ပွားမှုကြောင့် မိသားစုအတွက် တစ်ပတ်လျှင် တစ်ကြိမ်မျှသာ ဈေးဝယ်ထွက်ဖြစ်တော့သည်။

“စပယ်ဖူးလေးတွေ ရမယ်၊ စပယ်ဖူးလေးတွေ ရမယ်”

ညနေ ငါးနာရီခွဲပြီးသည်နှင့် ပန်းသည်လေးအသံကို ကြားရသည်မှာ ရက်သိပ်မကြာသေးပေ။ ကျွန်မ ဈေးဝယ်ထွက်သည့် ရက်တိုင်း ဘုရားပန်းကပ်လှူရန် ၂၀၀ ကျပ်ဖိုး အမြဲဝယ်နေကျ ဈေးသည်လေးဖြစ်နေသည်။ ဈေးထွက်မဝယ်ဖြစ်သည့်အတွက် စပယ်ပန်းနှစ်သက်သည့် ကျွန်မ ဝမ်းသာသွား၏။ သူ့ကိုကြည့်ရင်း စီးပွားရေးလာဘ်မြင်လိုက်တာဟု စိတ်ထဲက ချီးကျူးရင်း လှမ်းခေါ်လိုက်မိသည်။ သင်းပျံ့သည့် ပန်းရနံ့က စိတ်နှလုံးကို ကြည်လင် လန်းဆန်းစေ၏။ ပန်း ၂၀၀ ဖိုး ဝယ်ယူရင်း အခြေအနေများကို မေးလိုက်မိသည်။

အသက် ၂၅ နှစ်အရွယ်ရှိ မဖြူဖြူသည် လှိုင်သာယာမြို့နယ်အတွင်းရှိ ၁၂၇ ဂိတ်ဟောင်းမှတ်တိုင်အနီးတွင် နေထိုင်သူဖြစ်သည်။ ခင်ပွန်းဖြစ်သူက သုံးဘီးဆိုင်ကယ် အငှားမောင်း၍ ခြောက်နှစ်အရွယ် သမီးလေးရှိသည်။ ယခင်မိဘများနှင့်နေစဉ်က မိဘနှစ်ပါးမှာ ပန်းရောင်းခြင်းဖြင့် အသက်မွေးကြသော်လည်း ကိုယ်တိုင်ပန်းမရောင်းဖူးခဲ့ပေ။ ပန်းသီခြင်းဖြင့်သာ ကူခဲ့ရသည်။ ဆယ်တန်းကျသဖြင့် ဆက်မဖြေတော့ဘဲ မိဘများကို ဝိုင်းကူရင်း အိမ်ထောင်ကျခဲ့ခြင်းဖြစ်သည်ဟု ဆို၏။

“ဒါဆို ပန်းရောင်းတာ ဘယ်လောက်ကြာပြီလဲ ညီမလေး”

“လေးနှစ်ရှိပြီ အစ်မ”

“မနက်ပိုင်းရောင်းတာနဲ့ အဆင်မပြေလို့ ညနေပိုင်းပါ ရောင်းတာလား။ အမျိုးသားလည်း အလုပ်ရှိတာပဲ။ အခုလို အရေးပေါ်ကာလမှာ နားရမယ့်အချိန် နားလေ ညီမရဲ့”

သူက မချိပြုံးလေးပြုံးရင်း

“Covid - 19 ကြောင့် လူတွေ ဈေးဝယ်ထွက်တာ နည်းလာပြီလေ။ ဝယ်သူပါးတော့ ဝင်ငွေနည်းလာတယ်။ ဒါကြောင့် ညနေဘက်တွေကို ဝယ်နေကျဖောက်သည်အိမ်တွေ လိုက်ပို့တာလည်း သိပ်အဆင်မပြေချင်ဘူးအမရယ်။ အမျိုးသားကလည်း အုံနာကြေးသာသာလောက်ပဲရတော့တယ်။ မိဘနဲ့အတူနေစဉ်က အချိန်ကိုတန်ဖိုးရှိအောင် အသုံးမချခဲ့သမျှ ခုချိန်မှာ ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ရတယ်ဆိုတာ ပိုနားလည်လာတယ်။ ချမ်းသာတဲ့သူရော ကုန်းကောက်စရာမရှိအောင် ဆင်းရဲတဲ့သူပါ ၂၄ နာရီပဲ ပိုင်သလို အချိန်ကလည်း လူတိုင်းအတွက် တရားမျှတတယ်ဆိုတာလည်း ပိုသိလာတယ်”

ကျွန်မက “ဒါဘဝပေးတဲ့အသိလား၊ စာဖတ်လို့ရတဲ့အသိလား”ဟု ဖြတ်မေးမိလိုက်သည်။

“နှစ်ခုစလုံးပဲအမ။ လူတိုင်းက အရွယ်တူ ခရီးဆောင်အိတ်တစ်လုံးပဲ ပိုင်ကြတယ်။ အိတ်ထဲကို စနစ်တကျထည့်တဲ့သူက အဝတ်များများထည့်နိုင်ပြီး အဝတ်တွေကိုဖြစ်သလိုထည့်သူက နည်းနည်းပဲ ထည့်နိုင်လိမ့်မယ်လို့ အတန်းပိုင်ဆရာမ ဆုံးမစကားပြောခဲ့တာလေးက ခုချိန်မှာ သိပ်မှန်တယ်အမ။ လက်လုပ်လက်စားဘဝရောက်သွားရင် အချိန်ကိုစီမံခန့်ခွဲဖို့ထက် ကိုယ့်ဘဝကို စီမံခန့်ခွဲပြီး နေထိုင်စားသောက်တတ်အောင် ကြိုးစားရမယ်ဆိုတာ ပိုနားလည်လာတယ်။ သူများတွေလိုပဲ Lock down နဲ့နေပြီး နားချင်တာပေါ့အမရယ်။ တစ်နေ့လုပ် တစ်နေ့စားဘဝမှာ မိသားစုဝမ်းတစ်ထွာအတွက် အသက်အန္တရာယ်ကို မငဲ့နိုင်ဘဲ နေ့စဉ်အလုပ်လုပ်နေရဦးမှာပါပဲ”

သူ့စကားသံများကိုကြားတော့ သနားကရုဏာစိတ်နှင့်အတူ လူငယ်များအတွက် မှုဝေချင်စိတ်ဖြစ်မိသွားသည်။ ■



# ကျေးရွာသစ်လုပ်ရှားမှုစီမံကိန်းရန်ပုံငွေ ရမ်းဗြဲတွင် လွှဲအပ်

**ရမ်းဗြဲ ဖေဖော်ဝါရီ ၂၉**

**ကျေးရွာ** သစ်လှုပ်ရှားမှုစီမံကိန်းရန်ပုံငွေလွှဲအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင် တက်ရောက်အမှာစကားပြောကြားသည်။ (ပုံ)

အဆိုပါအခမ်းအနားသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆန်းဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းဆောင်ရွက်မည့် ခွဆုံကျေးရွာဟောင်း ကျေးရွာအုပ်စုကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက လုပ်ငန်းစီမံကိန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

**သိန်းဖေ**

# လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၀ ပြည့်နှစ်) အတွက် နည်းဥပဒေရေးဆွဲရေး (ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ရေးဆွဲပြဋ္ဌာန်းထားရှိသော မြေယာခွန်ဥပဒေဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ



ညွှန်ကြားရေးမှူးချုပ်ဦးသက်နိုင်ဦး ဆွေးနွေးတင်ပြစဉ်။

နေပြည်တော် မတ် ၂၅

**လယ်**ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၀ ပြည့်နှစ်)အတွက် နည်းဥပဒေရေးဆွဲရေး (ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ရေးဆွဲပြဋ္ဌာန်းထားရှိသော မြေယာခွန် ဥပဒေဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ် ၁၅ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၀ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် ပြင်ဆင်ပြဋ္ဌာန်းလိုက်သော ပြင်ဆင်သည့်လယ်ယာမြေဥပဒေအတွက် နည်းဥပဒေရေးဆွဲရေးဆိုင်ရာကိစ္စရပ်များနှင့် နည်းဥပဒေမပြဋ္ဌာန်းနိုင်သေးမီ ကာလအတွင်း လုပ်ငန်းများအရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အမိန့်ညွှန်ကြားချက်များအား ဥပဒေနှင့်အညီ ထုတ်ပြန်နိုင်ရေးကိစ္စရပ်များ အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ၂၀၁၉ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် (၄/၂၀၁၉)ဖြင့် ပြဋ္ဌာန်းခဲ့သော ဧရာဝတီတိုင်းဒေသကြီး၏ မြေယာခွန် ဥပဒေဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**



## အမျိုးသားအဆင့် စီမံကိန်းဦးဆောင်ကော်မတီ (NPSC) အစည်းအဝေး ကျင်းပ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် ဥယျာဉ်ခြံထွက်သီးနှံများကို တန်ဖိုးကွင်းဆက်ထုတ်ကုန် ကုန်ထုတ်လုပ်မှု အကျိုးရှိရှိ ဖွံ့ဖြိုးလာစေရန် ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၁၇

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (AFD)၊ ဥရောပသမဂ္ဂအဖွဲ့အစည်း (EU) တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသများဖြစ်သည့် မကွေး၊ ရမည်းသင်း၊ မိတ္ထီလာ၊ ရွှေဘိုစသည့် ခရိုင်လေးခုတို့ရှိ ရေသွင်း စိုက်ပျိုးနိုင်သည့်ဧရိယာ ဧက ၉၀၀၀၀ တွင် ခရိုင်အလိုက် တန်ဖိုးကွင်းဆက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ခြင်းနှင့် ခေတ်မီရေသွင်းစနစ်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို စီမံကိန်းကာလ ခုနစ်နှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့် အမျိုးသားအဆင့်စီမံကိန်းဦးဆောင်ကော်မတီ (NPSC) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ရုံးအမှတ် ၁၅ ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်၊ မကွေးတိုင်းဒေသကြီး စိုက်/မွေး/ဆည်ဝန်ကြီး ဦးဝင်းမော်ဌေး၊ အမြဲတမ်း အတွင်းဝန် ဦးကျော်မင်းဦး၊ ငွေတိုက်ဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ စီမံကိန်းဦးဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးလှကျော်(ပုံ)က အဖွင့်အမှာစကားပြောကြားရာ၌ ရေသွင်းစိုက်ပျိုးမှုဧရိယာ အပါအဝင် လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းများ စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီမှုရှိစေရန်၊ အချိန်နှင့်တပြေးညီ ပြီးစီးအောင်

စာ ၁ - ၁၉ သို့

## ISO 9001: 2015 QMS လက်မှတ်ရ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဓာတ်ခွဲခန်းများနှင့် စီမံခန့်ခွဲမှု ပထမအကြိမ် ကြီးကြပ်စစ်ဆေးခြင်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရေဆင်း မတ် ၂၃

**စိုက်**ပျိုးရေးသုတေသနဦးစီးဌာန သုတေသနဌာနစုအသီးသီး၏ ဓာတ်ခွဲခန်း ခုနစ်ခုနှင့် စီမံခန့်ခွဲရေးဌာနစုတို့သည် UK's National Accreditation Body က ပေးအပ်သော ISO 9001:2015 Quality Management System (QMS) လက်မှတ်ရရှိပြီးဖြစ်ရာ အဆိုပါအသိအမှတ်ပြု လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ပထမအကြိမ် ကြီးကြပ်စစ်ဆေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ နဝရတ်ခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဌာနစုတာဝန်ခံများ၊ သုတေသနပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ Bureau Veritas Ltd.Myanmar မှ Load Assessor ဦးစိုးလွင်နှင့် External Auditor ဒေါ်သူဇာမွန်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ISO 9001:2015 QMS အသိအမှတ်ပြုလက်မှတ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် သက်ဆိုင်ရာဌာနအသီးသီးမှ သုတေသနပညာရှင်များအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းနှင့် ISO 9001:2015 (QMS) လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ ဆက်လက်ကြိုးစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။ ခြင်း၊ ဆောင်ရွက်လျက်ရှိသည့် စီမံခန့်ခွဲမှုအားလုံးကို သတ်မှတ်ထားသည့် စီမံခန့်ခွဲမှုစံချိန်စံညွှန်းကိုက်ညီမှုရှိ၊ မရှိ၊ ဌာနတွင်း စစ်ဆေးဆောင်ရွက်ထားခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Load Assessor ဦးစိုးလွင်က ISO 9001:2015 QMS လက်မှတ်ရ ဓာတ်ခွဲခန်းများနှင့် စီမံခန့်ခွဲမှုများအား ပထမအကြိမ် ကြီးကြပ်စစ်ဆေးရာတွင် အသေးစိတ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းတင်းလင်ပြသည်။

ISO 9001:2015 QMS လက်မှတ်ရ ဓာတ်ခွဲခန်းနှင့် စီမံခန့်ခွဲမှုများ External Auditor ဒေါ်သူဇာမွန်က စီမံခန့်ခွဲမှုနှင့်



ဆက်လက်၍ ညွှန်ကြားရေးမှူး ဒေါက်တာစုစုဝင်းက မြေဆီလွှာသုတေသနဓာတ်ခွဲခန်းသည် ISO 9001:2015 QMS လက်မှတ်ရရှိပြီးဖြစ်၍ နိုင်ငံတကာနှင့်ချိတ်ဆက်ကာ စီမံကိန်းများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ISO 9001:2015 QMS လက်မှတ်ရဓာတ်ခွဲခန်းများအား ပထမအကြိမ် ကြီးကြပ်စစ်ဆေးရုံးလုပ်ငန်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်လံစစ်ဆေးမည်ဖြစ်ပြီး Lead Assessor ဦးစိုးလွင်က ဌာနစုအသီးသီးရှိ ISO 9001:2015 QMS လက်မှတ်ရဓာတ်ခွဲခန်းခုနစ်ခုကို လိုက်လံစစ်ဆေးမည်ဟု သိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဓာတ်ခွဲခန်း ခုနစ်ခုဖြစ်သည့် စိုက်ပျိုးရေး

စာ ၁ - ၁၉ သို့